# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး
# (၁၅)ရက်မြောက်နေ့မှတ်တမ်း

၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၇ ရက်

( ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက် )

[ တနင်္လာနေ့ ]

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးသိန်းမော်၊ ညွှန်ကြားရေးမှူး လွှတ်တော်ရုံး က ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၂။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

ဥက္ကဋ္ဌ။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီ ရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၀)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၅)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၈၈.၆၄)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့ အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်။ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ယနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးစခုန်တိန့်ယိန်း၊ ကချင်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဝင်းမောင်၊ မန္တလေး(၂)၊ မြစ်ကြီးနားတက္ကသိုလ်ရွှေရတုပွဲ။ ဦးအောင်ဝင်း၊ တနင်္သာရီ(၄)၊ ဆေးရုံတက်။ ဦးဝီလ်ဆင်မိုး၊ ရှမ်း(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဆားရယ်၊ ကယား(၆)၊ ကျန်းမာရေး။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ကျန်းမာရေး။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ ကျန်းမာရေး။ ဦးမန်းကံညွန့်၊ ကရင်(၂)၊ ကျန်းမာရေး။ ဦးဝင်းတင့်၊ စစ်ကိုင်း(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ပြည်တွင်းငြိမ်းချမ်းရေး။ ဦးတင်ရှိန်၊ တနင်္သာရီ(၆)၊ ကျန်းမာရေး။ ဒေါက်တာဌေးဝင်း၊ ဧရာဝတီ(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဗိုလ်မှူးကြီးအောင်ကျော်၊ တပ်မတော်၊ အရေးကြီးတာဝန်။ ဗိုလ်မှူးဇော်ခင်ထွဋ်၊ တပ်မတော်၊ ကျန်းမာရေး။ ဦးရှုမောင်၊ ရှမ်း(၈)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ဆေးစစ်ခံ တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၀)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၉)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ်ကို ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ်ကာလ၌ ရပ်ကွက်/ ကျေးရွာ ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့ဖူးသူများကို သင့်တော်သော ခံစားခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် က နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ်ကာလ၌ ရပ်ကွက်/ ကျေးရွာ ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့ဖူးသူများကို သင့်တော်သော ခံစားခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနဲ့ ဧည့်သည်တော်ကြီးများကို အားလုံးမင်္ဂလာပါလို့ နှုတ်ဆက်ရင်း ကျွန်တော် မေးခွန်း မေးပါမယ်။ ကျွန်တော့်ရဲ့မေးခွန်းကတော့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ်ကာလ၌ ရပ်ကွက်/ကျေးရွာ ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့ဖူးသူများကို သင့်တော်သော ခံစားခွင့် တစ်စုံတစ်ရာ နိုင်ငံတော်မှ ချီးမြှင့်ပေးရန် အစီအစဉ်ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မေးမြန်းတဲ့မေးခွန်းဟာ ဝေးလံခေါင်းပါးတဲ့ ဒေသများကို အခြေခံပြီးတော့ ကျွန်တော်မေးမှာဖြစ်သော်လည်းပဲ တစ်တိုင်းပြည်လုံး၊ တစ်နိုင်ငံလုံးနဲ့ သက်ဆိုင်တဲ့ ကိစ္စဖြစ်တဲ့အတွက် ဒါကျွန်တော့်မေးခွန်းကို တစ်တိုင်းပြည်လုံးအနေနဲ့ မေးမြန်းခြင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကလည်း ကျွန်တော်တို့ ဒေသအခြေခံ ကိုယ်တိုင်ကိုယ်ကျခံစားရတဲ့၊ တွေ့ကြုံရတဲ့ အခက်အခဲရှိတဲ့သူတွေနဲ့ ဒီတင်ပြချက်အပေါ်မူတည်ပြီး ကျွန်တော်ကိုယ်တိုင် တခြားဒေသမှာရှိတဲ့ ကချင်၊ ကယား၊ ရှမ်း စသည့်၊ ရခိုင်ပြည်နယ် စသည့်လွှတ်တော် ကိုယ်စားလှယ်များကိုလည်း မေးမြန်းပြီး မေးသင့်တဲ့ မေးခွန်းဖြစ်တယ်လို့ ထောက်ခံတင်ပြပါသဖြင့် ကျွန်တော်လည်း မေးမြန်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကာလမှာ တစ်နှစ်ခွဲ၊ နှစ်နှစ်လောက်တာဝန်ထမ်းဆောင်ခဲ့ဖူးသူများမှာ ဒီအငြိမ်းစားလစာခံစားခွင့် ရရှိကြတယ်လို့လည်း သိရှိရပါတယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ခေတ်ကာလတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော ရပ်ကွက်/ကျေးရွာ ဥက္ကဋ္ဌများသည် လစာခံစားခွင့် မရှိကြသည့်အပြင် မည်သည့်အခွင့်အရေးကိုမျှမရရှိခဲ့ကြပါ။ အထူးသဖြင့် ဆင်းရဲ နွမ်းပါးသော နယ်စွန်နယ်ဖျား တောင်တန်းဒေသများတွင် နိုင်ငံတာဝန်ထမ်းဆောင်ခဲ့ကြသော ရပ်ကွက်/ကျေးရွာ ဥက္ကဋ္ဌများသည် နယ်မြေအေးချမ်းသာယာရေးအတွက် နေ့ရောညပါ ကိုယ်ကျိုးစွန့်ပြီး ကိုယ်ဖိရင်ဖိ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့သူများ ဖြစ်ပါသည်။ လစာခံစားခွင့် မရှိ၍ နိုင်ငံရေးပင်စင်ခံစားခွင့် မရနိုင်စရာ အကြောင်းရှိပါသည်။

သို့သော် သူတို့ တာဝန်ထမ်းဆောင်ခဲ့သော ကာလသည် နယ်မြေအေးချမ်း သာယာမှု မရှိသေးသဖြင့် ရ.ဝ.တ၊ ရ.ယ.ဖ ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့ရန် ယောကျ်ားများက ကြောက်ရွံ့၍ ထွက်ပြေး တိမ်းရှောင်ကြသဖြင့် အချို့ဒေသများ၌ မိန်းမများက ဥက္ကဋ္ဌတာဝန်ယူရသော ဒေသများလည်းရှိပါသည်။ အချို့သောဥက္ကဋ္ဌများသည် တာဝန်ထမ်းဆောင်စဉ်ကာလ အကြောင်း အမျိုးမျိုးကြောင့် အသက်ဆုံးရှုံးရခြင်း၊ ထောင်ကျခြင်း၊ အပြစ်ဒဏ်အမျိုးမျိုးခံစားရခြင်းများလည်း ရှိပါတယ်။ သူတို့သည်လစာမရသည့်အပြင် ဧည့်ခံကျွေးမွေးခြင်း၊ နိုင်ငံတော်အုပ်ချုပ်ရေးယန္တယား လည်ပတ်မှုအတွက် ကြားမှာ ပင်ပန်းစွာ ဆောင်ရွက်ပေးရတဲ့ လုပ်ငန်းများကိုလည်း ဆောင်ရွက်ရခြင်း ဖြစ်တဲ့အတွက် နိုင်ငံတော်မှ ခံစားချက်တစ်စုံတစ်ရာ စီစဉ်ပေးသင့်တယ်လို့ ယူဆပြီးမေးမြန်းရခြင်း ဖြစ်

ပါတယ်။ အောက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ သို့ပါ၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ကာလနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ် ကာလ၌ ရပ်ကွက်/ ကျေးရွာများတွင် ဥက္ကဋ္ဌတာဝန် ထမ်းဆောင်ခဲ့ဖူးသူများကို နိုင်ငံတော်မှ ထိုက်သင့်သော ခံစားခွင့်တစ်ခုခု စဉ်းစားပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၁။**

**ဦးစိုးမောင် (ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၂)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန -၂၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ဖြစ်ပါတယ်။

လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွတ်လပ်ရေးမရမီ ၁၉၄၆ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက်နေ့မှာ ဖွဲ့စည်းခဲ့တဲ့ အစိုးရအဖွဲ့မှစပြီးတော့ နိုင်ငံရေးတာဝန်ကြီးများကို ထမ်းဆောင်ပြီးတာဝန်မှ အနားယူသည့် ပြည်သူ့ကိုယ်စားလှယ်များနဲ့ အခြား ချီးမြှင့်ထိုက်တဲ့ ပုဂ္ဂိုလ်များကို အသက်(၆၀)နှစ်ပြည့်သည်နဲ့ နိုင်ငံရေးပင်စင် ချီးမြှင့်ထိုက်သည့်အလျောက် ၁၉၈၀ ပြည့်နှစ်မှာ နိုင်ငံရေးပင်စင်ဥပဒေကို ပြဋ္ဌာန်းပြီး ဥပဒေနဲ့ အကျုံးဝင်သူများကို စနစ်တကျ စိစစ်ပြီး နိုင်ငံရေးပင်စင်များ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နဲ့ နိုင်ငံတော်အေးချမ်းသာယာရေးနဲ့ ဖွံ့ဖြိုးရေးကောင်စီလက်ထက်များမှာ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ ရပ်ကွက်/ကျေးရွာ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နဲ့ ရပ်ကွက်/ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများအတွက် နိုင်ငံရေးပင်စင်ခံစားခွင့် ဥပဒေပြဋ္ဌာန်းထားခြင်း မရှိသေးပါ၍ ဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦးက မေးမြန်းတဲ့ မေးခွန်းများသည် သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ရေနံချောင်းမြို့တွင် မြို့နယ်အဆင့်နှင့် လျော်ညီသော မြို့နယ်ခန်းမတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်း သည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း က ရေနံချောင်းမြို့တွင် မြို့နယ်အဆင့်နှင့် လျော်ညီသော မြို့နယ်ခန်းမတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်ထောင်စု ဒုတိယဝန်ကြီးများ အားလုံးမင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော် ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့တွင် မြို့နယ်ခန်းမ လုံးဝမရှိပါသဖြင့် မြို့နယ် အဆင့်နှင့် လျော်ညီသော မြို့နယ်ခန်းမ တည်ဆောက်ပေးပါရန်ကိစ္စ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ရေနံချောင်းမြို့နယ်တွင် မြို့ပေါ်ရပ်ကွက် (၁၄)ရပ်ကွက်၊ ကျေးရွာအုပ်စု(၂၄)အုပ်စုရှိပြီး မြို့ပေါ်ရပ်ကွက်(၁၄)ရပ်ကွက်တွင် အိမ်ခြေပေါင်း (၉၂၂၂)အိမ်၊ အိမ်ထောင်စု(၉၉၇၈)စု၊ လူဦးရေ(၄၉၆၇၈)ဦး မှီတင်းနေထိုင်လျက်ရှိရာ ကျေးရွာအုပ်စု (၂၉)အုပ်စုတွင် အိမ်ခြေပေါင်း(၂၀၂၆၂)အိမ်၊ အိမ်ထောင်စု(၂၁၃၆၉)စု၊ လူဦးရေ(၁၀၂၇၄၈)ဦး အသီးသီး မှီတင်းနေထိုင်လျက်ရှိပါတယ်။ သို့ရာတွင် ရေနံချောင်းမြို့နယ်မှာ ခေတ်အဆက်ဆက်၊ အစိုးရ အသီးသီး ပြောင်းလဲအုပ်ချုပ်ကြသော်လည်း ယနေ့အချိန်အထိ မြို့နယ်အဆင့်နှင့် လျော်ညီသော မြို့နယ်ခန်းမ မရှိဖြစ်နေပါတယ်။ ဒီလို မြို့နယ်ခန်းမ လုံးဝမရှိသည့်အတွက် နိုင်ငံတော် အကြီးအကဲ များနဲ့ ဒေသဆိုင်ရာ အာဏာပိုင် အကြီးအကဲများအနေဖြင့် ရေနံချောင်းမြို့သို့ ရောက်ရှိလာပါက ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံလမ်းညွှန်မှာကြားခြင်းများ ပြုလုပ်နိုင်ရန်အတွက် အခက်အခဲများ ရှိနေပါတယ်။ အခုအခါ ရေနံချောင်းမြို့အနေဖြင့် အုပ်ချုပ်ရေးအာဏာပိုင် အဖွဲ့အစည်းများ၊ ဌာန ဆိုင်ရာများ၊ ပါတီအဖွဲ့အစည်းများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီများ၊ မြို့မိမြို့ဖများ၊ မြို့နယ်ပြည်သူလူထုအားလုံးဟာ တက်ညီလက်ညီ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် လက်တွဲပူးပေါင်းကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက် လျက်ရှိပါတယ်။

ရေနံချောင်းမြို့နယ်ရှိ ဌာနဆိုင်ရာများ၊ NGO အဖွဲ့အစည်းများနှင့် မြို့နယ်လုံးကျွတ် အစည်းအဝေးများ၊ အခမ်းအနားများ ပြုလုပ်ဆောင်ရွက်နိုင်ရန် ယခင်က မြို့နယ်ခန်းမ တည်ဆောက် ပေးခဲ့ခြင်း မရှိသည့်အတွက် အခက်အခဲများနှင့် တွေ့ဆုံရင်ဆိုင်နေကြရပါတယ်။ ရေနံချောင်းမြို့နယ် အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြု ကော်မတီများနှင့် မြို့မိမြို့ဖတို့မှလည်း ရေနံချောင်းမြို့၏ အချက်အချာကျသည့် ရန်ကုန်-မန္တလေး ကားလမ်းဘေးရှိ ဗိုလ်ချုပ်ပန်းခြံ၏တောင်ဘက် အလျားပေ(၁၃၈)ပေ၊ အနံ(၁၃၁)ပေရှိ မြေကွက်လပ်

ပေါ်တွင် အလျားပေ(၁၂၀)၊ အနံပေ(၆၀)ရှိ မြို့နယ်ခန်းမတစ်ခု တည်ဆောက်နိုင်ရေးအတွက် သင့်တော်သည့် မြေနေရာကို အားလုံးသဘောတူ ရွေးချယ်ညှိနှိုင်းပြီးလည်း ဖြစ်ပါတယ်။ လျာထား မြေနေရာကိုလည်း ပုံကြမ်းနှင့်တကွ တင်ပြထားပါတယ်။ မြို့နယ်ခန်းမ တည်ဆောက်ရန်အတွက် ခန့်မှန်းကုန်ကျငွေ သိန်း(၁၈၀၀)ခန့် ကုန်ကျမည်ဟုလည်း ခန့်မှန်းထားပါတယ်။

အဆိုပါ ခန့်မှန်းကုန်ကျငွေအနက် မြို့နယ်ရှိ စေတနာရှင် အလှူရှင်များမှ ခန့်မှန်း ကုန်ကျငွေ၏ (၃၀)ရာခိုင်နှုန်းအား ထည့်ဝင်လှူဒါန်း ပါဝင်ဆောက်လုပ်ပေးသွားမည် ဖြစ်ပါသဖြင့် ကုန်ကျငွေ၏ ကျန်ရှိသော (၇၀)ရာခိုင်နှုန်းနှင့် ညီမျှသည့် ကျပ်သိန်း(၁၂၆၀)ကျပ်ဖြင့် မြို့နယ်ခန်းမ ဖြစ်မြောက်ရေးအတွက် မတည် ဆောက်လုပ်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။ ရေနံချောင်းမြို့နယ်၏ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအသီးသီးတို့တွင် တိုးတက်မြင့်မားစေရေးအတွက် ညှိနှိုင်းဆွေးနွေးဆောင်ရွက်နိုင်ရန်၊ မြို့နယ်လုံးကျွတ်အစည်းအဝေး အခမ်းအနားများ ဆောင်ရွက် နိုင်ရန်အတွက် မြို့နယ်ခန်းမတစ်ခု မဖြစ်မနေ လိုအပ်လျက်ရှိနေပါသဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် မတည် ဆောက်လုပ်ပေးနိုင်ပါရန် တင်ပြတောင်းခံအပ်ပါတယ်။

သို့ပါ၍ ရေနံချောင်းမြို့တွင် အမှန်တကယ် လိုအပ်လျက်ရှိသော မြို့နယ်ခန်းမတစ်ခု တည်ဆောက်ပေးနိုင်ပါရန်နှင့် မည်သည့်အချိန်တွင် စတင်ဆောက်လုပ်ပေးနိုင်မည်၊ မည်သည့် အချိန်တွင် ပြီးစီးအောင် ဆောင်ရွက်ပေးနိုင်မည်၊ မည်ကဲ့သို့ စီမံဆောင်ရွက်ပေးနိုင်မည်တို့ကို သိရှိလိုပါသဖြင့် ရေနံချောင်းမြို့နယ် ပြည်သူများကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ် တောင်ပိုင်း၏ ခရိုင်မြို့ဖြစ်သော မင်းတပ်မြို့ပေါ်ရှိ မြို့တွင်းလမ်းသွယ်(၄)ခု စုစုပေါင်း အရှည် (၂)မိုင် (၂)ဖာလုံကို မြို့အင်္ဂါရပ်နှင့်အညီ ကတ္တရာခင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးဟာရှိန်းဘွေ က ချင်းပြည်နယ် တောင်ပိုင်း၏ ခရိုင်မြို့ဖြစ်သော မင်းတပ်မြို့ပေါ်ရှိ မြို့တွင်းလမ်းသွယ်(၄)ခု စုစုပေါင်းအရှည်(၂)မိုင် (၂)ဖာလုံကို မြို့အင်္ဂါရပ်နှင့်အညီ ကတ္တရာခင်းပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးဟာရှိန်းဘွေ၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)**။ ။ လေးစားအပ်တဲ့ အမျိုးသား လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ရှေးဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ ဖြစ်ပါတယ်။ ကျွန်တော် မေးမယ့် ကြယ်ပွင့်ပြမေးခွန်းကတော့ ချင်းပြည်နယ် တောင်ပိုင်းရဲ့ ခရိုင်မြို့ဖြစ်တဲ့ မင်းတပ်မြို့ပေါ်ရှိ မြို့တွင်းလမ်းသွယ်(၄)ခု စုစုပေါင်းအရှည်မိုင် (၂)မိုင် (၂)ဖာလုံကို မြို့အင်္ဂါရပ်နှင့်အညီ ကတ္တရာခင်း

ပေးနိုင်ပါရန် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပံ့ပိုးကူညီအကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ချင်းပြည်နယ် တောင်ပိုင်းရှိ မင်းတပ်မြို့ဟာ ခရိုင်မြို့ တစ်မြို့ဖြစ်ပြီး ချင်းပြည်နယ်တောင်ပိုင်းရဲ့ အကြီးဆုံးမြို့လည်း ဖြစ်ပါတယ်။ ဒါကြောင့် မြို့အင်္ဂါရပ်နှင့် အညီ မြို့ရဲ့ရေရရှိရေး၊ မီးရရှိရေး၊ မြို့တွင်းလမ်းများ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက် ရှိရာ မြို့ပေါ်(၄)ရပ်ကွက်တွင် အနောက်ရပ်ကွက်ရှိ သခင်အောင်မင်းလမ်းသွယ် စည်ပင်သာယာမှ ပေ(၃၅၀) ကတ္တရာခင်းပြီး ခင်းရန်ကျန် အရှည်ပေ(၂၃၆၀)ပေနဲ့ (၂) ဦးလိန်းထန်းကီးလမ်းသွယ် (၂၆၄၀)ပေတို့ ဖြစ်ပါတယ်။ ဘဝသစ်ရပ်ကွက်မှာဆိုရင် ကျွန်တော်တို့ ဦးဝမ္မသူးဟာရှိမ်းလမ်းသွယ် အရှည်(၁၉၈၀)ပေနဲ့ (၄)အရှေ့ပြင်ရပ်ကွက်ရှိ ဦးဂျေနိန်လိန်းလမ်းသွယ် အရှည်(၃၉၆၀)ပေတို့ ဖြစ်ပါတယ်။

လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်တွင် ဖော်ပြခဲ့တဲ့ မြို့တွင်းလမ်းသွယ်(၄)ခုရဲ့ အရှည်ပေစုစုပေါင်းဟာ မိုင်အားဖြင့် (၂)မိုင် (၂)ဖာလုံသာသာပဲရှိပါတယ်။ မြို့တွင်းလမ်းသွယ်(၃) ခုဟာ မြို့လယ်ခေါင်ကို ဖြတ်သွားတဲ့ မင်းတပ်-မတူပီ ပြည်ထောင်စုလမ်းမကြီးရဲ့ မြောက်ဘက်ရှိ မြို့ပတ်လမ်း ကတ္တရာနဲ့ ဆက်သွယ်တဲ့ လမ်းများဖြစ်ပြီး မိုးတွင်းမှာ သွားလာရေး အထူးခက်ခဲသလို ရေပြွန်များမရှိ၍ မြေသားလမ်းများ မိုးရေတိုက်စားခြင်းကြောင့် နှစ်စဉ်လမ်းသားများ ပျက်စီးလျက် ရှိပါတယ်။ ကျန်တစ်လမ်းဖြစ်တဲ့ အရှေ့ပြင်ရပ်ကွက်ရှိ ဦးဂျေနိန်လိန်းလမ်းဟာ မြို့ရဲ့တောင်ဘက်ကို ပတ်သွားပြီး မူလမင်းတပ်-မတူပီ ပြည်ထောင်စုလမ်းမကြီးကို ပြန်လည်ပြန်ဆုံလာပါတယ်။ ဒီလမ်းသွယ် (၄)ခုရဲ့ အရှည်ဟာ(၂)မိုင် (၂)ဖာလုံကို ကတ္တရာခင်းခြင်းနဲ့ ပူးတွဲပါ ပုံနဲ့တကွ ဖော်ပြထားတဲ့ ရေပြွန် များကိုပါ တစ်ပါတည်း တည်ဆောက်သွားပါက မြို့တွင်းလမ်းသွယ် အားလုံး ကတ္တရာခင်းပြီးဖြစ်မှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ မြို့နယ်စည်ပင်သာယာမှ တာဝန်ရှိပုဂ္ဂိုလ်များနဲ့ ကွင်းဆင်း၍ စနစ်တကျတိုင်းထွာပြီး လမ်း၊ ရေပြွန်များကို ပုံနဲ့တကွ ပူးတွဲတင်ပြထားပါတယ်။ မြို့တွင်း(၄)ရပ်ကွက်ရဲ့ လမ်းပြမြေပုံ၊ တွက်ချက်တိုင်းတာမှု အချက်အလက် အပြည့်အစုံနဲ့ တင်ပြထားတာဖြစ်ပါတယ်။ ဒါကြောင့်အမှန်တကယ် မြို့အင်္ဂါရပ်နဲ့အညီ လိုအပ်နေတဲ့ မြို့တွင်းလမ်းသွယ်(၄)ခုဖြစ်တဲ့ (၁) အနောက်ရပ်ကွက်က သခင်အောင်မင်းလမ်းသွယ်၊ ဦးလိန်းထန်းကီး လမ်းသွယ်၊ ဘဝသစ်ရပ်ကွက်က ဦးဝမ္မသူးဟာရှိမ်းလမ်းသွယ်၊ အရှေ့ပြင်ရပ်ကွက်က ဦးဂျေနိန်လိန်း လမ်းသွယ်(၄)ခု စုစုပေါင်းအရှည်(၂)မိုင် (၂)ဖာလုံကို သက်ဆိုင်ရာ ဝန်ကြီးဌာနမှ ကူညီဆောင်ရွက် အကောင်အထည်ဖော်ပေးပါရန် အစီအစဉ် ရှိ/မရှိ မေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မင်းတပ်မြို့နေ ပြည်သူများကိုယ်စား လေးစားစွာဖြင့် မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး သမ္မတရုံးဝန်ကြီးဌာန(၁)၊ ဒုတိယ ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၂၁။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၁)။** ။ လွှတ်တော်ဥက္ကဌကြီးနှင့် တကွ လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါ စေကြောင်း ဆုတောင်းမေတ္တာ ပို့အပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ သမ္မတရုံးဝန်ကြီးဌာန(၁)မှ ဒုတိယဝန်ကြီး ဦးသန့်ရှင်း ဖြစ်ပြီး မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဖြေကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း မေးမြန်းသည့် မေးခွန်းနဲ့ပတ်သက်၍ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြား ချက်မှာ ရေနံချောင်းမြို့နယ် ဒေသဖွံ့ဖြိုးရေးညှိနှိုင်းဆွေးနွေးပွဲအား ၁၃-၆-၂၀၁၃ ရက်နေ့တွင် မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးအောင်ငြိမ်း၊ တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနဲ့ ဌာနဆိုင်ရာများ၊ မြို့နယ်အုပ်ချုပ်ရေး အထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြ ပါတယ်။

တင်ပြပါ အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း မှ ရေနံချောင်းမြို့တွင် ခန်းမတစ်ခု ဆောက်လုပ်ရန်လိုအပ်သဖြင့် ခန့်မှန်းကုန်ကျစရိတ်အား မြို့နယ်စေတနာရှင် အလှူရှင် များမှ (၃၀)ရာခိုင်နှုန်း လှူဒါန်းရန်နှင့် နိုင်ငံတော်မှ (၇၀)ရာခိုင်နှုန်းရရှိရေး တင်ပြတောင်းခံသွားမည် ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါတယ်။ ခန်းမတည်ဆောက်ရန် မြေနေရာအတွက် ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းခြံအတွင်း အလျား(၁၃၈)ပေ၊ အနံ(၁၃၁)ပေရှိ မြေကွက်လပ်တွင် တည်ဆောက်ရန် အားလုံးသဘောတူ ရွေးချယ်ညှိနှိုင်းခဲ့ပါတယ်။

ဆက်လက်၍ မြေပြင်ကွင်းဆင်းကြည့်ရှုတိုင်းတာခဲ့ပြီး တင်ပြပါ ပန်းခြံမြေနေရာလွတ်တွင် (၁၂၀)ပေ (၆၀)ပေ မြို့နယ်ခန်းမ တည်ဆောက်ရန်အတွက် ရေနံချောင်းမြို့နယ် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း မြို့နယ်အင်ဂျင်နီယာမှ ပုံထုတ်ခန့်မှန်းခြေ စာရင်းရေးဆွဲခဲ့ပြီး စုစုပေါင်း ခန့်မှန်းကုန်ကျငွေ ကျပ်သိန်း(၁၈၀၀)ခန့် ကုန်ကျမည်ဖြစ်ကြောင်း သိရှိရပါတယ်။ ရေနံချောင်းမြို့နယ် စည်ပင်သာယာရေး အဖွဲ့အနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဝင်ငွေလျာထားချက်မှာ ကျပ်သိန်း(၂၉၄၅) ဖြစ်ပြီး၊ ငွေလုံးငွေရင်းအသုံးစရိတ်မှာ ကျပ်သိန်း(၅၅၃.၅၄) ဖြစ်ပါတယ်။

တင်ပြပါ ငွေလုံးငွေရင်းအသုံးစရိတ်များဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် မြို့နယ် အုပ်ချုပ်ရေး အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများ၏ ညှိနှိုင်း ဆွေးနွေး သဘောတူညီချက်များဖြင့် တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၊ တိုင်းဒေသကြီးအစိုးရ အဖွဲ့သို့ အဆင့်ဆင့်တင်ပြခဲ့ပြီး အတည်ပြုခွင့်ပြုချက်ဖြင့် မြို့ပြ၊ ကျေးလက်၊ လမ်းတံတား၊ ရေပေးရေး လုပ်ငန်း(၁၆)ခုအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသဖြင့် မြို့နယ်ခန်းမ တည်ဆောက်ရေး

အတွက် ရန်ပုံငွေထည့်သွင်း လျာထားနိုင်ခြင်းမရှိဘဲ သီးခြားရန်ပုံငွေရရှိမှသာ တည်ဆောက်နိုင်မည် ဖြစ်ပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်တင်ပြ ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဟာရှိန်းဘွေ မေးမြန်းသည့် ချင်းပြည်နယ် တောင်ပိုင်းခရိုင်မြို့ဖြစ်သော မင်းတပ်မြို့ပေါ်ရှိ မြို့တွင်း လမ်းသွယ်(၄)ခု စုစုပေါင်းအရှည် (၂)မိုင် (၂)ဖာလုံကို မြို့အင်္ဂါရပ်နှင့်အညီ ကတ္တရာခင်းပေးနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနမှ ကူညီဆောင်ရွက် အကောင်အထည်ဖော်ပေးနိုင်ပါရန် စပ်လျဉ်းတဲ့ မေးခွန်းနဲ့ ပတ်သက်၍ သက်ဆိုင်ရာ ဝန်ကြီးဌာန ဖြေကြားချက်မှာ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းသည့် မြို့တွင်းလမ်းသွယ်(၄)ခု၊ စုစုပေါင်းအရှည် (၂)မိုင် (၂)ဖာလုံမှာ မြို့တွင်းလမ်းများ ဖြစ်ပါသဖြင့် နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်ပေးသော လမ်းများ မဟုတ်ဘဲ ချင်းပြည်နယ်အစိုးရအဖွဲ့၏ အစီအမံဖြင့် ဆောင်ရွက်ပေးသည့် လမ်းများဖြစ်ပါကြောင်း။

ချင်းပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်မှာ မင်းတပ်မြို့သည် အကျယ်အဝန်း(၂.၃၇) စတုရန်းမိုင်၊ ရပ်ကွက်(၄)ခု၊ အိမ်ခြေ(၁၅၄၃)အိမ်၊ လူဦးရေ(၁၈၄၃၄)ဦးရှိပြီး မြို့နယ်စည်ပင်မှ တာဝန်ယူထိန်းသိမ်းသော လမ်းအရှည် (၅)မိုင် (၇)ဖာလုံ ရှိပါသည်။ ကတ္တရာလမ်းအရှည် (၁)မိုင်၊ ကျောက်လမ်းအရှည် (၄)ဖာလုံ၊ မြေသားလမ်းအရှည် (၄)မိုင် (၃)ဖာလုံ ရှိပါသည်။ အဆိုပါ ကျောက်လမ်း အရှည်(၄)ဖာလုံအား ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအားလည်းကောင်း၊ မြေသားလမ်း(၄)မိုင် (၃)ဖာလုံအား ကျောက်ချောလမ်းအဖြစ် ဆောင်ရွက်ခြင်း၊ ကျောက်ချောလမ်းမှ ကတ္တရာလမ်းအဖြစ်သို့ အဆင့်ဆင့် အဆင့်မြှင့်တင် ဆောင်ရွက်သွားနိုင်ရန် အတွက်လည်းကောင်း ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့တွင် အဖွဲ့ရန်ပုံငွေ လုံလောက်မှု မရှိပါသဖြင့် လက်ရှိတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်း လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြန်လည်တင်ပြ ဖြေကြား အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်(၂)ဦး မေးမြန်းတဲ့ မေးခွန်း တွေဟာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**နိုင်ငံတစ်ဝန်းရှိ သစ်ပုံဆိပ်များတွင် ရောင်းတမ်းမဝင်သော သစ်လုံးတန်ချိန်မည်မျှရှိသည်၊ ရောင်းတမ်း မဝင်မှန်း သိပါလျက် ခုတ်ယူ ခွင့်ပြုခဲ့သော သစ်တောအရာရှိများအား မည်သို့ အရေးယူမည်၊ ခုတ်လှဲ စုပုံခဲ့သော သစ်ကုမ္ပဏီများအား မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ က နိုင်ငံတစ်ဝန်းရှိ သစ်ပုံဆိပ်များတွင် ရောင်းတမ်းမဝင်သော သစ်လုံးတန်ချိန် မည်မျှရှိသည်၊ ရောင်းတမ်း

မဝင်မှန်းသိပါလျက် ခုတ်ယူ ခွင့်ပြုခဲ့သော သစ်တောအရာရှိများအား မည်သို့ အရေးယူမည်၊ ခုတ်လှဲ စုပုံခဲ့သော သစ်ကုမ္ပဏီများအား မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၊ ကျက်သရေ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံတော်မူကြပါစေလို့ ဦးစွာပထမ နှုတ်ခွန်း ဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြလိုတဲ့ မေးခွန်းကတော့ နိုင်ငံတစ်ဝန်းရှိ သစ်ထုတ် လုပ်သော ဒေသများမှာရှိတဲ့ သစ်ပုံဆိပ်များမှာ ရောင်းတမ်းမဝင်တော့ဘဲ ပယ်ထားတဲ့ သယ်ယူခြင်း လည်းမရှိတဲ့ သစ်လုံးတန်ချိန် မည်မျှရှိပါသလဲ။ (ခ) ထိုကဲ့သို့ ရောင်းတမ်းမဝင်တဲ့ လိမ်ကောက်နေတဲ့ အခေါင်းပါတဲ့၊ အက်ကွဲနေတဲ့ သစ်တွေကို ရောင်းတမ်းမဝင်မှန်းသိပါလျက်နဲ့ ခုတ်ယူခွင့်ပြုခဲ့သော ပင်ထောင် ရိုက်ပေးခဲ့သော သစ်တောအရာရှိများကို နောင်မှာ ဒီလိုမျိုးမလုပ်အောင် မည်သို့ အရေးယူမည်လဲ။ (ဂ) ထိုကဲ့သို့ ရောင်းတမ်းမဝင်မှန်းသိပါလျက်နဲ့ ခုတ်လှဲ စုပုံခဲ့သော သစ်ကုမ္ပဏီ များကို နောင်မှာ ဒီလိုမျိုးတွေ မခုတ်အောင် ဘယ်လိုအရေးယူမလဲဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒါ တစ်နိုင်ငံလုံးမှာတော့ အများကြီးရှိလိမ့်မယ်လို့ ထင်ပါတယ်။ ကျွန်တော်တို့ ဂန့်ဂေါမှာတော့ အဲဒီလိုမျိုး အခေါင်းပါတဲ့သစ်တွေ၊ အက်ကွဲနေတဲ့ သစ်တွေ၊ လိမ်ကောက်နေတဲ့သစ်တွေ ဒါတွေဟာ မသယ်တော့ပါဘူး။ ဒီလိုမျိုး သစ်ပုံဆိပ်တွေ ကျွန်တော်တို့ နေရာမှာ အများကြီးရှိပါတယ်။ အများကြီးရှိတဲ့အတွက်ကြောင့်မို့လို့ ဒီဟာတွေဟာ ထင်းဈေးနဲ့ သယ်မယ်ဆိုရင်လည်း သယ်ယူပို့ဆောင်ခစရိတ်က အင်မတန်ကြီးမြင့်တဲ့အတွက် ဒါ ဘယ်သူမှ မသယ်ဘဲနဲ့ ဒီအတိုင်းပဲ ဆွေးမြေ့ပျက်စီးရတော့မယ့် အနေအထား ဖြစ်ပါတယ်။ အဲဒီတော့ ဒါကို ကျွန်တော်တို့ သစ်တောက ပင်ထောင်ရိုက်ပြီးမှ အပင်ဆိုတာ ခုတ်ရတာဖြစ်ပါတယ်။

အဲဒီတော့ ဒီဟာ လိမ်နေတယ်၊ အခေါင်းပါတယ်၊ အက်ကွဲနေတယ်၊ ဒါဟာ ရောင်းတမ်း မဝင်ဘူးဆိုရင် ပင်တောင်ရိုက်ပေးဖို့ မသင့်ဘူးလို့ ကျွန်တော် ထင်ပါတယ်။ အဲဒီတော့ ဒါတွေကို ဒီအကွက်က ခုတ်လိုက်ကွာ ဆိုပြီးတော့၊ ဒီလိုမြေပုံပေါ်မှာ ဒီလိုမျိုးပဲ China Graph နဲ့ ဝိုင်းပေး လိုက်ပြီးတော့ သစ်ကုမ္ပဏီကလည်း OK, OK ခုတ်ပါ့မယ်ဆိုပြီး၊ သစ်ကုမ္ပဏီပိုင်ရှင်ကလည်း ဒီ ပိုက်ဆံရဖို့အတွက် သူ သစ်တောကနေ ပိုက်ဆံရဖို့တို့၊ သဘော်တင်ဖို့ သူ ရန်ကုန်မှာ နေတာများ တယ် ပိုင်ရှင်တွေက။ သူက တပည့်တွေနဲ့၊ မန်နေဂျာတွေနဲ့၊ သစ်ခုတ်လုပ်သားတွေနဲ့ သွားခုတ်တော့ သူတို့ကလည်း တန်ချိန်ပြည့်အောင်ဆိုပြီးတော့ တွေ့ကရာကို ခုတ်ပြီးတော့ လာပုံကြတဲ့အခါကျတော့ တကယ်တမ်းဟာ ပတ်ဝန်းကျင်ပျက်စီးပြီးတော့ ကျန်ခဲ့တာကလွဲလို့ နိုင်ငံတော်လည်း ပိုက်ဆံမရ၊ ခုနက ပြောသလို သဘာဝပတ်ဝန်းကျင် ပျက်စီးတာကလွဲပြီးတော့ ဘယ်လိုမှ အကျိုးမရှိတဲ့ အနေအထား ကျွန်တော့်အနေနဲ့ တွေ့ပါတယ်။ ဒါတွေဟာ တန်ချိန်ပေါင်း မြောက်များစွာ ရှိနေပါတယ်။ ဆိုတော့ ကျွန်တော်တို့ ရှေ့ဆက်ပြီးတော့ ဘယ်လိုမျိုး ဒါကိုထိန်းသိမ်းမလဲ၊ မခုတ်သင့်တဲ့ဟာကို မခုတ်အောင်၊

ခုတ်သင့်တဲ့ ဟာကို ခုတ်၊ နိုင်ငံခြားကိုရောင်း၊ နိုင်ငံတော်လည်း ဝင်ငွေရမယ်၊ အခုဟာက အခေါင်းတွေပါတယ်၊ အက်ကွဲနေတယ်၊ လိမ်ကောက်နေတယ် ဒါဟာ ဘယ်လိုမှ ရောင်းတမ်း မဝင်ဘူး။

အဲဒီတော့ ထင်းစျေးနဲ့ သယ်မယ်ဆိုရင်လည်း ဂန့်ဂေါ်ကို ဘယ်သူမှ လာမသယ်ဘူး။ ဒါဆိုရင် ပုံတောင်ပုံညာထိပ် ခုဆိုရင် ပြောင်နေပြီပေါ့လေ၊ ဘာမှ မကျန်တော့ဘူး။ မကျန်တော့တဲ့ အနေအထားမှာ ကျွန်တော်တို့က ဒီလိုမျိုး အလိမ်အကောက်တောင်၊ အခေါင်းပါတဲ့ဟာတောင် မချန်တော့တဲ့အနေအထားဖြစ်တဲ့အတွက်ကြောင့် ဒီလိုအနေအထား ဖြစ်သွားပါပြီ။ ဒါ ကျွန်တော်တို့ လက်ရှိ ပုံတောင် ပုံညာရဲ့ အနေအထားပါ။ အဲဒီတော့ ဆိုလိုတာကတော့ ကျွန်တော့်အနေနဲ့ကတော့ အမှန်တကယ်သုံးမယ်ဆိုရင်တော့ ပင်တောင်ရိုက်ပေးပါ။ ထဲထဲဝင်ဝင် အောက်ဆင်းပါ၊ ကွင်းဆင်း ပင်တောင်ရိုက်။ ရိုက်ပြီးလို့ရှိရင် ဒီအပင်ကို ခုတ်သင့်တယ်၊ ဒီအပင်ကိုတော့ မခုတ်ပါနဲ့၊ ခုတ်တဲ့ သူကရော၊ ပင်ထောင်ရိုက်တဲ့ သစ်တောအရာရှိကရော၊ ခုတ်တဲ့ ကုမ္ပဏီကိုရော ကြပ်မတ်ဖို့သင့် တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆတဲ့အတွက်ကြောင့် ဒီမေးခွန်းကို တင်ပြရခြင်းဖြစ်ပါတယ်။ ကျေးဇူး တင်ပါတယ်ခင်ဗျား။

**ဗွေပါး (Bawi Pa) တောင် ဘေးမဲ့တောအား အမျိုးသားသဘာဝဥယျာဉ် (National Park) အဖြစ် သတ်မှတ်ပေးရန် နှင့် ဗွေပါး (Bawi Pa) သစ်တောကြီးအတွင်းရှိ တောတိရစ္ဆာန် ကျေးငှက်များအား နှစ်စဉ် အမဲလိုက်ပစ်သတ်ခြင်း၊ သစ်ခွပန်းလိုချင်၍ စည်းကမ်းမဲ့ အပင်ခုတ်လှဲခြင်းတို့ မရှိအောင် မည်သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၃၀။**

**ဥက္ကဋ္ဌ**။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးပေါလ်ထန်ထိုင်း က ဗွေပါးတောင် ဘေးမဲ့တောအား အမျိုးသားသဘာဝဥယျာဉ်အဖြစ် သတ်မှတ်ပေးရန်နှင့် ဗွေပါး သစ်တောကြီး အတွင်းရှိ တောတိရစ္ဆာန် ကျေးငှက်များအား နှစ်စဉ် အမဲလိုက်ပစ်သတ်ခြင်း၊ သစ်ခွပန်း လိုချင်၍ စည်းကမ်းမဲ့ အပင် ခုတ်လှဲခြင်းတို့ မရှိအောင် မည်သို့ ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၀။**

**ဦးပေါလ်ထန်ထိုင်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်တဲ့ လွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုဝန်ကြီးနဲ့ ဒုတိယဝန်ကြီးများ အားလုံးကို မင်္ဂလာပါလို့ လေးစားစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ထန်တလန်မြို့နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဟားခါးမြို့နယ်နဲ့ ထန်တလန်မြို့နယ်အကြား နယ်နိမိတ်အဖြစ် အသုံးပြုတဲ့ အရှေ့မှအနောက်သို့ အရှည်မိုင်(၃၀)ခန့်၊ အကျယ်(၁၂)မိုင်ခန့်ရှိတဲ့ ဗွေပါး (Bawi Pa) တောင် သစ်တောအကြောင်းကို ကျွန်တော် တင်ပြသွားမှာ ဖြစ်ပါတယ်။ ၎င်း သစ်တောကြီးဟာ တောင်ပေါ် အမြဲစိမ်းသဘာဝသစ်တောကြီးဖြစ်တဲ့အတိုင်း သစ်ခွပန်းအမျိုးမျိုးနဲ့

အခြားတောပန်းပင်များ၊ တောသစ်သီးဝလံများအပြင် တောတိရစ္ဆာန်များနဲ့ ကျေးငှက်များလည်း ပေါများပါသဖြင့် ဤသစ်တောကြီးကို သဘာဝတောတိရစ္ဆာန်ဥယျာဉ်ကြီးလို့ ခေါ်ဆိုနိုင်ပါတယ်။

အဲဒီ တောတိရစ္ဆာန်ဥယျာဉ်ကြီး အနီးအနားမှာရှိနေတဲ့ ကျေးရွာအချို့သည် စုပေါင်း အမဲလိုက်ခြင်း၊ တောခြောက်ခြင်းအားဖြင့် တစ်နေ့တစ်နေ့မှာ တိရစ္ဆာန်အကောင် (၅)ကောင်မှ အကောင်(၂၀)အထိ ပစ်သတ်နေသည်ကို ဝမ်းနည်းစရာ ကောင်းပါတယ်။ ရာသီဥတုသာယာသော နွေရာသီအချိန်မှာ အပျော်တမ်းတောင်တက်သမားများ၊ သစ်တော လေ့လာသူများ၊ အမဲလိုက်သူများ တောင်ထိပ်သို့ သွားရောက်ပြီး အချို့လည်း အပန်းဖြေပုံစံနဲ့ တစ်ည၊ နှစ်ည တောင်ပေါ်မှာ အိပ်ကြ ပါသည်။ တစ်တောင်လုံးကို သစ်တောကြီးဖြင့် ဖုံးလွှမ်းနေသော်လည်း အချို့နေရာများမှာ ပိုမို မြင့်မားသော ရှုခင်းသာ တောင်ထိပ်များရှိပါတယ်။ အမြင့်ဆုံးတောင်ထိပ်ကတော့ ပေ(၈၀၀၀)ကျော် ဖြစ်ပါတယ်။ အဲဒီတောင်ကို ကျွန်တော်တို့ ချင်းစကားနဲ့ ချင်းလူနဲ့ ဇို-ဗိုင်းမြင်တောင် လို့ ခေါ် ပါတယ်။ အဲဒီတောင်ထိပ်ကနေ ကျွန်တော်တို့ မြန်မာပြည် မြေပြန့်ဒေသကျေးရွာအချို့နဲ့ အိန္ဒိယပြည် ကျေးရွာအချို့ကိုလည်း မြင်နိုင်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် အခုတင်ပြနေတဲ့ ဒီသစ်တောနဲ့ ပတ်သက်ပြီးတော့ ဥက္ကဋ္ဌကြီး မှတစ်ဆင့် ဒါ ပြောချင်တာ အရေးကြီးတဲ့ အချက်တစ်ခုရှိပါတယ်။ ဒါကတော့ အနီးပတ်ဝန်းကျင် မှာရှိတဲ့ ကျေးရွာတချို့က ရွာချင်းဆက်သွယ်တဲ့ မော်တော်ကားလမ်း ဖောက်လုပ်ချင်ကြတယ်။ အဲဒီ သစ်တောကြီးထဲမှာ အဲဒီတောင်ပေါ် ဒီသစ်တောကြီးကို ဖြတ်သန်းပြီးတော့ ရွာချင်းဆက်ကားလမ်း ဖောက်လုပ်ခြင်းကတော့ ခွင့်မပြုသင့်ပါဘူးလို့ ကျွန်တော် ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် အဲဒီမှာ မော်တော်ကားလမ်းရှိတယ်ဆိုရင် အဲဒီ သစ်တောကြီးဟာ (၁၀)နှစ်လောက်ပဲ ခံနိုင်မယ်။ (၁၀)နှစ်မှာတော့ အဲဒီ သစ်တောကြီးက ပြောင်သွားမှာ ဖြစ်ပါတယ်။

ဘာဖြစ်လို့လဲဆိုရင် အဲဒီသစ်တောထဲမှာ ကျွန်တော်တို့ သစ်မာ ကျွန်းသစ်တို့၊ ပျဉ်းကတိုးတို့ မရှိသော်လည်းပဲ ဒီသစ်တောကြီးထဲကနေ အိမ်ဆောက်ဖို့ သစ်ခုတ်နိုင်တယ်။ ပြီးတော့ ကျွန်တော်တို့ ချင်းတွေကတော့ မြို့ပေါ်မှာလည်း ထင်းပဲသုံးတယ်။ အဲဒါကြောင့် အဲဒီတောင်ပေါ်မှာရှိတဲ့ ထင်းတွေ ကို ခုတ်ပြီးတော့မှာ မြို့ပေါ်လာရောင်းကြတာ ဖြစ်ပါတယ်။ အဲဒါကြောင့် ဒီသစ်တောပတ်ဝန်းကျင် မှာရှိတဲ့ ကျေးရွာများက ရွာချင်းဆက်ဖွံ့ဖြိုးရေးကားလမ်းများ ဖောက်မယ်ဆိုရင်လည်းပဲ ခွင့်မပြု သင့်ဘူးလို့ ကျွန်တော် ပြောချင်ပါတယ်။

နောက် ဒီ နိုင်ငံတော်အစိုးရက ဒီ သစ်တောကြီးကို စနစ်တကျ ကာကွယ်စောင့်ရှောက် ပေးပါက ၎င်းပတ်ဝန်းကျင်ရှိ ကျေးရွာများ၏ သစ်တော၊ မြစ်ချောင်းရေ၊ ရာသီဥတုနဲ့ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှု ကောင်းမွန်လာပြီး တောတိရစ္ဆာန် ကျေးငှက်များလည်း လုံခြုံမှုရှိလာမည် ဖြစ်ပါသဖြင့် အေးချမ်းစွာ မျိုးပွားတိုးတက်များပြားလာမည် ဖြစ်ပါသည်။ ထို့ကြောင့် သစ်တော၊ တိရစ္ဆာန်ကျေးငှက်များ လုံခြုံမှုရှိစေရန်နဲ့ ပတ်သက်ပြီးတော့ ကျွန်တော် မေးချင်တဲ့ မေးခွန်းကတော့ နံပါတ်(၁)မှာ ဗွေပါးတောင် သစ်တောကို နိုင်ငံတော်အစိုးရက ဘေးမဲ့တော အမျိုးသားသဘာဝ ဥယျာဉ် (National Park) အဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိလိုပါတယ်။ မေးခွန်း(၂) ကတော့ ဗွေပါးသစ်တောကြီးအတွင်းရှိ တောတိရစ္ဆာန်ကျေးငှက်များ နှစ်စဉ် အမဲလိုက် သတ်ဖြတ်ခြင်း၊

သစ်ခွပန်းလိုချင်၍ စည်းကမ်းမဲ့ အပင်များ ခုတ်လှဲခြင်းတို့ မရှိအောင် အစိုးရက မည်ကဲ့သို့ ဆောင်ရွက်ပေးမည်ကို သိလိုကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ**။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၃၆။**

**ဦးဝင်းထွန်း (ပြည်ထောင်စုဝန်ကြီး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ ဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသား လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာကျက်သရေအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ မေးခွန်းကို ဖြေကြား သွားမှာ ဖြစ်ပါတယ်။ မေးခွန်းထဲမှာပါရှိတဲ့ နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ သစ်ပုံဆိပ်များမှာ ရောင်းတမ်း မဝင်သော သစ်လုံးတန်ချိန် မည်မျှရှိသည်၊ ရောင်းတမ်းမဝင်မှန်းသိပါလျက် ခုတ်ယူခွင့်ပြုခဲ့သော သစ်တောအရာရှိများအား မည်ကဲ့သို့ အရေးယူမည်၊ ခုတ်လှဲစုပုံခဲ့သော သစ်ကုမ္ပဏီများအား မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ကို သိလိုတဲ့ ကြယ်ပွင့်ပြမေးခွန်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ သဘာဝသစ်တောများကို မြန်မာ့ရွေးချယ်ခြင်းစနစ်ဖြင့် စီမံအုပ်ချုပ်လျက် ရှိပါတယ်။ ၎င်းစနစ်အရ သစ်ခုတ်လှဲထုတ်လုပ်ခြင်းနဲ့အတူ သစ်တောပြုစုပျိုးထောင်ခြင်း လုပ်ငန်းကို လည်းပဲ ယှဉ်တွဲပြီးတော့ ဆောင်ရွက်ရပါတယ်။ ထိုကဲ့သို ဆောင်ရွက်သောနေရာမှာ ခုတ်လှဲရန်ကာလ (ခုတ်ပတ်)ကို နှစ်(၃၀)သတ်မှတ်ပြီးတော့ ခုတ်လှဲရန်အလှည့်ကျတဲ့သစ်ကွက်အတွင်းမှ ရောင်းတမ်းဝင် အဖြစ် သတ်မှတ်ထားတဲ့ ရင်စို့လုံးပတ်အရွယ်အစားရှိတဲ့ ကျွန်းနဲ့သစ်မာပင်များကို ပင်ထောင် ရိုက်မှတ်ရပါတယ်။ သတ်မှတ်ရင်စို့လုံးပတ် မပြည့်မီသေးတဲ့ အပင်များကိုတော့ဖြင့် အနာဂတ် တောထွက်ချန်ပင်များအဖြစ် ထားရှိခဲ့ရပါတယ်။

ဒီချန်ပင်စာရင်းများကို အခြေခံပြီးတော့မှ နောင် နှစ်စဉ် ထုတ်လုပ်နိုင်မယ့် တောထွက် ပမာဏများကို တွက်ချက်သတ်မှတ်ရခြင်းပဲ ဖြစ်ပါတယ်။ သစ်ကွက်အတွင်းမှာရှိတဲ့ ပင်ထောင်ရိုက် မှတ်ပြီးသော သစ်ပင်များကို ခုတ်လှဲထုတ်ယူသောနေရာမှာ သတ်မှတ်ထားတဲ့ လုံးပတ်မပြည့်မီသော် လည်းပဲ ကျွန်တော်တို့ရဲ့ ဝန်ကြီးဌာနသုံးနှုန်းတဲ့ ဝေါဟာရများအရဆိုရင် အော်လဲနတ်သတ်ပင်များ၊ ညောင်ပတ်၊ အောက်ခြေမီးလောင်၊ ဝံကိုက်၊ ဒိုးယိုစတဲ့ ပုံပန်းသဏ္ဍာန်အားဖြင့် ချို့ယွင်းနေတဲ့ သစ်ပင်များ၊ ဒဏ်ရာနဲ့ ရောဂါရှိပြီးတော့ ဆက်လက်ရှင်သန်ကြီးထွားမှုမရှိတဲ့ သစ်ပင်များ၊ အဖိုးတန်သစ်များရဲ့ ရှင်သန်ကြီးထွားမှုကို အနှောက်အယှက်ဖြစ်စေတဲ့ တန်ဖိုးနည်းသစ်မျိုးများကိုပါ ခုတ်လှဲခြင်း၊ ပင်ကျပ် ပင်ညှပ်များကို ခုတ်လှဲရှင်းလင်းခြင်း၊ နွယ်ဖြတ်ခြင်းနဲ့ ညောင်ပတ်ပင်များကို ရှင်းလင်းခြင်း၊ ဖယ်ရှား ခြင်းတို့ကိုလည်းပဲ သစ်တောပြုစုထိန်းသိမ်းရေး ရှုထောင့်ကနေပြီးတော့ ရေရှည် ဒီသစ်တောက

တန်ဖိုးမြင့်မားလာစေဖို့အတွက်ကို အဖိုးတန်သစ်များ ပေါက်ရောက်မှု၊ ရှင်သန်ကောင်းမွန်မှုအတွက်ကို တစ်ဆက်တည်း ဆောင်ရွက်ရပါတယ်။

သစ်များ ခုတ်လှဲထုတ်ယူရာတွင် ငုတ်ရင်းမှ သစ်ဆိပ်ထိသယ်ဆောင်ရန် သစ်တိုက်ကားလမ်းများရဲ့ အခြေအနေ၊ သယ်ဆောင်မယ့် ယာဉ်ယန္တရားစတဲ့ အခြေအနေများအပေါ်မှာ မူတည်ပြီးတော့ သစ်လုံးများကို ဖြတ်ပိုင်းပေးပြီးမှသာ ကျွန်တော်တို့ သယ်ဆောင်ရပါတယ်။ သစ်ပင်များရဲ့ သဘောသဘာဝအရ အရင်းပိုင်းတွင်ကြီးပြီးတော့၊ အဖျားပိုင်း ရှူးသွားတဲ့အတွက်ကြောင့်မို့ အပင်ရဲ့ အရင်းပိုင်းပါသော သစ်လုံးများရဲ့ လုံးပတ်အရွယ်အစားမှာ ကြီးပြီးတော့၊ အဖျားပိုင်းပါသော သစ်လုံးများရဲ့ လုံးပတ်အရွယ်အစားမှာ သေးငယ်တဲ့သဘော ရှိပါတယ်။ သစ်ထုတ်လုပ်သောနေရာမှာ သစ်ပင်တစ်ပင်လုံးကို အသုံးချနိုင်ရေးမူဖြင့် တောတွင်း သစ်လေ သစ်လွင့် နည်းပါးစေရေးအတွက် ခုတ်လှဲထုတ်လုပ်သည့် သစ်တန်ပမာဏ၏ (၁၀)ရာခိုင်နှုန်းအထိ ကိုင်းဖျားကိုင်းနားများကို မဖြစ်မနေ ထုတ်လုပ်စေခဲ့ပါတယ်။

မြန်မာ့ရွေးချယ်ခြင်းစနစ်ရဲ့ အနှစ်သာရမှာ စီးပွားရေးအရအရေးပါသော သစ်မျိုးများ၏ သဘာဝမျိုးဆက်ခြင်းနဲ့ ရှင်သန်ကြီးထွားခြင်းကို အထူးအလေးထား ဆောင်ရွက်ရသည့်အပြင် တောတောင်ရေမြေ သဘာဝကိုထိန်းရန်နဲ့ အရင်းကိုမထိခိုက်ဘဲ အတိုးအပွားကိုသာလျှင် နှစ်စဉ် ထုတ်ယူသုံးစွဲခြင်းပဲ ဖြစ်ပါတယ်။ မြန်မာ့သစ်လုပ်ငန်း သစ်ဆိပ်များ၊ သစ်ပုံဆိပ်များကို သယ်ယူရောက်ရှိလာတဲ့ သစ်လုံးတွေရဲ့ အခြေအနေကို တင်ပြရမယ်ဆိုရင် အထက်မှာ တင်ပြခဲ့သလို သစ်ကွက်များအတွင်းမှ ရောင်းတမ်းဝင် လုံးပတ်အတန်းအစား ပြည့်မီတဲ့ သစ်ပင်များကို ပင်ထောင်ရိုက်မှတ်ခုတ်လှဲ ပိုင်းဖြတ်ထုတ်လုပ် သယ်ယူလာတဲ့ ကျွန်းနဲ့ သစ်မာသစ်လုံးများကို တွေ့နိုင်သလို အဲဒီ ခုတ်လှဲခဲ့တဲ့ အပင်တွေက ထွက်ရှိလာတဲ့ ကိုင်းဖျားကိုင်းနား၊ အပိုင်းအဖြတ် သစ်တိုသစ်စများလည်း တွေ့နိုင်မှာ ဖြစ်ပါတယ်။

ထို့အပြင် တောနိမ့် တောပျက်တွေမှာ သစ်တောစိုက်ခင်း တည်ထောင်ခြင်း၊ နှစ်ရှည်သီးနှံပင်များဖြစ်တဲ့ ရော်ဘာ၊ ဆီအုန်း အစရှိသည့် စိုက်ပျိုးဖို့ ရည်ရွယ်ချက်နဲ့ မြေနေရာများကို ပြုပြင်ရှင်းလင်း ဆောင်ရွက်ခြင်းနှင့် သစ်တောနယ်မြေ မဟုတ်တဲ့ အစိုးရစီမံခန့်ခွဲတဲ့ နယ်မြေများအတွင်းမှာ စိုက်ပျိုးမြေဧရိယာ ဖော်ထုတ်အပြောင်ရှင်းခြင်းတို့မှ ထွက်ရှိလာတဲ့ လုံးပတ်မမီ၊ ပေတို၊ သစ်မျိုးစုံ၊ အရွယ်အစားမျိုးစုံနဲ့ ဖြတ်ပိုင်းသစ်များ ကိုင်းဖျားကိုင်းနားများကိုလည်း တွေ့ရမှာ ဖြစ်ပါတယ်။ ဆည်တမံကြီးများ တည်ဆောက်တဲ့အခါမှာ ဆည်ရေသန့်ရှင်းကောင်းမွန်စေဖို့အတွက် ရေဝပ်ဧရိယာအတွင်းမှာရှိတဲ့ သစ်တောသစ်ပင်များ အားလုံးကို ကျွန်တော်တို့ အပြောင်ရှင်းထုတ်လုပ်ပေးရတဲ့အတွက် ထွက်ရှိလာတဲ့ သစ်မျိုးနဲ့ အရွယ်အစားမျိုးစုံ ပါရှိတဲ့ သစ်လုံး၊ သစ်တိုင်၊ မျော၊ ကိုင်းဖျား ကိုင်းနားများကိုလည်း တွေ့ရှိနိုင်မှာ ဖြစ်ပါတယ်။ သစ်ထုတ်လုပ်ပြီး သစ်ကွက်များအတွင်းမှာ ကျန်ရှိခဲ့တဲ့ သစ်လေသစ်လွင့်များကိုလည်း သီးခြားထုတ်လုပ်ခြင်းလုပ်ငန်းမှာ ကျွန်တော်တို့ အလိမ်၊ အကောက်၊ အခေါင်း၊ အက်ကွဲရာပါ သစ်များကိုလည်း တွေ့နိုင်မှာဖြစ်ပါတယ်။ အထူးသဖြင့် ဖမ်းဆီးရမိတဲ့ တရားမဝင် ခုတ်တိုက်ထားတဲ့ သစ်လုံးနဲ့သစ်ခွဲသား အရွယ်အစားများဟာ များသောအားဖြင့် ပုံပန်းသဏ္ဍာန်အားဖြင့် မမှန်ဘဲနဲ့ ဒါးရွှေ့တုံး၊ ပုံသဏ္ဍာန် မမှန်တဲ့ သစ်များ ဖြစ်ကြပါတယ်။ သစ်ဆိပ်တွေရဲ့ တည်နေရာဟာ လမ်းပန်းဆက်သွယ်ရေး အခြေအနေအရ ရထားဘူတာ၊

မြစ်ကြောင်း၊ ကားလမ်းအနီးတစ်ဝိုက်မှာဖြစ်တဲ့အတွက် သာမန်အားဖြင့်ကြည့်မယ်ဆိုရင် ဒီသစ်ပုံကြီးတွေက အမြဲတမ်း မပြောင်းလဲဘဲနဲ့ တည်ရှိနေသကဲ့သို့ ဖြစ်ပါတယ်။ အမှန်တကယ်ကတော့ တောတွင်းမှ ထွက်လာတဲ့ သစ်များ သစ်ဆိပ်ကို သယ်ဆောင်ရောက်ရှိလာကြသလို ထိုရောက်ရှိပြီးသား သစ်လုံးများကို အတန်းအစား ခွဲထုတ် လပ်ပုံများ ပြုစုပြီးတော့ ပြည်ပဈေးကွက် ပြည်တွင်းသုံးနဲ့ စက်မှုကုန်ကြမ်းသုံး အတန်းအစား အလိုက် ဈေးနှုန်းများ သတ်မှတ်လပ်ပုံများ ခွဲခြားပြီးတော့ တင်ဒါစနစ်များနဲ့ ကျွန်တော်တို့ ရောင်းချခြင်းကို ပြုလုပ်ပါတယ်။ သစ်လုံးသစ်ခွဲသားများဟာ အတန်းအစားပေါ်မှာ မူတည်ပြီးတော့ ပြည်ပ တင်ပို့ခြင်း၊ စက်မှုကုန်ကြမ်းအဖြစ် အသုံးပြုခြင်း၊ ပြည်တွင်း၌သုံးစွဲခြင်း စသည်ဖြင့် သူ့အတန်းအစားနဲ့သူ သုံးကြသည်သာ ဖြစ်ပါတယ်။ ရောင်းတန်းမဝင်သော သစ်လုံးသစ်ခွဲသား အတန်းအစားဟူ၍ မရှိပါကြောင်း တင်ပြအပ်ပါတယ်။ ရောင်းချပြီးတဲ့ သစ်လုံးတွေကို ပြည်ပတင်ပို့ရန် သယ်ဆောင်ခြင်း၊ သစ်စက်နဲ့ သစ်အချောထည် စက်ရုံများကို သယ်ဆောင်ခြင်း စသဖြင့် အဝင်အထွက်များ အမြဲတမ်း ရှိနေကြောင်း တင်ပြအပ် ပါတယ်။

သစ်ဆိပ်များမှာ တည်ရှိတဲ့ သစ်လုံးများရဲ့ အဝင်အထွက် စာရင်းဇယားများကို စနစ်တကျ မှတ်တမ်းများ ထားရှိပြီးတော့ ပျောက်ပျက်လေလွင့် ဆုံးရှုံးမှု မရှိပါကြောင်းနဲ့ ရောင်းချပြီး ရရှိသည့် ငွေကြေးများသည်လည်း တစ်ကျပ်တစ်ပြားမျှ ဆုံးရှုံးနစ်နာမှု မရှိပါကြောင်း တင်ပြအပ်ပါတယ်။ အထက်တွင် တင်ပြခဲ့သည့်အတိုင်း အပြစ်အနာအဆာရှိသော်လည်း သစ်တော ပြုစုထိန်းသိမ်းစောင့်ရှောက်မှု ရှုထောင့်မှ လိုအပ်ချက်အရ ခုတ်လှဲထုတ်ယူခြင်းမှအပ တရားမဝင် ခုတ်လှဲထုတ်ယူခြင်းများ စစ်ဆေးတွေ့ရှိရပါက ခုတ်လှဲခွင့်ပြုသည့် သစ်တောအရာရှိနှင့် ခုတ်လှဲထုတ်ယူသော ကုမ္ပဏီတို့အား အရေးယူ ဆောင်ရွက်လျက်ရှိပါတယ်။ သာဓကတစ်ခုအနေနဲ့ တင်ပြရမယ်ဆိုရင် ချင်းပြည်နယ်အတွင်း သစ်ထုတ်ပြီး သစ်ကွက်များအတွင်းမှ ကျွန်း၊ သစ်လေသစ်လွင့်များ ထုတ်လုပ်ရာတွင် သတ်မှတ်ထားသည့် သစ်လေသစ်လွင့်များသာမက ကျွန်းပင်များကိုပါ ခုတ်လှဲထုတ်ယူခဲ့သည့်အတွက် ထုတ်လုပ်သူ လုပ်ငန်းရှင်နှင့် ပါဝင်ပတ်သက်သူများ အားလုံးကို ပြည်သူပိုင်ပစ္စည်းကာကွယ် စောင့်ရှောက်ရေး အက်ဥပဒေ ပုဒ်မ ၆(၁)အရ တရားစွဲ အရေးယူခဲ့ပြီးတော့ တာဝန်ရှိသည့် ဝန်ထမ်းများ အားလုံးကိုလည်းပဲ အလုပ်မှ ထုတ်ပယ်သည့်အထိ အရေးယူဆောင်ရွက်ခဲ့ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနဲ့ သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့ ထာဝစဥ်တည်တံ့စေတဲ့ သစ်တော စီမံအုပ်ချုပ်မှုစနစ်ဖြင့် သစ်တောသယံဇာတများကို ထုတ်ယူသုံးစွဲခြင်းနှင့် ပြုစုထိန်းသိမ်းခြင်းကို ဟန်ချက်ညီညီ ဆောင်ရွက်လျက်ရှိရာ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် ကျွန်းသစ်(၂၆၉၅၁၆) တန် ထုတ်လုပ်ခဲ့ပြီးတော့ ယခုနှစ် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာတော့ ကျွန်းသစ်(၁၈၆၆၅၀)တန် အထိ ကျွန်တော်တို့ လျှော့ချပြီးတော့ ထုတ်လုပ်သွားမှာ ဖြစ်ပါတယ်။

အလားတူပဲ ယခင်နှစ်ဖြစ်တဲ့ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ သစ်မာ(၁၃၅၅၂၂၇)တန် ကျွန်တော်တို့ ထုတ်လုပ်ခဲ့ပြီးတော့ အခုလက်ရှိ ဘဏ္ဍာနှစ်ဖြစ်တဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာတော့ ဖြင့် သစ်မာ(၇၈၇၆၀၀)တန်သာလျှင် ကျွန်တော်တို့ လျှော့ချထုတ်လုပ်ဖို့ စီမံထားရှိပါကြောင်း တင်ပြအပ်ပါတယ်။ ထို့အပြင် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့က စပြီးတော့ ပြည်ပကို သစ်အလုံးလိုက် တင်ပို့ရောင်းချခြင်းကို ရပ်ဆိုင်းသွားမှာဖြစ်ပြီးတော့ ပြည်တွင်း၌ တန်ဖိုးမြင့်သစ် အချောထည် ပစ္စည်းများ စက်မှုလုပ်ငန်းများ တိုးမြှင့်ထုတ်လုပ်ပြီးတော့ ပြည်ပကို တင်ပို့ရောင်းချသွားမှာ ဖြစ်တဲ့

အတွက်ကြောင့်မို့လို့ သစ်သယံဇာတ အရင်းအမြစ်များကို ပိုမိုပြီးတော့ အကျိုးရှိစွာ အသုံးချသွားနိုင်မှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံသူများအနေနဲ့လည်း မိမိတို့ရဲ့ သစ်အခြေခံစက်မှုလုပ်ငန်းများ အစဉ်ဖွံ့ဖြိုးတိုးတက်စေရန် သစ်ကုန်ကြမ်းများကို သဘာဝသစ်တောများမှသာ ထုတ်ယူသုံးစွဲခြင်းထက် ကိုယ်ပိုင်စီးပွားရေး ကုမ္ပဏီပိုင် ပုဂ္ဂလိကပိုင် သစ်တောစိုက်ခင်းများ တည်ထောင်စိုက်ပျိုးထုတ်လုပ် သုံးစွဲနိုင်ရန်လည်း တိတိကျကျ သတ်မှတ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ပထမမေးခွန်း ဖြစ်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးပေါလ်ထန်ထိုင်း ရဲ့ ဗွေပါး (Bawi Pa) တောင် သစ်တောကို အစိုးရက ဘေးမဲ့တောအမျိုးသားသဘာဝဥယျာဉ်အဖြစ် သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်းအပေါ်မှာ ဆက်လက်ဖြေကြားသွားမှာ ဖြစ်ပါတယ်။ မေးခွန်းကို မဖြေကြားမီမှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ရည်ညွှန်းတဲ့ ဗွေပါးတောင်သစ်တောကို မိမိကိုယ်တိုင် ရောက်ရှိပြီးတော့ မျက်မြင်လည်း အင်မတန်မှ သစ်တောသယံဇာတများ ကောင်းမွန်စွာ ပေါက်ရောက်လျက် ရှိတာကြောင့်မို့လို့ ဒါကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီး ရည်ညွှန်းထားတဲ့အတိုင်း ဆောင်ရွက်သင့်တဲ့ ဒေသတစ်ခုဖြစ်ကြောင်း ဦးစွာတင်ပြလိုပါတယ်။

ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ ကျွန်တော်တို့ လုပ်ငန်းများ ဆောင်ရွက်တဲ့နေရာမှာ ရေးဆွဲချမှတ်ထားပြီးဖြစ်တဲ့ နှစ်(၃၀)အမျိုးသား သစ်တောပင်မစီမံကိန်းတွင် ပါရှိတဲ့အတိုင်း မြန်မာနိုင်ငံဧရိယာရဲ့ (၁၀)ရာခိုင်နှုန်းကို တောရိုင်းတိရစ္ဆာန်နဲ့ ဘေးမဲ့တော၊ ဥယျာဉ် အစရှိသော သဘာဝနယ်မြေများအဖြစ် ဖွဲ့စည်းတည်ထောင်သွားရန် ဖော်ပြထားတဲ့အတိုင်းပဲ၊ သတ်မှတ်ထားတဲ့အတိုင်းပဲ ကျွန်တော်တို့ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါတယ်။ သဘာဝနယ်မြေများ ဖွဲ့စည်းတည်ထောင်တဲ့နေရာမှာ တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်များ ကာကွယ်ရေးနဲ့ သဘာဝနယ်မြေများထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေတို့တွင် ပါရှိသော ပြဋ္ဌာန်းချက်များနဲ့အညီ ပဏာမ ကွင်းဆင်းတိုင်းတာခြင်း၊ ရည်ရွယ်ကြောင်း အမိန့်ကြော်ငြာစာ ထုတ်ပြန်အသိပေး ကြေညာခြင်း၊ ပဏာမစိစစ်ရေးကော်မတီ ကြေးတိုင်အဖွဲ့များ ဖွဲ့စည်း၍ အသေးစိတ်ကွင်းဆင်း တိုင်းတာခြင်း အများပြည်သူတို့၏ အခွင့်အရေးများကို စုံစမ်းစစ်ဆေးခြင်း၊ ချန်လှပ်ရန် သို့မဟုတ် ဆိုင်ရာဆိုင်ခွင့်များ သတ်မှတ်ရန်လိုအပ်ချက်များကို ဒေသအုပ်ချုပ်ရေးအဖွဲ့များနဲ့ ဆက်စပ်ဌာနများရဲ့ သဘောထားမှတ်ချက်များအရ ကြေးတိုင်လုပ်ငန်းအဆင့်ဆင့်ကို ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်ရပါတယ်။ အဲဒီနောက်တော့ ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြအတည်ပြုချက်ရယူပြီးတော့ သဘာဝနယ်မြေများကို ဥပဒေနဲ့အညီ ဖွဲ့စည်းတည်ထောင်ခြင်း ဖြစ်ပါတယ်။

ယနေ့အထိ မြန်မာနိုင်ငံအဝန်းမှာ တည်ထောင်ပြီးတဲ့ သဘာဝနယ်မြေ စုစုပေါင်း(၃၇)ခု၊ ဧရိယာ အားဖြင့် (၁၄၆၈၁.၅၄)စတုရန်းမိုင် ရှိပြီးတော့ နိုင်ငံ့ဧရိယာရဲ့ (၅.၆၂)ရာခိုင်နှုန်း ရှိပါတယ်။ ဖွဲ့စည်းရန် ရည်ရွယ်ကြောင်း အဆိုပြုထားသော သဘာဝနယ်မြေ(၈)ခုလည်း ထပ်မံရှိပြီးတော့ စုစုပေါင်းဧရိယာ (၃၁၁၃.၉၅)စတုရန်းမိုင် ရှိပါတယ်။ ယင်းတို့ကို အတည်ပြု ဖွဲ့စည်းနိုင်ရန်အတွက် ပဏာမစိစစ်ရေး ကော်မတီ ကြေးတိုင်အဖွဲ့များ ဖွဲ့စည်းပြီးတော့ အထက်တွင် တင်ပြခဲ့သည့်အတိုင်း ကြေးတိုင်လုပ်ငန်း အဆင့်ဆင့်ကို ဆောင်ရွက်လျက်ရှိပါတယ်။ ချင်းပြည်နယ်အတွင်းမှာ နတ်မတောင်

အမျိုးသား ဥယျာဉ်ကို ၂၀၁၀ ခုနှစ်တွင် လည်းကောင်း၊ ကျောက်ပန်းတောင် တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောကို ၂၀၁၃ခုနှစ် တွင် လည်းကောင်း အသီးသီး ဖွဲ့စည်းတည်ထောင်ပြီးတော့ စီမံအုပ်ချုပ်လျက်ရှိပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီး မေးခွန်းတွင် ပါရှိသော ဗွေပါးတောင်နယ်မြေကို အမျိုးသားဥယျာဉ်အဖြစ် သတ်မှတ်နိုင်မည်ဆိုပါက တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေအရ ရှားပါးသော တောင်ပေါ်သစ်တောဂေဟစနစ်များနှင့် ယင်းတို့အတွင်းမှာ နေထိုင်ကျက်စားကြသည့် တောရိုင်းတိရစ္ဆာန်များ ရေရှည်တည်တံ့နိုင်ရန် ထိန်းသိမ်းစောင့်ရှောက်သွားနိုင်မည်ဖြစ်သဖြင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဒီမေးခွန်းအပေါ်မှာ၊ အကြံပြုချက်အပေါ်မှာ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုကြောင်း တင်ပြအပ်ပါတယ်။ ယင်းကဲ့သို့ အမျိုးသားဥယျာဉ်အဖြစ် ဖွဲ့စည်းသတ်မှတ်နိုင်ရန်အတွက် သစ်တောဦးစီးဌာနအနေဖြင့် လုပ်ထုံးလုပ်နည်းများနဲ့အညီ ကွင်းဆင်းတိုင်းတာခြင်း ဒေသခံပြည်သူများ၊ ကျေးရွာများနှင့် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့ ဆက်စပ်ဌာနများရဲ့ သဘောထားမှတ်ချက်များ ရယူခြင်း၊ ဒေသခံ ကျေးရွာသားများ၏ ဆိုင်ရာဆိုင်ခွင့်နှင့် အခွင့်အရေးများကို စိစစ်သတ်မှတ်ခြင်း အစရှိသည့် သဘာဝနယ်မြေဖွဲ့စည်းခြင်းဆိုင်ရာ ကြေးတိုင်လုပ်ငန်းများနှင့်အညီ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်အတွင်း ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ၏ ချင်းပြည်နယ် ဟားခါးမြို့နယ်အတွင်းမှာရှိသော လိုင်ဗားရေလှောင်တမံစီမံကိန်း ဇိန်မှုတောင်နယ်မြေကို အမျိုးသားဥယျာဉ်အဖြစ် ဖွဲ့စည်းရန် တင်သွင်းခဲ့သည့်အဆိုအရ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ကွင်းဆင်းစစ်ဆေးခြင်း၊ အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ရွာသူရွာသားများ၏ သဘောထားမှတ်ချက်များကို ရယူခြင်းတို့ကို ဆောင်ရွက်ခဲ့ရာ ဒေသခံပြည်သူများမှ သဘောမတူသည့် အတွက်ကြောင့်မို့လို့ ယနေ့တိုင် ဖွဲ့စည်းနိုင်ခြင်း မရှိသေးကြောင်းလည်း ရှင်းလင်းတင်ပြအပ်ပါတယ်။ သို့ဖြစ်ပါ၍ ဥယျာဉ်ဘေးမဲ့တောများ ဖွဲ့စည်းသတ်မှတ်ခြင်းကို ဒေသခံကျေးလက်ပြည်သူများရဲ့ သဘောတူညီမှု ရရှိမှသာ ဆောင်ရွက်နိုင်မှာဖြစ်ကြောင်းကိုလည်း အသိပေးတင်ပြလိုပါတယ်။ ဗွေပါးတောင်နယ်မြေအတွင်းမှာရှိတဲ့ တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်များကို ခွင့်ပြုချက် မရှိဘဲ အမဲလိုက်သတ်ဖြတ်ခြင်း၊ စုဆောင်းခြင်းတို့မှာ တည်ဆဲဥပဒေများအရ တရားမဝင်လုပ်ရပ်များ ဖြစ်သောကြောင့် ဒေသခံပြည်သူများ၏ ဥပဒေပါ ပြဋ္ဌာန်းချက်များကို နားလည်သဘောပေါက် လိုက်နာစေရန် သက်ဆိုင်ရာ သစ်တောဦးစီးဌာနဝန်ထမ်းများက ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီးတော့ ပညာပေးစည်းရုံးခြင်း၊ ဟောပြောပို့ချခြင်း တို့ကိုလည်းဆောင်ရွက်ခြင်း ရှိနေသလို ဆက်လက်ပြီးတော့လည်း အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ချင်းပြည်နယ်အတွင်းမှာရှိတဲ့ တောတောင်ရေမြေ သဘာဝပတ်ဝန်းကျင်များကို ထိန်းသိမ်းရန်၊ သဘာဝအရင်းအမြစ်များကို စနစ်တကျ ထုတ်ယူသုံးစွဲရန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ ထိတွေ့ပညာပေး စည်းရုံးဟောပြောလျက်ရှိရာမှာ ပြည်သူများအနေနဲ့လည်း အသိစိတ်ဓာတ်ဖြင့် ပူးပေါင်း ပါဝင်ဆောင်ရွက်လာမယ်ဆိုလို့ရှိရင် အောင်မြင်မှုများ ရနိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းပါ ဗွေပါးတောင်ကို သဘာဝနယ်မြေအဖြစ် ဖွဲ့စည်းတည်ထောင်သွားနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးပြီးတော့၊ ဆက်လက်ပြီးတော့ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်မည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသည့် မန်ကျည်းတန်းဆည်၊ ကန်ပေါက်ရိုးဆည်နှင့် ယက်ဖောက်ရိုးဆည်တို့အား ပြန်လည်တူးဖော်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးခင်မောင်ဌေး က နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ ကိုယ်ထူကိုယ်ထ တည်ဆောက်ထားသည့် မန်ကျည်းတန်းဆည်၊ ကန်ပေါက်ရိုးဆည်နှင့် ယက်ဖောက်ရိုးဆည်တို့အား ပြန်လည်တူးဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**ဦးခင်မောင်ဌေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁၀)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဌေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်အတွင်းမှာရှိတဲ့ တောင်သူများ ကိုယ်ထူကိုယ်ထ တည်ဆောက်ထားတဲ့ မန်ကျည်းတန်းဆည်၊ ကန်ပေါက်ရိုးဆည်နှင့် ယက်ဖောက်ရိုးဆည်များ ပြန်လည်တူးဖော် ဆောင်ရွက်ပေးရန်အစီအစဉ် ရှိ/မရှိ နဲ့ ပတ်သက်ပြီးတော့ မေးခွန်းမေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ နေပြည်တော်ကောင်စီနယ်မြေမှာ ယခင် အစိုးရလက်ထက်က တည်ဆောက်ပေးခဲ့တဲ့ ဆည်ကြီးများရဲ့ ဆည်ရေသောက် ဧရိယာအတွင်း ပါဝင်မှုမရှိသည်က တစ်ကြောင်း၊ တချို့တောင်သူများရဲ့ လယ်ယာမြေများမှာ ဆည်ရေသောက် ဧရိယာအတွင်း ပါဝင်သော်လည်း ဆည်ရေပေးမြောင်း အဖျားကျရောက်နေပြီး ဆည်ရေ မရောက်ရှိလို့ ဆည်ရေဖြင့် စိုက်ပျိုး၍ မရသည်ကတစ်ကြောင်းကြောင့် စိုက်ပျိုးရေးအတွက် ရေအခက်အခဲ ရှိနေကြောင်း လေ့လာတွေ့ရှိရပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ တပ်ကုန်းမြို့နယ်အတွင်းရှိ တောင်သူများအနေနဲ့ သီးနှံများ စိုက်ပျိုးကြရာမှာ ယခင်ကာလ အတော်ကြာကတည်းက တောင်သူများ တစ်နိုင် တစ်ပိုင် ကိုယ်ထူကိုယ်ထ တည်ဆောက်ထားတဲ့ ဆည်ကန်များမှ ရေကို အားကိုးပြီးတော့မှ ရေသွယ်ယူ စိုက်ပျိုးကြလျက်ရှိပါတယ်။ တောင်သူများ ကိုယ်ထူကိုယ်ထ တည်ဆောက်ထားတဲ့ မန်ကျည်းတန်းဆည်မှာ တပ်ကုန်းမြို့ ကံလှအုပ်စု တံခွန်တိုင်ရွာအနီးမှာ တည်ရှိပြီးတော့မှ ၎င်းဆည်မှ ရေသွယ်ယူကာ ကျေးရွာ(၅)ရွာမှာ တောင်သူများအနေဖြင့် လယ်ဧက(၆၅၀)ခန့် စိုက်ပျိုးလျက် ရှိပါတယ်။ ၎င်းမကျည်းတန်းဆည်မှာ ဆင်သေဆည်ကြီးရဲ့ ရေပို့လွှတ် ဝင်ရောက်မှု အပြင် အထက်မှ စီးဆင်းလာတဲ့ရေများ၊ စိမ့်စမ်းရေများကို စုစည်းပြီးတော့မှ သိုလှောင်ထားတဲ့ ဆည်တစ်ခုလည်း ဖြစ်ပါတယ်။ ဆင်သေဆည်ကြီးသည်လည်းပဲ ရေဝင်ရောက်မှု နည်းပါးမှုကြောင့် ဆည်ရေ နည်းပါးနေသည့်အတွက် ရေပို့လွှတ်ပေးနိုင်မှု မရှိတော့ခြင်းနှင့် ၎င်းမန်ကျည်းတန်းဆည်

မှာလည်း အချိန်ကာလ ကြာမြင့်လာတာနဲ့အမျှ ဆည်အတွင်းကို သဲနုန်းများ ပို့ကျဝင်ရောက်မှုကြောင့် ဆည်များ တိမ်ကောသွားတဲ့အတွက် ရေသိုလှောင်ထားနိုင်မှုလည်း နည်းပါးသွားတာ ဖြစ်ပါတယ်။

ဒါကြောင့် တောင်သူများအနေဖြင့် စိုက်ပျိုးရတဲ့ ဧကမှာ ဧက(၃၀၀)ခန့်သာ စိုက်ပျိုး ရတဲ့ အနေအထားရှိနေကြောင်း လေ့လာသိရှိရပါတယ်။ တောင်သူများ သီးနှံများ စိုက်ပျိုးလိုသော် လည်း ရာသီဥတု ဖောက်ပြန်မှုကြောင့် မိုးရွာသွန်းမှု နည်းပါးသွားပြီး ကိုယ်ထူကိုယ်ထ တည်ဆောက်ထားတဲ့ ဆည်များတွင်လည်းပဲ ရေဝင်ရောက်မှု သိုလှောင်ထားနိုင်မှု နည်းပါးနေတဲ့အတွက် ရေ သွယ်ယူ စိုက်ပျိုး၍ မရရှိကြဘဲ အခက်အခဲ ဖြစ်ပေါ်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ထို့အတူပါပဲ ကံပေါက်ရိုး ဆည်ကလည်းပဲ တပ်ကုန်းမြို့ လယ်ပြင်မကျေးရွာအုပ်စု လယ်ပြင်မကျေးရွာအနီးမှာ တည်ရှိပြီးတော့ တောင်သူများ ယခင်ကတည်းက တည်ဆောက်ခဲ့ကြတဲ့ ဆည်တစ်ခုလည်း ဖြစ်ပါတယ်။ ယခင်က တောင်သူများ သီးနှံစိုက်ပျိုးရာမှာ စိုက်ပျိုးရေအတွက် ဧက(၇၀၀)ခန့် ရေသွယ်ယူ စိုက်ပျိုးနိုင်သော် လည်းပဲ ကာလကြာမြင့်လာတာနဲ့အမျှ သဲနုန်းများ ဝင်ရောက်မှုကြောင့် ကံပေါက် ရိုးဆည်မှာလည်း တိမ်ကောလျက်ရှိပြီး ရေသိုလှောင်ထားနိုင်မှုမှာ နည်းပါးလျက်ရှိပါတယ်။ ယခု လက်ရှိတောင်သူများ အနေဖြင့် စိုက်ပျိုးရေအတွက် ဧက(၂၀၀)ခန့်သာ ရေသွယ်ယူ စိုက်ပျိုးနိုင်တဲ့ အနေအထားသာ ရှိပါတယ်။ ထို့အတူ ယက်ဖောက်ရိုး ဆည်သည်လည်းပဲ တပ်ကုန်းမြို့နယ် မျက်ရဲကျေးရွာအုပ်စု၊ တွင်းနီရွာအနီးမှာ တည်ရှိပါတယ်။ ၎င်းဆည်ကလည်းပဲ တောင်သူများ ကိုယ်ထူကိုယ်ထ တည်ဆောက် ထားတာ ဖြစ်ပြီးတော့မှ အထက်ပိုင်းမှ စီးဆင်းလာတဲ့ ရေများနဲ့ စိမ့်စမ်းရေများကို စုစည်းသိုလှောင် ထားတဲ့ ဆည်တစ်ခုလည်း ဖြစ်ပါတယ်။ တောင်သူများအနေဖြင့် ၎င်းဆည်ကို အားကိုးပြီး စိုက်ပျိုး ကြလျက် ရှိပါတယ်။ ၎င်းဆည်ကိုလည်းပဲ ပြန်လည်တူးဖော်မည်ဆိုပါက တောင်သူများ သီးနှံစိုက်ပျိုး ရာမှာ ဧက(၁၀၀၀)နီးပါးခန့် စိုက်ပျိုးသွားနိုင်မှာဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်က မိုးကြိုမိုးနှောင်းရာသီကာလများအားလုံး ရာသီဥတုဖောက်ပြန်မှုကြောင့် မိုးရွာသွန်းမှုမှာ ပုံမှန်ထက် လွန်စွာလျော့နည်းခဲ့ကြောင်း တွေ့ရှိရပါတယ်။ တောင်သူများ စိုက်ပျိုးသီးနှံများ လျော့နည်း စိုက်ပျိုး ရခြင်း၊ အောင်မြင်ဖြစ်ထွန်းမှု ထိခိုက်ကျဆင်းခြင်းတို့ ဖြစ်ပေါ်ခဲ့ပါတယ်။ တောင်သူများ အနေဖြင့် သီးနှံစိုက်ပျိုးကြရာမှာ ရေစုစည်းသိုလှောင်ထားတဲ့ ဆည်ကန်များကိုသာ အားကိုးပြီး စိုက်ပျိုးနေကြ လျက်ရှိပါတယ်။ လက်ရှိ တိမ်ကောလျက်ရှိတဲ့ ဆည်ကန်များကိုလည်းပဲ တောင်သူများအနေနဲ့ ပြန်လည်တူးဖော်နိုင်စွမ်းလည်း မရှိကြပါဘူး။ ထို့အတွက်ကြောင့် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းမှာရှိတဲ့ တောင်သူများ ကိုယ်ထူကိုယ်ထ တည်ဆောက်ထားကြတဲ့ ကံလှအုပ်စု၊ တံခွန်တိုင်ရွာအနီးရှိ မန်ကျည်းတန်းဆည်ကိုလည်းကောင်း၊ လယ်ပြင်မကျေးရွာအုပ်စု၊ လယ်ပြင်မ ကျေးရွာအနီးရှိ ကံပေါက်ရိုးဆည်ကိုလည်းကောင်း၊ မျက်ရဲကျေးရွာအုပ်စု၊ တွင်းနီကျေးရွာအနီးမှာရှိတဲ့ ယက်ဖောက်ရိုးဆည်တို့ကို ပြန်လည်တူးဖော်ပေးမည်ဆိုပါက တောင်သူများ လုပ်ကိုင်စားသောက် နေကြရတဲ့ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုစိုက်ပျိုးလာနိုင်မှာဖြစ်ပြီး တောင်သူများအနေဖြင့် လည်း စားဝတ်နေရေး အဆင်ပြေနိုင်ကြမှာဖြစ်သလို သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး အတွက်လည်းပဲ အထောက်အကူပြုနိုင်မှာ ဖြစ်ပါတယ်။ သို့ပါ၍ ကျွန်တော့်အနေနဲ့ မေးခွန်းမေးမြန်း လိုတာကတော့ တောင်သူများ ကိုယ်ထူကိုယ်ထ တည်ဆောက်ခဲ့ကြတဲ့ ၎င်းဆည် (၃)ဆည်အား

ပြန်လည်တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင် တောင်သူများရဲ့ကိုယ်စား မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၈။**

**ဥက္ကဋ္ဌ**။ ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၅၈။**

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သရင်းနဲ့ ကိုယ်၏ကျန်းမာခြင်း စိတ်၏ချမ်းသာခြင်းတို့နဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး အမှတ်(၁၀) မဲဆန္ဒနယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးခင်မောင်ဌေး ရဲ့ နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ မန်ကျည်းတန်းဆည်၊ ကန်ပေါက်ရိုးဆည်နှင့် ယက်ဖောက်ရိုးဆည်များအား ပြန်လည်ပြုပြင်ပေးနိုင်ရန်နှင့် ပတ်သက်ပြီးတော့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ မန်ကျည်းတန်းဆည်ဟာ နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ ကံလှအုပ်စု၊ တံခွန်တိုင်ကျေးရွာ အရှေ့ဘက် (၂)မိုင်ခန့်အကွာမှာ တည်ရှိပါတယ်။ အဆိုပါဆည်ဟာ ရှေးမြန်မာမင်းများ လက်ထက်ကပင် စတင်တည်ဆောက်ခဲ့ပြီး လက်ရှိအချိန်တွင် ကျေးရွာမှ ထိန်းသိမ်းထားတဲ့ အကျယ်ပေ(၆၀)၊ အမြင့်(၁၀)ပေရှိတဲ့ ကျောက်ပန်းရံရေလွှဲဆည် အမျိုးအစား ဖြစ်ပါတယ်။ လက်ရှိအချိန်တွင် စိုက်ပျိုးမြေဧရိယာ၊ ဧက(၃၀၀)ခန့်ကိုသာ ရေပေးဝေလျက်ရှိပါတယ်။ လက်ရှိ ကန်ပေါင်ရိုးကို တောင့်တင်းခိုင်မာအောင် ပြုပြင်ခြင်းလုပ်ငန်းနဲ့ ရေပိုလွှဲအောက်ပိုင်း ပြုပြင်ခြင်းလုပ်ငန်း၊ ရေထုတ်ပေါက်နဲ့ တူးမြောင်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါတယ်။ အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက စိုက်ပျိုးမြေဧရိယာ (၇၀၀)ခန့် ကို စိုက်ပျိုးရေ ပေးဝေနိုင်မည် ဖြစ်ပါတယ်။ ကံပေါက်ရိုးဆည်ဟာ နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၊ လယ်ပြင်မကျေးရွာအုပ်စု၊ လယ်ပြင်မကျေးရွာ အရှေ့မြောက်ဘက် (၁.၅)မိုင်ခန့်အကွာမှာ တည်ရှိပါတယ်။ အဆိုပါ ဆည်ဟာ ၁၉၅၂ ခုနှစ်ခန့်က ဒေသခံတောင်သူများမှ ကိုယ်ထူကိုယ်ထ တည်ဆောက်ထားတဲ့ တစ်ဖက်ရပ်ဆည်ဖြစ်ပြီး လက်ရှိအချိန်တွင် ကျိုးပေါက်ပျက်စီးလျက် ရှိပါတယ်။

လတ်တလော အခြေအနေမှာ ဒေသခံပြည်သူများမှ ကိုယ်ထူကိုယ်ထပြုပြင်၍ စိုက်ပျိုးရေ ရယူပြီး စိုက်ပျိုးမြေဧရိယာ (၂၀၀)ခန့်ကို ရေပေးဝေလျက်ရှိပါတယ်။ မူလရေလွှဲဆည် နေရာမှာ လျှိုပိတ်တမံတစ်ခု တည်ဆောက်ပေးမည်ဆိုပါက စိုက်ပျိုးမြေဧရိယာ (၆၀၀)ခန့် ရေပေးဝေနိုင်မည် ဖြစ်ပြီး ရေသောက်တောင်သူများအတွက် များစွာအကျိုးရှိမည် ဖြစ်ပါတယ်။ ယက်ဖောက်ရိုးဆည်ဟာ နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ် မျက်ရဲကျေးရွာအုပ်စု ကွင်းနီကျေးရွာအနီးမှာ တည်ရှိပြီး ယက်ဖောက်ရိုးနှင့် နတ်တော်ချောင်းတို့ ပေါင်းဆုံပြီး ကွင်းနီကျေးရွာ၏ အောက်ဘက် တပ်ကုန်း အမြန်လမ်းမကြီး ဆက်သွယ်လမ်းမပေါ်ရှိ တံတား(၁၀)ပေ (၁၀)ပေ (၂)ပေါက်မှ

ဖြတ်သန်း စီးဆင်းရာ ရေနုတ်အား မလုံလောက်မှုကြောင့် ကျေးရွာအတွင်း ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်ခဲ့ပါတယ်။ ရေလွှဲဆည် တည်ဆောက်ပြီး ရေကို လွှဲထုတ်နိုင်မည် ဆိုပါက ရေလွှမ်းမိုးမှုမှ ကာကွယ်ပေးနိုင်မည့် အပြင် ဆည်ရေဖြင့် မိုးကောင်းသောက်စိုက်ပျိုး မြေဧက (၁၀၀၀)ခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်မှာ ဖြစ်ပါတယ်။ အဆိုပါ လုပ်ငန်း(၃)ခုကို ဆောင်ရွက်ပေးနိုင်ရန်အတွက် မြေပြင်တိုင်းတာခြင်းနှင့် စူးစမ်းလေ့လာခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီး ရရှိလာတဲ့ အချက်အလက်များအပေါ် အခြေခံ၍ ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ ခန့်မှန်းခြေတန်ဖိုးစာရင်းများ ပြုစုရေး ဆွဲခြင်းတို့ကို ဆောင်ရွက်ပြီး နေပြည်တော် ကောင်စီအနေဖြင့် ရန်ပုံငွေတင်ပြတောင်းခံ၍ ရန်ပုံငွေ ရရှိလာပါက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားတင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ရှိပါတယ်။

## သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၄၊ နည်းဥပဒေခွဲ(က)အရ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုကို သမ္မတရုံးဝန်ကြီးဌာန(၂)၊ ပြည်ထောင်စုဝန်ကြီး က လွှတ်တော်သို့ တင်သွင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၁။**

**ဦးစိုးမောင် (ပြည်ထောင်စုဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန -၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံပါစေလို့ ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန - ၂၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင် ဥပဒေကြမ်းအား ဆွေးနွေးနိုင်ရန်အတွက် အမျိုးသားလွှတ်တော်သို့ အဆို တင်သွင်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၁း၀၂။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ် ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဦးစိုင်းစံမင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ သမ္မတရုံးဝန်ကြီးဌာန-၂ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်စားရန် အဆိုကို

ကျွန်တော် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းစံမင်း က ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် အမျိုးသားလွှတ်တော်၏ သဘောတူညီချက် ရယူခြင်း**

**အချိန်၊ ၁၁း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် သင့်၊ မသင့် လွှတ်တော်ရဲ့ သဘောထား ရယူမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းကို ဆွေးနွေးစဉ်းစားရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူသူ မရှိတဲ့အတွက် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းကို ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးလိုတဲ့ အကြောင်းအရာ အကျဉ်းချုပ်ကို ဖော်ပြလက်မှတ်ရေးထိုးပြီး ၁-၈-၂၀၁၃ (ကြာသပတေးနေ့) ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

တင်သွင်းထားတဲ့ ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီး ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်တို့ကို ဖတ်ကြားတင်သွင်းရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေးရန် နေ့ရက်ကို သီးခြားသတ်မှတ်ပေးမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၅။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီ။

[အစည်းအဝေးကို (၁၁း၀၅) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၁း၂၅)နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၂၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ နိုင်ငံတစ်ဝန်းတွင် စီမံကိန်းလုပ်ငန်း အမျိုးမျိုးပြု၍ မြေနေရာ ရယူထားသော ပုဂ္ဂလိကကုမ္ပဏီ ငယ်/လတ်/ကြီးတို့ဖြင့် အမည်ပေါက် ပိုင်ဆိုင်ထားမှုတွင် အမှန်တကယ် စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည် မဖော်နိုင် ပါက ပြန်လည်အပ်နှံစေပြီး အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်မည့် ပြည်တွင်း/ပြည်ပ ရင်းနှီး မြှုပ်နှံလိုသူများအား ချထားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည် ဖြေရှင်းဆွေးနွေးခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ။** ။အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးလှဆွေ တင်သွင်းထားသည့် နိုင်ငံတစ်ဝန်းတွင် စီမံကိန်းလုပ်ငန်း အမျိုးမျိုးပြု၍ မြေနေရာ ရယူထားသော ပုဂ္ဂလိကကုမ္ပဏီ ငယ်/လတ်/ကြီးတို့ဖြင့် အမည်ပေါက် ပိုင်ဆိုင်ထားမှုတွင် အမှန်တကယ် စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည် မဖော်နိုင်ပါက ပြန်လည်အပ်နှံစေပြီး အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်မည့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူ များအား ချထားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေးဖို့ လွှတ်တော်ကိုယ်စားလှယ် (၁၀)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောအုန်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၂၆။**

**ဦးစောအုန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီး၊ ဧည့်သည်တော်များနှင့် ကိုယ်စားလှယ်တော်များခင်ဗျား။ ဦးစွာပထမ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ အရိုအသေပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစောအုန်း ဖြစ်ပါတယ်။ ဦးလှဆွေ ရဲ့ ရည်ရွယ်ချက်ကတော့ တစ်နိုင်ငံလုံးကို ဦးတည်ပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ စီမံကိန်းလုပ်ငန်းအမျိုးမျိုး ပြုပြီးတော့ မြေနေရာယူထားတဲ့ ပုဂ္ဂလိကကုမ္ပဏီ ကြီး/ငယ်/လတ် ဒီလို ပိုင်ဆိုင်ထားတဲ့ စီမံကိန်းမြေကြီးတွေကို တကယ်အကောင်အထည် မဖော်နိုင်ရင် ပြန်လည်အပ်နှံပြီးတော့ တကယ်လုပ်တဲ့ ပြည်တွင်း/ပြည်ပရင်းနှီးမြှုပ်နှံလိုသူတွေကို ချပေးပါလို့ သူက အဆိုပြုပါတယ်။ သို့သော်လည်း သူက Highlight မီးမောင်းထိုးပြသွားတာကတော့ တနင်္သာရီတိုင်းဒေသကြီးမှာရှိတဲ့ ဆီအုန်းစိုက်ပျိုးရေးကို မီးမောင်းထိုးပြသွားတာ ဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်ကလည်းပဲ ဦးလှဆွေ ရဲ့ မီးမောင်းထိုးပြတဲ့အတိုင်းပဲ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဆီအုန်းစိုက်ပျိုးရေးကိုပဲ ဦးတည်ပြီးတော့ ကျွန်တော့်ရဲ့ ထင်မြင်ယူဆချက်၊ အကြံပြုချက်များနဲ့ ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ နိုင်ငံအတွင်းမှာ စားသုံးဆီက မလုံလောက်ပါဘူး။ ယခင်က ကျွန်တော်နိုင်ငံမှာ ဆီကို ရေချိုး ဆိုပြီးတော့ စကားရှိခဲ့ပေမယ့်လည်း တကယ်တမ်းကျတော့ ကျွန်တော်တို့နိုင်ငံက ဆီထွက်သီးနှံဖြစ်တဲ့ မြေပဲ၊ နှမ်းတွေဟာ ပြည်တွင်းစားသုံးမှု မလုံလောက်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ပြည်ပကနေပြီးတော့ စာသုံးဆီအများအပြားတင်သွင်းရပါတယ်။ ဒါကို နိုင်ငံတော်အစိုးရက သိတဲ့အတွက်ကြောင့် တနင်္သာရီတိုင်းဒေသကြီးမှာ ဒီလို ဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးဖို့ဆိုပြီးတော့ ရည်ရွယ်ချက်နဲ့ ဆီအုန်းစိုက်ပျိုးရေးစီမံကိန်းကို အကောင်အထည်ဖော်ခဲ့ခြင်း ဖြစ်ပါတယ်။ အဲဒါက ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့ အဲဒီက စခဲ့တာပါ။ ဒါကြောင့် တနင်္သာရီတိုင်းသည် မြန်မာ့ဆီအိုးကြီး ဖြစ်ရမယ်ဆိုတဲ့ ကြွေးကြော်သံနဲ့လည်း သူက စီမံကိန်းကို စခဲ့ပါတယ်။ မူလကတော့ ကျွန်တော်တို့ ဧက(၅)သိန်းနဲ့ စတာပါ။ ဒါပေမဲ့ နိုင်ငံတော်က ဒီလို ဆီအုန်းစိုက်ပျိုးတဲ့ ကုမ္ပဏီကြီးတွေကို စိုက်ပျိုးလုပ်ကိုင်နိုင်အောင် ယန္တရားတွေ၊ ကားတွေ၊ လောင်စာဆီတွေကို ဒီလို တင်သွင်းခွင့်ပြုတဲ့အတွက်ကြောင့် စိတ်ဝင်စားတဲ့ ကုမ္ပဏီများလာပြီးတော့ ဦးလှဆွေ တင်ပြတဲ့အတိုင်းပဲ ဧက က (၉၉၁၈၆၆)ဧက ဖြစ်သွားပါတယ်။ ဦးလှဆွေ ရဲ့ စာရင်းဇယားအရဆိုရင် ဒီ(၁၀)သိန်းနီးပါး ပေးရတဲ့မြေကြီးတွေဟာ ဒီကနေ့ဆိုရင် (၁၄)သိန်းကျော်သွားပါပြီ။ ဒါ စိုက်ပျိုးပြီးတဲ့ ဧက က(၃)သိန်းကျော်ပဲရှိတော့ (၆)သိန်း(၇)သောင်းကျော်ဟာမစိုက်ပျိုးဘဲပစ်ထားတယ်လို့ တင်ပြသွားတာ ရှိပါတယ်။

ဒါပေမဲ့ သူက ကျွန်တော်တို့ Projector နဲ့ ပြတဲ့ အခါမှာလည်းပဲ မြင်တွေ့ရပါတယ်။ တကယ့်ကို တစ်ပင် နှစ်ပင် စိုက်ပြီးတော့ ဒီအတိုင်းပစ်ထားတာကို ကျွန်တော် တွေ့ရပါတယ်။ ဒါပေမဲ့လည်း ကျွန်တော် လွန်ခဲ့တဲ့ (၄)၊ (၅)နှစ်က ထင်ပါတယ်။ ကျွန်တော် TV မှာ တွေ့ဖူး ပါတယ်။ ယုဇနကုမ္ပဏီလို့ ထင်ပါတယ်။ သေသေချာချာ စိုက်ပြီးတော့ သေသေချာချာ စက်ရုံတွေနဲ့ ပြသွားတာကိုလည်း တွေ့ပါတယ်။ တကယ်စိုက်တဲ့ ကုမ္ပဏီတွေလည်း ရှိပါတယ်။ စာရင်းဇယားအရဆိုရင်လည်း တကယ်မြေပြင်မှာ တကယ်မစိုက်ဘဲနဲ့ စိုက်တယ်လို့ပြထားတဲ့ စာရင်းဇယားတွေလည်း

ရှိကောင်းရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ဆီအုန်းစိုက်ပျိုးရေး အနေအထား၊ ဆီအုန်းဟာ ဘယ်လိုရာသီဥတု၊ ဘယ်လိုမြေမျိုးကို ကြိုက်နှစ်သက်တယ်ဆိုတာကို ကျွန်တော် နည်းနည်းတင်ပြ ပါရစေ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆီအုန်းဟာ ကျွန်တော်တို့ မြေပြင်ဆင်ခြေလျော (၁၅)ဒီဂရီအောက်မှာ စိုက်ပျိုးသင့်ပါတယ်။ မြေပြင်အနေအထား ဆင်ခြေလျောဟာ (၃၀)ဒီဂရီထက်ကျော်ရင် ဆီအုန်း စိုက်ပျိုးလို့ မရပါဘူး။ အကျိုးမရှိတော့ပါဘူး။ တစ်နှစ်ကို မိုးရေချိန်(၇၀)လက်မနဲ့ (၈၀)လက်မ ရွာသွန်းတာ ကြိုက်ပြီးတော့ တစ်နှစ်ပတ်လုံး မိုးရွာတာကို ကြိုက်ပါတယ်။ လစဉ် မိုးရေချိန် (၆)လက်မကနေ ပြီးတော့ (၉)လက်မအထိ ရွာသွန်းတဲ့ရာသီကို ကြိုက်ပါတယ်။ အမြင့်ဆုံးအပူချိန် ဟာ (၈၅)ဒီဂရီ ဖာရင်ဟိုက် ရှိပြီးတော့ အနိမ့်ဆုံး ဒီဂရီဟာ(၇၀)ဒီဂရီဖာရင်ဟိုက် ရှိရမယ်။

နောက်ပြီးတော့ တစ်နေ့တာ Sun Shine Hour နေသာချိန်ဟာ (၆)နာရီထက်မနည်း ရှိရမယ်။ ဒါမှ သူက အပင်ကြီးထွားပြီးတော့ အသီးကလည်း ကျွန်တော်တို့ အရည်အသွေးပြည့်မီတဲ့ အသီးရပါမယ်။ ဒါကို ကြည့်ခြင်းအားဖြင့် တနင်္သာရီတိုင်းဒေသကြီးဟာ ဒီလို အခြေအနေမျိုး ပေးသလားဆိုတော့ မပေးပါဘူး။ မိုးရေချိန်ဟာ လက်မ(၁၅၀) (၁၈၀)အထိ ရွာပါတယ်။ မိုးတွင်း ကာလမှာ တစ်ပတ်၊ (၁၀)ရက်လောက် နေမမြင်တဲ့ရက်တွေ ရှိပါတယ်။ ကျွန်တော်ကိုယ်တိုင် တနင်္သာရီ တိုင်းဒေသကြီးမှာ တစ်နှစ်လောက် နေဖူးပါတယ်။ နိုင်ငံတော်ဝန်ထမ်းရင်းနဲ့ ဒါကြောင့် ဒီရာသီဥတုကို ကျွန်တော် ကောင်းကောင်းသိပါတယ်။ အပူချိန်ကတော့ ကျွန်တော်တို့ ဒါကတော့ နည်းနည်းတော့ သင့်တင့်မျှတတာ ရှိပါတယ်။ အဲဒီတော့ ဒါကြောင့် ဒီစီမံကိန်းတစ်ခုကို ချမယ်ဆိုရင် ကျွန်တော်တို့ ရေမြေသဘာဝနဲ့ ကိုက်ညီလား၊ မကိုက်ညီလားဆိုတာကို ဆန်းစစ်ဖို့ လိုပါတယ်။ ဥပမာ - ရှမ်းပြည်မှာ စိုက်တဲ့ လိမ္မော်သီးကို ကျွန်တော်တို့ မွန်ပြည်နယ်မှာ စိုက်လို့ရပါတယ်။ သီးလည်း သီးပါတယ်။ အပင်လည်း ကြီးထွားပါတယ်။ ဒါပေမဲ့ အသီး အရည်အသွေးက သေးသွားပြီးတော့ မပွတော့ဘူး။ နောက်ပြီးတော့ သံပုရာသီးလို ချဉ်ပါတယ်။ အရည်အသွေးဟာ နိမ့်ကျပါတယ်။ ဒါကြောင့် ဒီကုမ္ပဏီ တွေဟာ ဘာကြောင့် မြေတွေ အများကြီးယူပြီးတော့ စိုက်မဖြစ်သလဲဆိုရင် အကျိုးမရှိလို့သာလျှင် ဖြစ်ပါတယ်။ အကျိုးမရှိလို့ ဖြစ်ပါတယ်။

ဒီဆီအုန်းနဲ့ ဒီရာသီနဲ့ မကိုက်ညီရင် ဆီအုန်း အရည်အသွေးဟာ ကျဆင်းသွားပြီးတော့ ကျွန်တော်တို့ စားသုံးဆီအဆင့်ရောက်အောင် စွမ်းဆောင်နိုင်မှာ မဟုတ်ပါဘူး။ ဒီလို စီမံကိန်းချတဲ့ နေရာမှာ ကျွန်တော်တို့ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီဆိုတာ ရှိပါတယ်။ လယ်/ဆည် ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌ ဖြစ်ပြီးတော့၊ ကျွန်တော်တို့ ကျေးတိုင်း မြေစာရင်းဦးစီးဌာန၊ ညွှန်/ချုပ်က အတွင်းရေးမှူး ဖြစ်ပါတယ်။ ဒီပြင် အဖွဲ့ဝင်တွေလည်းရှိ ပါတယ်။ အဲဒီတော့ နှစ်ရှည်ပင် စိုက်မယ်ဆိုရင်၊ သူ့ရဲ့ ဥပဒေအရဆိုရင် တစ်ကြိမ်ကို ကုမ္ပဏီကို ဧက(၅၀၀၀) အထိပဲ ခွင့်ပြုပါတယ်။ အဲဒီ ဧက(၅၀၀၀)မှာ (၇၅)ရာခိုင်နှုန်း စိုက်ပျိုးပြီးရင် နောက်ထပ်(၅၀၀၀) လျှောက်လို့ရပါတယ်။ ဒါပေမဲ့ ခြွင်းချက်အနေနဲ့ ရှိပါတယ်။ နိုင်ငံတော်အတွက် တကယ် လိုအပ်လို့ ရှိရင်တော့ ဒီထက်မက ချပေးနိုင်ပါတယ်။ ဒါ ခြွင်းချက်ရှိတဲ့အတွက်ကြောင့် ဒီလို ကုမ္ပဏီ တော်တော်များများဟာ မြေဧကကို သောင်းနဲ့ချီပြီး ရသွားတယ်လို့ ကျွန်တော်ယူဆပါတယ်။ ဒီလို စိုက်ပျိုးတဲ့နေရာမှာလည်းပဲ အာမခံကြေး သွင်းရတယ်။ ဒီလို ငွေကြေးကို Show Money ပြပြီး တော့မှသာ စိုက်လို့ရတယ်။ ဒါ သူ့ရဲ့ ဥပဒေအတိုင်းပါ။ ဒါကြောင့် ဒီဘဏ်မှာ အပ်ငွေကနေပြီးတော့

ဒီစီမံကိန်းကြီးကို မဖြစ်ဖြစ်အောင်၊ ဒါ အကောင်အထည်ဖော် ဆောင်ရွက်အောင် ကုမ္ပဏီတွေကို တွန်းအားပေး၊ ဖိအားပေးခြင်းဖြစ်ပါတယ်။ နောက်ပြီးတော့ ဒီလုပ်ပိုင်ခွင့်ရပြီးတော့ (၄)နှစ်အတွင်းမှာ စီမံကိန်းကို အပြည့်အဝ စိုက်ပေးရပါတယ်။ ဒီလိုလည်းရှိပါတယ်။ ဒါပေမဲ့ သဘာဝဘေးအန္တရာယ်နဲ့ ဒီ နယ်မြေလုံခြုံရေးအရ ပျက်ကွက်မှုရှိလာရင် အဲဒီ အချိန်ကာလကိုတော့ အစားထိုးပေးလို့ ရပါတယ်။ ဒါပေမဲ့ တနင်္သာရီတိုင်းဒေသကြီး ကိုယ်စားလှယ်တော်များကိုလည်း မေးကြည့်ပါတယ်။ ကျွန်တော်တို့လည်း သိပါတယ်။ တိုင်းပြည်ရဲ့ လုံခြုံရေးအခြေအနေက ကောင်းပါတယ်။ သဘာဝဘေး အန္တရာယ်လည်း မရှိပါဘူး။

ဥပဒေတစ်ခုမှာကတော့ နောက်ဆုံး မူလခွင့်ပြုချက်ကာလ ကျော်လွန်လို့မှ မစိုက်ရင် ဒီမြေကြီးဟာ၊ ဒီလုပ်ပိုင်ခွင့်ပေးထားတဲ့ မြေကြီးဟာ နိုင်ငံတော်က ပြန်လည်သိမ်းယူပြီး ဖြစ်သည်ဟု မှတ်ယူရမည် ဆိုတဲ့ အချက်ပါပါတယ်။ ဒါကြောင့် တကယ်တမ်း အရေးယူဆောင်ရွက်မယ်ဆိုရင်လည်း သိမ်းစရာမလိုပါဘူး။ ဒါ သိမ်းပြီးသား ဖြစ်ပါတယ်။ ဒီကုမ္ပဏီတွေဟာ လုပ်တဲ့အခါမှာ အခက်အခဲတွေ အများကြီးရှိတယ်ဆိုတာ ကျွန်တော် ခန့်မှန်းလို့ရပါတယ်။ ဘာကြောင့်လဲဆိုတော့ တနင်္သာရီတိုင်းဒေသကြီးမှာ လူဦးရေဟာ(၁၇)သိန်းပဲရှိတယ်။ တကယ် ဆီအုန်းကို (၁၀)သိန်းအပြည့် စိုက်မယ်ဆိုရင် လုပ်သားက (၂)သိန်း (၃)သိန်းလောက် လိုအပ်ပါတယ်။ ဘယ်မှာ သွားရှာမလဲ။ တနင်္သာရီတိုင်းမှာ အလုပ်လုပ်တဲ့သူ (၂)သိန်း၊ (၃)သိန်း၊ တနင်္သာရီတိုင်းကလည်း ရေလုပ်ငန်း၊ ဘာလုပ်ငန်း၊ သူ့မှာ လုပ်ငန်းတွေ အများကြီးရှိပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့ ပြည်တွင်းက၊ တစ်နိုင်ငံလုံးက လုပ်သားတွေကို ထုတ်သုံးရပါမယ်။ ဒါကြောင့် ဒီအခက်အခဲလည်း သူ့မှာရှိပါတယ်။ နောက်ပြီး တစ်ဧကရဲ့ ရင်းနှီးမှုကုန်ကျစရိတ်ဟာ ဆီအုန်းစိုက်ပျိုးချိန်ကနေ အသီးဆွတ်ခူးသည်အထိ တစ်ဧကကို (၅)သိန်းလောက် သူ ကုန်ကျပါတယ်။ အဲဒီတော့ ဧက(၃)ထောင် စိုက်ပျိုးမယ့် ကုမ္ပဏီဟာ၊ ဆီအုန်းဟာ ကျွန်တော်တို့ (၄)နှစ်၊ (၅)နှစ်အတွင်းမှာတော့ အသီးဆွတ်ခူးလို့ ရပါတယ်။ အဲဒီအချိန်မှာ တစ်ဧက(၅)သိန်းနဲ့ တွက်မယ်ဆိုရင် သူ့မှာ ကုန်ကျငွေဟာ သိန်း(၁၅၀၀၀) ရှိပါတယ်။ စိုက်ပျိုးလို့ မပြီး သေးပါဘူး။

ဆီအုန်းခူးလာပြီးရင် ဆီအုန်းကို ဒီအတိုင်းကြည့်နေရင် ဘာမှတန်ဖိုးမရှိဘူး။ ဆီအုန်းကို ဆီဖြစ်အောင် ကျွန်တော်တို့ ဒီစီမံခန့်ခွဲတာ စက်ရုံဟာ (၃)ဆင့်ရှိပါတယ်။ ဆီကြမ်းစက်ရုံရယ်၊ ဆီသန့်စက်ရုံရယ်၊ ဆီခဲနဲ့ စားသုံးဆီစက်ရုံရယ် ဒီလို (၃)ဆင့်လုပ်ရပါတယ်။ အဲဒါကလည်း ဒီစက်ရုံတွေဟာလည်း နိုင်ငံခြားငွေနဲ့ ဝယ်ရတဲ့အတွက်ကြောင့် ဧက(၃)ထောင်စိုက်တဲ့ ကုမ္ပဏီဟာ ဒီအပေါ်မှာ စက်ရုံ အပေါ်မှာပဲ ရင်းနှီးမြှုပ်နှံမှုက နောက်ထပ် သိန်းပေါင်း(၁၅၀၀၀)လောက် ထပ်ပြီး ရင်းနှီးရပါတယ်။ ဒါကြောင့် သူ့မှာဆိုရင် အများကြီး ကုန်ကျစရိတ်ရှိတယ်။ ဒါပေမဲ့ အဖြေက၊ ထွက်လာတဲ့ အဖြေက ဒီ ဆီကြမ်းကနေပြီးတော့ ဆီသန့်၊ ဆီသန့်ကနေ ဒီစားသုံးတဲ့ဆီ၊ ဒီလိုဖြစ်လာဖို့ဆိုတာကလည်း ကျွန်တော်တို့ ဆီအုန်းက ရာသီကို မကြိုက်တဲ့အတွက်ကြောင့် Quality ညံ့လာရင် စားသုံးတဲ့ အဆင့်ကို မရောက်တော့ပါဘူး။ စက်မှုကုန်ကြမ်းလို ဖြစ်သွားပါတယ်။

ကျွန်တော်ထင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ထွက်တဲ့ ဒီစားအုန်းဆီ ဒီ တနင်္သာရီတိုင်းဒေသကြီးက ထွက်တဲ့ဆီဟာ စားသုံးတဲ့ဆီအဆင့်ကို မရှိဘူးလို့ ကျွန်တော်ယူဆပါတယ်။ ကျွန်တော် ယူဆတာ မှားကောင်းလည်း မှားပါလိမ့်မယ်။ အဲဒီတော့ ကုမ္ပဏီကိုလည်း ကျွန်တော်တို့ အပြစ်တင်ဖို့

သိပ်မရှိပါဘူး။ ဘာလို့လဲဆိုတော့ အရှုံးခံပြီးတော့ ဘယ်ကုမ္ပဏီမှ မစိုက်ဘူး။ ဒါကြောင့် ကျွန်တော်တို့ အဖြေရှာရပါမယ်။ ဒီကနေ့ ကျွန်တော့်ကို ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီစားသုံးဆီ ကျွန်တော်တို့ ပြည်သူတွေ ဘယ်လို စားသုံးနေတယ်ဆိုတာကို နည်းနည်းတင်ပြ ခွင့်ပြုပါ။ ကျွန်တော်တို့ အဓိကတော့ ကျွန်တော်တို့မှာ မြေပဲ၊ နှမ်းဆီကတော့ အကောင်းဆုံးပါ။ သူက ပြည့်ဝဆီ အနည်းငယ် ဖြစ်ပေမယ့် Cholestrol မရှိပါဘူး။ သူက စားသုံးဖို့ သင့်ပါတယ်။ ဒီ စားအုန်းဆီကျတော့ ပြည့်ဝဆီ (၅၀)ရာခိုင်နှုန်း ဖြစ်တယ်။ ပြည့်ဝဆီဆိုတာ သာမန်အအေးမှာ ကျွန်တော်တို့ ဆောင်းတွင်းမှာ စေးခဲ၊ ပျစ်သွားတယ်၊ ခဲသွားတယ် အဲဒီလိုသဘောမျိုးပဲ။ ဒါကို ခန္ဓာကိုယ်က စားလိုက်လို့ရှိရင် ဒါတွေဟာ ကျွန်တော်တို့မှာ ကျန်းမာရေး အတွက် အန္တရာယ်ရှိပါတယ်။ ဒါကို ဆိုလိုခြင်း ဖြစ်ပါတယ်။ ဒီကနေ့ ကျွန်တော်တို့ ပြည်ပကနေ ပြီးတော့ ကျွန်တော်တို့ ဆီတွေ တင်သွင်းတယ်။ တရားဝင်တာဖြစ်တဲ့၊ တရားမဝင်တာဖြစ်တဲ့ ဆီတွေ လည်း ရှိတယ်။ ကျွန်တော် သတင်းစာတစ်စောင်မှာ တွေ့လိုက်တယ်။ မန္တလေး ဆီကုန်သည်တစ်ဦးက ပြောတယ်။ ကျွန်တော်တို့ တရားဝင်သွင်းတာထက်၊ တရားမဝင်တာက (၃)ဆလောက် ဆီကို သွင်းတယ်လို့ ပြောတယ်။ မြဝတီတို့၊ မူဆယ်တို့ဘက်က။ ကျွန်တော်တို့ မွန်ပြည်နယ်ကတော့ တောင်ပေါ် ဆီလို့ ခေါ်ပါတယ်။ တောင်ပေါ်ဆီဆိုတာက ထိုင်းနိုင်ငံက ဆိုလိုတာပါ။

တောင်ပေါ်ဆီ ကျွန်တော်တို့ ပုစွန်တံဆိပ်၊ ပုစွန်ဆီလို့ခေါ်တယ် စားအုန်းဆီလို့ မသုံးဘူး။ ဒါ စာသုံးသူကို နည်းနည်း နားလှည့်ထားတာလို့ ကျွန်တော် ထင်ပါတယ်။ ကျွန်တော်တို့ ပြည်သူ များက စားအုန်းဆီ အန္တရာယ်ရှိတယ်ဆိုတာ လူတိုင်းသိပါတယ်။ ဒါကြောင့် ပုစွန်ဆီလို့ သုံးလိုက်ခြင်း အားဖြင့် ပုစွန်တံဆိပ် ရိုက်နှိပ်ပြီးတော့ ကျွန်တော်တို့ (၁၀)ပိဿာပုံးတစ်ပုံးကို ကျွန်တော်တို့ ဒီကနေ့ ဆိုရင် (၁၆၆၀၀)ဈေး ရှိပါတယ်။ ပြန်ရောင်းတဲ့အခါကျတော့ လက်လီ၊ လက်ကား ပြန်ရောင်းရင် (၁)ပိဿာ (၁၈၀၀)လောက် ပြန်ရောင်းပါတယ်။ (၁၄၀)ပဲ မြတ်ပါတယ်။ (၁)ပိဿာကို။ ဒါပေမဲ့ ပုံးကို ကျတော့ (၁၀၀၀)နဲ့ ကြိုက်သလို ရောင်းလို့ရပါတယ်။ ဝယ်တဲ့သူရှိပါတယ်။ ဒါကြောင့် ကျွန်တော်တို့ စားအုန်းဆီဟာ (၂၀၀၀)ထက်ကို မပိုပါဘူး။ မြေပဲဆီကျတော့ ကျွန်တော်တို့ တံဆိပ်အမျိုးမျိုး ရှိပါတယ်။ ဧရာဝတီ၊ အမေထွား စသည့်ဖြင့် ပြည်တွင်းက ရာနှုန်းပြည့် မြေပဲဆီ (100) Percent လို့ ရေးထားတာ (၁)ပိဿာကို (၄၂၀၀) ရှိပါတယ်။ အဲဒီတော့ ထက်ဝက်က ကွာနေတဲ့အခါကျတော့ ကျွန်တော်တို့ အဲဒီမှာ အများအားဖြင့် စားသုံးသူတွေဟာ ဈေးပေါတဲ့ဆီပဲ စားနေကြပါတယ်။ ဒါကြောင့် ဒီ ကျန်းမာရေးနဲ့ ပတ်သက်တဲ့ ရှုထောင့်က ကြည့်မယ်ဆိုရင်လည်း ကျွန်တော်တို့မှာ စားသုံးနေတဲ့ ဒီ ဆီတွေကို ကျွန်တော်တို့ FDA အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးက သေချာစိစစ်ဖို့ လိုပါတယ်။

အဲဒီတော့ ကျွန်တော် ဒီအပေါ်မှာ အကြံပြုပြီးတော့ ဆွေးနွေးချင်တာက တကယ် တနင်္သာရီ တိုင်းဒေသကြီးမှာ တကယ်တန်ဖိုးရှိပြီးတော့ အဖိုးတန်တဲ့ မြေအများအပြား အလဟဿ ဖြစ်နေတာ ဟာ ကျွန်တော်တို့မှာ ဆုံးရှုံးမှုဖြစ်ပါတယ်။ အဲဒီတော့ ဆီအုန်းကို စီးပွားဖြစ် စိုက်ပျိုးလို့ မကိုက်ဘူး ဆိုရင် အခြားသီးနှံ ကျွန်တော်တို့ ပြောင်းရပါလိမ့်မယ်။ အဲဒါက နိုင်ငံအတွက်။ ဒီအတိုင်း တောထပြီး ဒီအတိုင်းထားမယ့်အစား ကျွန်တော်တို့ မြေကို အခြားနည်းနဲ့ အသုံးပြုဖို့သင့်ပါတယ်။ အကောင်းဆုံး ကတော့ ကျွန်တော်တို့ ရာဘာ စိုက်ပျိုးရေးပါပဲ။ ကျွန်တော်ကိုယ်တိုင် တစ်ပိုင်တစ်နိုင် ရာဘာခြံ ရှိပါတယ်။ ရာဘာနဲ့ တနင်္သာရီတိုင်းဒေသနဲ့က အင်မတန် အပ်စပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာဆိုရင် ကျွန်တော်တို့ မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းဒေသကြီးပဲ ရာဘာကို အောင်အောင်မြင်မြင် စိုက်ပျိုးလို့

ရတယ်လို့ ယူဆပါတယ်။ ရိုးမကို ရွှေဖြူလွှမ်းမယ် ဘာညာဆိုတာ ဆောင်ပုဒ်တော့ ရှိပါတယ်။ ဒါပေမဲ့ တကယ့်လက်တွေ့မှာတော့ ဒါ အကျိုးဖြစ်လိမ့်မယ်လို့ ကျွန်တော် မထင်ပါဘူး။ အဲဒီတော့ အီကွေတာနဲ့ နီးလေ ကျွန်တော်တို့ ရာဘာအထွက်ကလည်း ပိုကောင်းလာလေ ဖြစ်ပါတယ်။ ဒါကြောင့် ဒီ ဆီအုန်း အစားကို ကျွန်တော်တို့ ရာဘာစိုက်ပျိုးခွင့်ပေးဖို့၊ ပေးမယ်ဆိုရင်လည်း လက်ရှိကုမ္ပဏီတွေကို ကျွန်တော်တို့ ဦးစားပေးပြီးတော့ပေးဖို့၊ သူတို့ စိုက်နိုင်တဲ့ အနေအထားကို သူတို့ကို ပြန်ပေး ပြီးတော့ ကျွန်တော်တို့ ပိုလျှံတဲ့ဟာကို ဒေသခံတွေကို (၁၀)ဧက၊ ဧက(၅၀)၊ ဧက(၁၀၀) စသည်ဖြင့် အဲဒီလိုလည်း ကျွန်တော်တို့ ပေးသင့်ပါတယ်။

အဓိကတော့ ကျွန်တော်တို့နိုင်ငံမှာ စီးပွားဖွံ့ဖြိုးတိုးတက်ဖို့က အဓိကပဲ။ ကျွန်တော်တို့ ရာဘာနဲ့ စိုက်တဲ့ ရာဘာက ရလာလို့ရှိရင် ဒီရာဘာရောင်းရတဲ့ငွေနဲ့ တကယ်စားသုံးသင့်တဲ့ ဆီကို ပြန်ဝယ်သုံးလို့ရပါတယ်။ အခုဆိုရင် ထားဝယ်ရေနက်ဆိပ်ကမ်းတို့၊ ထားဝယ်စီးပွားရေးစီမံကိန်းတွေ လုပ်နေတဲ့အခါကျတော့ ကျွန်တော်တို့ ဒီမှာ ရာဘာသာ စိုက်လိုက်လို့ရှိရင် ဒီထားဝယ်စီးပွားရေးဇုန် မှာဆိုလို့ရှိရင် ရာဘာထွက်တဲ့ ကုန်ချောထုတ်တဲ့စက်ရုံတွေ ကျွန်တော်တို့ ဆောက်လို့ ရပါတယ်။ ဒါ စက်မှုကုန်ကြမ်းသီးနှံ ဖြစ်တဲ့အတွက်ကြောင့် အလွန်အဖိုးတန်ပါတယ်။ ကျွန်တော်ကိုယ်တိုင် တနင်္သာရီတိုင်းဒေသကြီးမှာ နေခဲ့ဖူးတဲ့အတွက်ကြောင့် တစ်ခါ လွန်ခဲ့သော နှစ်(၃၀) ၁၉၇၆ ခုနှစ်က ကျွန်တော် ထားဝယ်ကနေ မြိတ်ကိုသွားတဲ့အချိန်မှာ တကယ် ရာဘာပင် လူနှစ်ဖက်သုံးဖက် ရာဘာ ပင်တွေ ကျွန်တော် တွေ့ရပါတယ်။ ဘယ်တုန်းက စိုက်ထားလဲဆိုတာ ကျွန်တော်မသိဘူး။ အဲဒီလို ရာဘာပင် ကြီးထွားဖို့များတယ် ဆိုကတည်းက၊ ကြီးထွားဖို့ရှိတယ်ဆိုကတည်းက ဒီ ရာဘာဆိုတာ အသေအချာကို ဒီ အောင်မြင်တဲ့ လုပ်ငန်းတစ်ရပ် ဖြစ်ပါလိမ့်မယ်။

ဒါကြောင့် ကျွန်တော်နိဂုံးချုပ်အနေနဲ့ ပြောကြားချင်တာကတော့ ဒီ မြေလွတ်၊ မြေလပ် ကျန်ရှိတဲ့ (၆၇၀၀၀၀)ကျော်ကို ကျွန်တော်တို့ ဆီအုန်းအစား ရာဘာကို စိုက်ပျိုးပြီးတော့ ဦးလှဆွေ ပြောခဲ့တဲ့ မြိတ်မြို့ ကမ်းနားလမ်းမှာရှိတဲ့ ခံ့ညားထည်ဝါတဲ့ ဆိုင်းဘုတ်ကြီးကိုတော့ တစ်မျိုး တစ်မည် ရေးသားပြောင်းလဲသင့်ပါပြီလို့ ပြောကြားရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင် ပါတယ်။

**အချိန်၊ ၁၁း၄၂။**

**ဥက္ကဋ္ဌ။** ။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးသိန်းလှိုင် ဆွေးနွေးနိုင် ပါပြီ။

**အချိန်၊ ၁၁း၄၂။**

**ဦးသိန်းလှိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးနဲ့ ဧည့်သည်တော်များ၊ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသိန်းလှိုင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ ရဲ့ အဆိုကို ကျွန်တော်တို့ ဒါ ဖြည့်စွက်ထောက်ခံ တင်ပြ သွားမှာ ဖြစ်ပါတယ်။ ဦးလှဆွေ ရဲ့ ဒီအဆိုမှာပါရှိတဲ့ အဆိုဟာဆိုရင် ဒါကျွန်တော်တို့ မြန်မာနိုင်ငံ တစ်ဝန်းမှာ စီမံကိန်းလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ဒါကျွန်တော်တို့ ဒါ မြေနေရာ ရယူထားတဲ့၊ တစ်နည်း

အားဖြင့် မြေနေရာဦးထားတဲ့ ပုဂ္ဂိုလ်တွေဟာ ကိုယ့်ရဲ့စီမံကိန်း အကောင်အထည် မဖော်ဘူးဆိုရင် ပြန်လည်အပ်နှံစေပြီးတော့ အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်မယ့် ပြည်တွင်း/ပြည်ပ ရင်းနှီး မြှုပ်နှံမယ့်သူတွေကို ချထားပေးဖို့ ဖြစ်ပါတယ်။ ဒါ ဒီအဆိုဟာ တကယ့်ကို နိုင်ငံတော်အတွက် စေတနာထားပြီး တင်ပြတဲ့အဆို ဖြစ်ပါတယ်။ ဒါကျွန်တော်တို့ နိုင်ငံတော်ရဲ့၊ ပြည်သူလူထု အကျိုး ရှိဖို့နဲ့ နိုင်ငံတော်ရဲ့ အခွန်အခတွေ တိုးတက်ဖို့အတွက် အမှန်တကယ်ကို လုပ်သင့်လုပ်ထိုက်တဲ့ လုပ်ငန်း ဖြစ်ပါတယ်။ အဲဒီတော့ ဦးလှဆွေ ဟာ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဆီအုန်းလုပ်ငန်းကို ဒါ ကျွန်တော်တို့ Highlight လုပ်ပြီး တင်ပြပါတယ်။ Highlight လုပ်တဲ့ ကျွန်တော်တို့ ဆီအုန်း လုပ်ငန်းဟာ ကျွန်တော့်အနေနဲ့တော့ ဒါဟာ နီးစပ်မှုလည်း မရှိဘူး။ နောက်ပြီးတော့ စောစောက ဦးစောအုန်း တို့ ဘာတို့လည်း တင်ပြသွားပြီး ဖြစ်တဲ့အတွက် ဒါနဲ့ပတ်သက်ပြီး ကျွန်တော့်အနေနဲ့ အထူးမတင်ပြ တော့ပါဘူး။ ကျွန်တော်ကတော့ ကျွန်တော်တို့ဒေသမှာဖြစ်တဲ့ကိစ္စတွေနဲ့ ပတ်သက်ပြီး ကျွန်တော် အနည်းငယ် အကျဉ်းချုပ်ပြီး တင်ပြသွားမှာ ဖြစ်ပါတယ်။

ဒါ စောစောကပြောတဲ့ စီမံကိန်းလုပ်ငန်း အမျိုးမျိုးပြပြီးတော့ မြေနေရာယူထားတဲ့ ပုဂ္ဂလိက ကုမ္ပဏီတွေ၊ ဒါ ပုဂ္ဂလိက ကုမ္ပဏီမှ မကပါဘူး။ ကျွန်တော်တို့ ဌာနဆိုင်ရာတွေလည်း ရှိပါတယ်။ အဲဒီတော့ ဌာနဆိုင်ရာတွေရှိတဲ့အတွက် စောစောက ကျွန်တော်တို့ ဒါ တင်ပြခဲ့တဲ့ ပုဂ္ဂလိက ကုမ္ပဏီအပြင် ကျွန်တော်တို့ဆီမှာဆိုရင် လက်တွေ့အားဖြင့် ဘယ်မှာတွေ့ရသလဲဆိုရင် အဲဒီလိုမျိုး နေရာဦးထားတဲ့ ဌာနတစ်ခု ရှိပါတယ်။ ဘာလဲဆိုရင် ကျွန်တော်တို့ အကျဉ်းဦးစီးဌာန ဖြစ်ပါတယ်။ ပြည်ထဲရေးအောက်က အကျဉ်းဦးစီးဌာနဟာ အဲဒီလိုပဲ သူတို့ အကျဉ်းဦးစီးဌာနရဲ့ မူဝါဒအရ ဒါ အလုပ်ကြမ်းတွေလုပ်နိုင်အောင်ဆိုပြီး မြေနေရာတွေ ယူထားပါတယ်။ မြေနေရာတွေ ယူထားတဲ့ နေရာမှာ လိုအပ်တာထက် ပိုယူတဲ့အတွက် ဒါကျွန်တော်တို့ တော်တော်လေး ရွာတွေနဲ့ အဆင်မပြေ ဖြစ်ရပါတယ်။ ပြည်သူလူထုရဲ့ အထင်အမြင်လွဲမှားမှု ခံရတယ်။

နောက်တစ်ခါ ပြည်သူလူထုမှာလည်း ဒုက္ခသုက္ခရောက်ကြပါတယ်။ အဲဒီတော့ စောစောက ပြောတဲ့ ဦးလှဆွေ ပြောတဲ့ အဆို မှာ ဒါ သူတို့မလုပ်နိုင်ဘူးဆိုရင် ပြန်အပ်ဖို့သင့်တယ်ဆိုတာ ဒါကို ပြောတာပါ။ ဘာကြောင့်လဲဆိုရင် ဒါ ကျွန်တော်တို့ အကျဉ်းဦးစီးဌာနဟာ ခုကျွန်တော်တို့ တည်ဆောက် နေတဲ့ ရာဇဂြိုဟ်ဆည်အနီးမှာ ဧက(၁၀၀၀)လောက် ယူထားပါတယ်။ ဒါကျွန်တော်တို့ ဘ၀သစ် စီမံကိန်း ဆိုတဲ့ ဒါ အကျဉ်းဦးစီးဌာနဟာ ဧက(၁၀၀၀)ကျော် ယူထားတယ်။ သို့သော်လည်းပဲ တကယ် လုပ်နိုင်တာဟာ အခုအချိန်အထိ (၆၀၀)ကျော်၊ (၆၀၀)ကျော် လုပ်တယ်ဆိုတာတောင်မှ ဒါ ပြောရ ရင်ကတော့ နည်းနည်းမပြောချင်ပါဘူး။ ဘာကြောင့်လဲဆိုရင် သူတို့လုပ်တဲ့ လယ်ရဲ့အထွက်နှုန်းဟာ ဒါ ကျွန်တော်တို့ အဲဒီနယ်မှာလုပ်တဲ့ ကျွန်တော်တို့ ဒေသခံ ရာဇဂြိုဟ်ရွာက တောင်သူတွေရဲ့ ဧက ထွက်နှုန်းနဲ့စာရင် ရယ်စရာတောင် ကောင်းပါတယ်။ တောင်သူတွေ လုပ်တာက (၁)ဧကမှာ တင်း(၁၀၀)ကျော်လောက် ထွက်တဲ့အချိန်မှာ အဲဒီဘ၀သစ်စီမံကိန်းက လုပ်တဲ့လယ်က ဒါ (၁)ဧကမှ (၁၀)တင်း၊ (၂၅)တင်းလောက် အများဆုံးမှ တင်း(၅၀)ဒီလောက်ပဲ ထွက်တာပါ။ အင်မတန်မှ ဒါ အဖြစ်လုပ်တဲ့ အနေအထားပဲ ဖြစ်ပါတယ်။ အဲဒီတော့ သူက သိမ်းထားတော့ ဧက(၁၀၀၀)ကျော် ရှိတယ်။ သို့သော်လည်းပဲ လုပ်နိုင်တာက ဧက(၆၀၀)ကျော်တောင်မှ ဒါဟာ အဖြစ်လောက် လုပ်တာပါ။ ကျန်တဲ့ဧက(၄၀၀)ကျော်ကတော့ နေရာဦးထားတဲ့ သဘောပါပဲ။ ဘာကြောင့် နေရာဦး

ထားတဲ့သဘောလို့ ပြောလို့ရသလဲဆိုရင် အဲဒီ ဧက(၄၀၀)ကျော်ထဲမှာ (၄၀၀)ကျော်ဟာ ကျေးရွာတွေရဲ့ ပနားထိလာယူပါတယ်။ ဒါ ဘယ်အချိန်မှာ သူတို့ မြေစာရင်းဦးစီးဌာနရဲ့ ဘယ်လိုများ ဆောင်ရွက်လိုက်သလဲ မသိဘူး။ တစ်ချို့ရွာတွေဟာ ရွာရဲ့ ပနားအထိ လာယူထားတဲ့အတွက် ရွာတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုမှာ ရွာရဲ့ အိမ်ခြေတွေကိုတိုးချဲ့ချင်တယ်ဆိုရင် တိုးချဲ့လို့မရတော့ဘူး။ ရွာပနားတွေပါ လာယူထားတဲ့အတွက်၊ နောက်ဆုံး ကုန်ကုန်ပြောရရင် အခုကျွန်တော်တို့ ဒါ ကျွန်တော်လည်း ဒီလွှတ်တော်မှာ မေးထားတဲ့ ရာဇဝိုပြဟ်မှာ ကျွန်တော်တို့ ဒီ တိုက်နယ်ဆေးရုံ ဆောက်ရမယ့်နေရာတောင်မှ အကျဉ်းဦးစီးဌာနကပိုင်တဲ့နေရာကို ဝင်ပြီးဆောက်ထားရတယ်။ အဲဒီလောက်အထိ ဒါ အခြေအနေ ဆိုးပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒါ ကျွန်တော် ဆိုလိုတဲ့သဘောကတော့ ဒီ မြန်မာနိုင်ငံ အနှံ့အပြားမှာ ဒီလိုကိစ္စမျိုးတွေ အများကြီး ဖြစ်ပါတယ်။ အဲဒီတော့ မြေလွတ်မြေရိုင်းမှာ ဥပဒေ၊ နည်းဥပဒေတွေ အတိအကျရှိပါတယ်။ အဲဒီမှာ ကျွန်တော်တို့ မြေငှားခတွေ၊ မြေခွန်တွေ ပေးရမယ်။

နောက်တစ်ခါ ကျွန်တော်တို့ မလုပ်နိုင်တဲ့ မြေတွေကို ပြန်အပ်ရမယ်ဆိုတဲ့ ဥပဒေ၊ နည်းဥပဒေတွေ အတိအကျရှိပါတယ်။ သို့သော်လည်းပဲ အကောင်အထည်ဖော် ဆောင်ရွက်မှု အားနည်းတဲ့အတွက် ဒါကျွန်တော်တို့ ပြန်မအပ်ကြပါဘူး။ မြေခွန်တွေဘာတွေပေးတာ၊ မြေငှားခ ပေးမယ်လို့လည်း ကျွန်တော်မထင်ပါဘူး။ ကျွန်တော်ထင်ပါတယ် ဒီ အကျဉ်းဦးစီးဌာနဟာ နိုင်ငံတော်ကို မြေခွန်ပေးဆောင်မယ်လို့ မထင်ပါဘူး။ သူလည်းဘာပဲဖြစ်ဖြစ် ဒါသူလည်း စီမံကိန်း အနေနဲ့ ယူထားတာဖြစ်တဲ့အတွက် ဒါ သူလည်းမြေငှားခတွေ၊ မြေခွန်တွေပေးဆောင်ရမယ့် တာဝန် ရှိပါတယ်။ သို့သော်လည်းပဲ ဒါတွေ ပေးဆောင်မှာ မဟုတ်ဘူး။ သို့သော်လည်းပဲ ပြန်လည်းမအပ်ဘူး။ အဲဒီတော့ နောက်ပြီး သူယူထားတဲ့ နေရာတွေကလည်း တကယ့်ကို ရွာနားကပ်ပြီး နေရာယူထားတယ်။ နောက်တစ်ခါ ရွာစားကျက်မြေပါ ပါတယ်။ အဲဒီတော့ ဒါလေးတွေကိုများ ပြန်ပေးလိုက်မယ်ဆိုရင် ဒါကျွန်တော်တို့ ဒေသခံပြည်သူလူထုအတွက်လည်း အကျိုးရှိမယ်။ နောက်တစ်ခါ နိုင်ငံတော် အတွက်လည်း အခွန်အခတွေ ရလာမယ်။ ဒါအကျိုးကျေးဇူးတွေ အများကြီးရှိပါတယ်။

ဒါကြောင့်မို့ ကျွန်တော့်အနေနဲ့ အကျဉ်းချုပ် ကျွန်တော် တင်ပြချင်တာကတော့ ဦးလှဆွေ ရဲ့ အဆိုအတိုင်းပဲ ကျွန်တော်တို့ဟာ အမှန်တကယ် အကောင်အထည် ဖော်နိုင်တာတွေကိုတော့ ယူပါ။ အကောင်အထည် မဖော်နိုင်ဘဲနဲ့ နေရာဦးထားတဲ့ကိစ္စတွေကိုတော့ ဘာပဲဖြစ်ဖြစ် ဒါ လုပ်ထုံးလုပ်နည်း များနဲ့အညီ နိုင်ငံတော်ကို ပြန်အပ်ပေးမယ်ဆိုရင် ဒါ ကျွန်တော်တို့ ပြည်သူလူထုမှာလည်း အကျိုး ရှိမယ်၊ နိုင်ငံတော်မှာလည်း အခွန်ဘဏ္ဍာတွေ ရရှိပါမယ်။ ဒါကြောင့်မို့ ဦးလှဆွေ ရဲ့ အဆိုကို ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၄၉။**

**ဥက္ကဋ္ဌ**။ ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုး ဆွေးနွေး နိုင်ပါပြီ။

**အချိန်၊ ၁၁း၄၉။**

**ဒေါက်တာဗညားအောင်မိုး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားရိုသေရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနဲ့တကွ ကြွရောက်လာသော ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်နဲ့ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းကြပါစေလို့ ဆုမွန်ကောင်းတောင်းပြီး ဂါရဝပြုလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)ဖြစ်တဲ့ ရေးမြို့နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာဗညားအောင်မိုး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးလှဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၏ နိုင်ငံတော်တစ်ဝန်းတွင် စီမံကိန်းလုပ်ငန်း အမျိုးမျိုးပြု၍ မြေနေရာယူထားသော ပုဂ္ဂလိကကုမ္ပဏီ ငယ်/လတ်/ကြီး တို့ဖြင့် အမည်ပေါက် ပိုင်ဆိုင်ထားမှုတွင် အမှန်တကယ် စီမံကိန်းလျှောက်ထားချက်အတိုင်း အကောင်အထည်မဖော်နိုင်ပါက ပြန်လည်အပ်နှံပြီး အမှန်တကယ်လုပ်ကိုင် ဆောင်ရွက်မည့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများအား ချပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားပါမယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးလှဆွေ တင်ပြတဲ့အချက်များဟာ တကယ်အမှန်ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ဖြစ်ပါတယ်။ ဒီလိုဖြစ်ခဲ့တာကို လူပုဂ္ဂိုလ်အနေနဲ့ အပြစ်မမြင်ဘဲနဲ့ စနစ်ကြောင့် ဖြစ်ခဲ့တယ်လို့ မြင်သင့်ပါတယ်။ ၁၉၈၈ ခုနှစ်ကစပြီး၊ န.ဝ.တ အစိုးရတက်လာပြီး ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးခဲ့တယ်။ ဈေးကွက်စီးပွားရေးစနစ်ကို တပ်မတော်စစ်အစိုးရက ဖော်ဆောင်ခဲ့တယ်။ အစိုးရပုံစံကတော့ အားလုံးသိတဲ့အတိုင်းပဲ ဒီမိုကရေစီနည်းနဲ့ တက်လာတဲ့ အစိုးရမဟုတ်ဘူး။ တပ်မတော်ခေါင်းဆောင်လူတစ်စုက ဦးဆောင်ပြီး အောက်ခြေအဖြစ်မှန်၊ အခြေအနေအမှန်ကို ဒီကနေ့လိုကျယ်ကျယ်ပြန့်ပြန့်နဲ့ ပြည်သူတွေဆီက သတင်းအချက်အလက် ရခဲ့မှာမဟုတ်ဘူး။ အဲဒီလို အခြေအနေမှာ စီးပွားရေး အခွင့်အရေးသမားတွေရဲ့ အကျိုးအမြတ်၊ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်များတွေနဲ့ နားလည်မှုယူပြီးတော့ လုပ်ကြတာ အတော်များများ ရှိခဲ့ပါတယ်။ ဒါကို ကျွန်တော်တို့ လူပုဂ္ဂိုလ်ကို အပြစ်မမြင်တော့ဘဲ ခေတ်စနစ်ကြောင့် ဖြစ်ခဲ့တဲ့ ဖြစ်ရပ်၊ ခေတ်စနစ်ကြောင့် တိုင်းပြည် နစ်နာခဲ့တဲ့ ဖြစ်ရပ်ရယ်လို့ မှတ်ယူသင့်ပါတယ်။ ဒီတော့ ကျွန်တော်တို့တိုင်းပြည် ဆက်ပြီးတော့ မနစ်နာစေရန် တကယ့်မြေကို အသုံးချပြီး စိုက်ပျိုးနိုင်တဲ့ တောင်သူလယ်သမားတွေ၊ တကယ်လုပ်နိုင်တဲ့ အဖွဲ့အစည်းတွေကို ပြန်ချပေးရင် တိုင်းပြည်အတွက် အကျိုးပြန်လည် ဖြစ်ထွန်းလာမယ်လို့ ကျွန်တော် မြင်ပါတယ်။ ကျွန်တော်တို့ တိုင်းရင်းသား၊ နိုင်ငံသားအတွက်လည်း အကျိုးအများကြီး ရှိမယ်လို့လည်း မြင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံသားတွေဟာ မလေးရှား၊ ထိုင်းနိုင်ငံမှာသွားပြီး အလုပ်လုပ်နေကြတာ အတော်များပါတယ်။

နောက်ပြီးတော့ အဲဒီနိုင်ငံတွေ သွားလုပ်တဲ့နေရာမှာ ဆီအုန်းခြံမှာ အလုပ်လုပ်ခဲ့ဖူးတဲ့သူလည်းရှိမယ်။ ဆီအုန်းထုတ်လုပ်တဲ့ အတွေ့အကြုံ၊ ဗဟုသုတရှိတဲ့သူလည်း ရှိမယ်။ တချို့ကရာဘာစိုက်ပျိုးရေးနဲ့ ထုတ်လုပ်ရေး အတွေ့အကြုံရှိမယ်။ တနင်္သာရီတိုင်းကို ကျွန်တော်တို့ကြည့်မယ်ဆိုရင် အခုလက်ရှိ ဦးလှဆွေ တင်ပြတဲ့ နေရာဟာ တနင်္သာရီတိုင်းမှာရှိတယ်။ အဲဒီတနင်္သာရီတိုင်းဆိုတာ အီကွေတာနဲ့ အနီးဆုံးမှာရှိတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ ဒေသတစ်ခုဖြစ်တယ်။

အနောက်ဘက်မှာ အက်ဒမန်ပင်လယ် ရှိတယ်။ တနင်္သာရီတိုင်းဟာ အက်ဒမန်ပင်လယ်ရဲ့ ကမ်းခြေ ဖြစ်တယ်။ အရှေ့ဘက်မှာ ထိုင်းနိုင်ငံ ကမ်းရိုးတန်းဒေသ၊ ထိုင်းပင်လယ်ကွေ့ရှိတယ်။ ဒါကြောင့် တနင်္သာရီတိုင်းဒေသကြီးဟာ မလေးရှားကျွန်းဆွယ်မှာပါဝင်ပြီး ရာသီဥတု၊ ရေ၊ မြေ၊ သဘာဝဟာ ဆီအုန်းနဲ့ ရာဘာအများဆုံးထွက်တဲ့ ထိုင်းနိုင်ငံတောင်ပိုင်းနဲ့ မလေးရှားနိုင်ငံပြီးရင် ဆီအုန်းနဲ့ ရာဘာ စိုက်ပျိုးရေးကို အကောင်အထည်ဖော်ဖို့ အကောင်းဆုံး ကျွန်တော်တို့တိုင်းပြည်ရဲ့ ဒေသတစ်ခု ဖြစ်ပါတယ်။ ဆီအုန်းစိုက်ပျိုးရေးနဲ့ ပတ်သက်ပြီးတော့ ကျွန်တော်အနည်းအကျဉ်း ဆွေးနွေးလိုပါတယ်။ အခု ကျွန်တော်တို့ မွန်ပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ဘက်မှာ တည့်တည့်ဖြစ်တဲ့ ထိုင်းနိုင်ငံ ထောင်ဗာဘူမြို့နယ်၊ ကချနာပူရီခရိုင်မှာ ဆီအုန်းစိုက်တာ အောင်မြင်တာ ကျွန်တော်တွေ့ခဲ့ရပါတယ်။

နောက်ပြီးတော့ ကျွန်တော်တို့ အပေါင်းအသင်းထဲက ဘုရားသုံးဆူမယ်၊ အဲဒီမျိုးတွေယူ ပြီးတော့ ဘုရားသုံးဆူမှာ စိုက်တယ်။ အခု(၃)နှစ်အတွင်း အသီးအောင်တယ်လို့ပြောတယ်။ အဲဒီတော့ ခုနတုန်းက အခု ကျွန်တော် ပြောတဲ့နေရာဟာ ဒီ တနင်္သာရီတိုင်းရဲ့ မြောက်ဘက်ကို အဝေးကြီး ဖြစ်ပါတယ်။ အဲဒီတော့ ဒီစိုက်ပျိုးရေးလုပ်ငန်း လုပ်တဲ့နေရာမှာ ဘာလဲဆိုတော့ သေသေချာချာလုပ်၊ စနစ်တကျလုပ်၊ အခု ဦးလှဆွေ ပြတဲ့ပုံမှာဆိုရင် ဆီအုန်းပင်တွေ နွယ်တွေပတ်ပြီးတော့ ချုံတွေအုပ်၊ အဲဒီ နွယ်ပတ်၊ ချုံအုပ်ခြင်းအားဖြင့် မြေသြဇာကို ဒီချုံတွေ၊ ဒီနွယ်တွေ၊ ဒီအပင်တွေက လုစားတဲ့အခါ ကျတော့ ဆီအုန်းပင်က အာဟာရ သိပ်မရဘူး။ အပြည့်အဝ သီးဖို့ဆိုတာ မလွယ်ဘူး။ နောက်ပြီးတော့ ဆီအုန်းကို ဓာတ်မြေသြဇာ ကျွေးရတာရှိတယ်။ အခု အဲဒီပုံကို ကြည့်လိုက်မယ်ဆိုရင် မြေသြဇာလုံးဝ ပေးလို့မရတဲ့ အခြေအနေမှာရှိတယ်။ တကယ်လို့ မြေသြဇာ ပေးမယ်ဆိုတာတောင်မှ အဲဒီချုံတွေ၊ အဲဒီနွယ်တွေ၊ အဲဒီခုန မလိုလားအပ်တဲ့ အပင်တွေပဲ စားလိုက်ပြီးတော့ ဆီအုန်းပင်က သိပ်ပြီး မြေသြဇာကို စားရမှာ မဟုတ်ဘူး။ ဒါကြောင့် လုပ်တဲ့နေရာမှာ ဒီစိုက်ပျိုးရေးလုပ်တဲ့နေရာမှာ ဒါဟာ စနစ်မကျဘူး။ ဂရုမစိုက်ဘူးဆိုတဲ့သဘော၊ ဒါမကြည့်ရှုနိုင်ဘူးလို့လည်း ဖြစ်နိုင်တယ်။ နောက်ပြီး တော့ သူတို့ ဆီအုန်းကိုစိုက်တဲ့ နေရာမှာလည်းပဲ ဒေသတစ်ခုနဲ့တစ်ခု ကိုက်ညီတဲ့မျိုးဆိုတာ ရှိသေး တယ်။ ပင်လယ်နဲ့ ဘယ်လောက်ဝေးတဲ့ အခါမှာ စိုက်တဲ့မျိုး၊ နောက်ပြီးတော့ ပင်လယ်နဲ့ ဝေးတဲ့ နေရာမှာ စိုက်တဲ့မျိုး၊ မြေနည်းနည်းမြင့်တဲ့နေရာမှာ စိုက်တဲ့မျိုး ဒါမျိုးလည်း ကွဲနိုင်သေးတယ်။ နောက်ပြီးတော့ မျိုးရဲ့ သုတေသနကလည်းပဲ ဒီ မလေးရှားတို့၊ ထိုင်းတို့မှာ သေချာ သူတို့ သုတေသန လုပ်ကြပါတယ်။

နောက်ပြီးတော့ ဟိုက ကြော်ငြာကောင်းတာနဲ့ ကျွန်တော်တို့ သွားဝယ်လာတယ်။ နောက်ပြီးတော့ ဒီမှာစိုက်တဲ့အခါကျတော့ ကြော်ငြာတဲ့အတိုင်း မဖြစ်တာလည်း ဖြစ်နိုင်တယ်။ အခု ရာဘာစိုက်တဲ့ အတွေ့အကြုံမှာ ကျွန်တော်တို့ မွန်ပြည်နယ်မှာ အများကြီးရှိပါတယ်။ အချို့က ကြော်ငြာထားတာ မျိုးပင်ဘယ်လို ဘယ်လို၊ ဘာနံပါတ် ဘယ်လောက် ဘယ်လောက်၊ အထွက်နှုန်းက ဘယ်လောက် ဘယ်လောက် ဆိုပြီးတော့ တကယ်တမ်းစိုက်ပြီးတဲ့ အခါကျတော့၊ တကယ်တမ်း ထွက်လာတဲ့အချိန်မှာ လုံးဝ ဒီကြော်ငြာနဲ့ မတူတာရှိတယ်။ အဲဒီတော့ ဒီနေရာမှာ ကျွန်တော် ကြားဖူး တယ်။ ဒီဆီအုန်း ပြဿနာမှာလည်း၊ ဒီမျိုးဆိုတဲ့ ပြဿနာမှာလည်း ရှိပါတယ်။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် အလုပ်တကယ်လို့ မအောင်မြင်ဘူးဆိုရင် ကျွန်တော်တို့ ဘာလဲဆိုတော့ ဒါဆုံးရှုံးနေတယ်။ တိုင်းပြည် လည်း ဆုံးရှုံးတယ်။ အခု ကျွန်တော်တို့က အကောင်းဆုံးက ဘာလဲဆိုတော့ ဆင်းရဲမှုလျှော့ချရေး၊

ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုတဲ့ ရည်ရွယ်ချက်နဲ့ မြေမဲ့ယာမဲ့တွေကို၊ အဲဒီမစိုက်ပျိုးဖြစ်တဲ့ မြေတွေကို ခုနတုန်းက ဦးစောအုန်း ပြောတဲ့ ပုံစံအတိုင်းချပေးမယ် သို့မဟုတ် လုပ်နိုင်တဲ့ ကုမ္ပဏီတွေက ဆက်လုပ်မယ်။ နောက်ပြီးတော့ ရာဘာစိုက်တာ ဝါသနာပါရင် ရာဘာစိုက်မယ်။ ဆီအုန်းစိုက်တာ ဝါသနာပါရင် ဆီအုန်းစိုက်မယ်ဆိုရင် တိုင်းပြည်အတွက် အကျိုးရှိပါတယ်။ နောက်ပြီးတော့ ဆီအုန်းမှာ ပြဿနာ၊ ဦးစောအုန်း ပြောတဲ့ ပြဿနာ တကယ်လည်းရှိတယ်။ ဘာလဲဆို စက်ရုံရှိဖို့ လိုတယ်။ ဆီအုန်းကို ခူးပြီးတာနဲ့ အချိန်အကန့်အသတ်အတွင်းမှာ စက်ရုံကို ရောက်ပြီးတော့ ဒါကိုဆီကြိတ်ရမယ်။ နောက်မဟုတ်ဘူးဆိုရင် သူရဲ့ပြောင်းလဲမှုက တစ်မျိုးမျိုးဖြစ်ပြီးတော့ ဒီဆီဟာ မကောင်းတော့ဘူး။ အထွက်နှုန်းလည်း ကျတယ်။ ဆီရဲ့ Quality လည်း ကျတယ်။ အဲဒီတော့ အချိန်အကန့်အသတ်နဲ့ စက်ရုံကိုပို့ရမယ်။ စက်ရုံလည်းရှိရမယ်။ စက်ရုံကနေပြီး ဆီကြမ်းထုတ်ပြီးတော့၊ နောက်ဆီချောလုပ်ဖို့ ဆိုတဲ့ စနစ်လည်း ရှိရမယ်။ ဒါကတော့ ဒီလောက်ဈေးမကြီးဘူး။ ကျွန်တော်တို့နိုင်ငံအနေနဲ့ တကယ်တမ်း စနစ်တကျ လုပ်မယ်ဆိုရင် လုပ်လို့ရပါတယ်။ စနစ်တကျ မလုပ်လို့ဆိုရင်တော့ ဒါဖြစ်လာမှာ မဟုတ်ဘူး။ အဲဒါတော့ အဖက်ဖက်က တကယ်လို့ ဆီအုန်း လုပ်မယ်ဆိုရင်လည်းပဲ အဖက်ဖက်က ဝိုင်းဝန်းထိန်းကျောင်းဖို့တော့ လိုပါတယ်။ ရာဘာကတော့ အတွေ့အကြုံပိုများတဲ့ အတွက်ကြောင့် ဒီ အမတော်ကြေးတို့ စသည်ဖြင့် ဥပမာ - အခု ကျွန်တော်တို့ နိုင်ငံမှာ အခုနိုင်ငံတကာမှာ အလုပ်သွားလုပ်တာ ထိုင်းတို့၊ မလေးရှားတို့မှာ အများကြီး၊ အလုပ်သမားတွေ၊ ဆီအုန်းမှာ လုပ်ကြတယ်၊ ရာဘာခြံမှာ လုပ်ကြတယ်။ အချို့လူတွေ ပြန်လာတယ်။ သူတို့မှာ တကယ်လို့ စိုက်ပျိုးရေးကို ဝါသနာပါတယ်။ ထိထိရောက်ရောက် လုပ်မယ်ဆိုရင် အဲဒီပုဂ္ဂိုလ်တွေ၊ အဲဒီ ကျွန်တော်တို့ နိုင်ငံသားတွေကို နေရာချပေးမယ်ဆိုရင်၊ နိုင်ငံသားတွေအတွက်လည်း အကျိုးရှိတယ်။ ကျွန်တော်တို့ တိုင်းပြည်အတွက်လည်း ကုန်ထုတ်လုပ်မှုမှာ အများကြီးအကျိုးပြုလိမ့်မယ်။

အဲဒါကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဒီလို ဦးလှဆွေ တင်ပြတဲ့ အဆိုဟာ ကျွန်တော်တို့ တိုင်းပြည်ရဲ့ ကုန်ထုတ်လုပ်ရေး၊ နောက်ပြီးတော့ ဆင်းရဲသား လျှော့ချမှုကိုလည်း အထောက်အကူ ပြုနိုင်တယ်။ နောက်ပြီးတော့ ကျေးလက်ဒေသဖွံ့ဖြိုးရေးကိုလည်း အထောက်အကူ ပြုနိုင်တယ်။ အဲဒီအတွက်ကြောင့် ကျွန်တော် အလေးအနက် ထောက်ခံပါတယ်လို့ ပြောကြားရင်းနဲ့ နိဂုံးချုပ်ပါတယ်။

**အချိန်၊ ၁၁း၅၉။**

**ဥက္ကဋ္ဌ။** ။ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးစောအောင်ကျော်နိုင်(ခ) ရှားဘူးဖော့ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၁း၅၉။**

**ဦးစောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားရတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနဲ့ ဒုတိယဝန်ကြီး၊ ကိုယ်စားလှယ်တော် လူကြီးမင်းများ အားလုံးကျန်းမာရွှင်လန်းကြပါစေခင်ဗျား။ မကွေးတိုင်း မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ တင်သွင်းသွားတဲ့ နိုင်ငံတစ်ဝန်းလုံးမှာ စီမံကိန်းလုပ်ငန်းအမျိုးမျိုးပြုပြီးတော့ မြေနေရာရယူထားတဲ့ ပုဂ္ဂလိကကုမ္ပဏီ အငယ်/အလတ်/အကြီးတို့နဲ့ အမည်ပေါက် ပိုင်ဆိုင်ထားမှုမှာ အမှန်တကယ်စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည်မဖော်နိုင်ပါက မူလအဆို

ခေါင်းစဉ်အရ ပြန်လည်သိမ်းယူပြီး၊ ဒါမှမဟုတ် ပြန်လည်အပ်နှံစေပြီး၊ အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်မယ့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများအား ချထားပေးရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို ကျွန်တော် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် စောအောင်ကျော်နိုင်(ခ)ရှားဘူးဖော့ မှ နေပြီးတော့ ကိုးကားထောက်ခံ ဆွေးနွေးသွားပါ့မယ်ခင်ဗျား။

အထူးလေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးလှဆွေ တင်သွင်းသွားတဲ့ အဆိုအကြောင်းအရာပါကိစ္စများနည်းတူ ကျွန်တော်တို့ ကရင်ပြည်နယ်မှာရှိတဲ့ မြို့နယ်အတွင်း ဖြစ်ပျက်နေတဲ့ အခြေအနေပေါင်းများစွာ ရှိနေကြပါတယ်။ အဲဒီအခြေအနေပေါင်း များစွာထဲကနေ အဆိုနဲ့ဆက်စပ်ပြီးတော့ အကျုံးဝင်တဲ့ ထူးထူးခြားခြား နားမလည်လောက်အောင် စီမံကိန်းပြ ချထားပေးသော အခွင့်အရေးများကိုလည်း ခံစားကြရုံသာမက လက်ရှိအတည်ပြုပြီး ဥပဒေ၊ နည်းဥပဒေများ၊ တည်ဆဲ မြေယာဥပဒေ၊ နည်းဥပဒေများ၊ စာချုပ်စည်းကမ်း သတ်မှတ်ချက်များကို ဖောက်ဖျက်ကျူးလွန်ရုံသာမက ပြည်သူလူထုများရဲ့ ဆန္ဒသဘောထားများကိုပါ လျစ်လျူရှုပြီး ပုဂ္ဂလိကလုပ်ငန်းရှင်၊ ကုမ္ပဏီများကိုသာ ယနေ့အထိ တစ်ဖက်သတ် ကာကွယ်ပေးနေတဲ့ လက်တွေ့ ကျကျ၊ သာဓကအမှန်၊ အကြောင်းအကျိုး သက်သေအထောက်အထားနှင့်တကွ နိုင်ငံတော်နဲ့ ပြည်သူတို့ရဲ့ အကျိုးငှာ အခြေပြုတင်ပြထောက်ခံဆွေးနွေးသွားပါမယ်ခင်ဗျား။

လေးစားရတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို ဖတ်ကြားတင်သွင်းခွင့်ပြုပါ။ ကရင်ပြည်နယ်၊ ဘားအံမြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ်(၂)၊ ဦးပိုင်အမှတ်(၇)၏ ဧရိယာ(၃.၁၂၅) ဧကရှိ မြို့မဘောလုံးအားကစားကွင်း အမည်ပေါက် အားကစားနည်း ကျောက်တိုင်ကွင်းအဖြစ် ၁၉၇၀ ပြည့်နှစ် အစိုးရအဆင့်ဆင့်လက်ထက်မှ ယနေ့ထိတိုင် သတ်မှတ်ခဲ့ရာမှာ နိုင်ငံ့ဂုဏ်ဆောင် ထူးချွန် အားကစားသမားများစွာကို လေ့ကျင့်မွေးထုတ် ပျိုးထောင်ပေးခဲ့သော သမိုင်းဝင်ပြည်နယ် ဂုဏ်ဆောင် မြို့မအားကစားကွင်းကြီးတစ်ကွင်း ဖြစ်ခဲ့ပါတယ်။ ကရင်ပြည်နယ် မြို့တော်ဘားအံရဲ့ အဓိက တစ်ကွင်းတည်းသော မြို့မဘောလုံးအားကစားကွင်းကို တပ်မတော်အစိုးရလက်ထက် ၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့မှ ၂၀၉၀ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့ထိ နှစ်(၉၀) မြေငှားရမ်းဂရန်ကို ယခင် ပ.ယ.က ဥက္ကဋ္ဌ၏ အမိန့်ဖြင့် ဘားအံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ DKBA မြတ်ငွေးကြွယ်လင်းကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးစောကျော်သန်း သို့ စည်းကမ်းသတ်မှတ်ချက်များနဲ့အညီ သုံးထပ်ကုန်တိုက်ကြီး Mini Market နှင့် ဟိုတယ်ဆောက်လုပ်ရန် ပေးလိုက်သည်၊ ဒါမှမဟုတ် ရောင်းလိုက်သည် ဖြစ်ခြင်းကြောင့် မြို့နယ်အသီးသီးရှိ မြို့ပေါ်ရပ်ကွက် အားလုံးရှိ ပြည်သူလူထုများ တအံ့တသြဖြင့် မမေးရဲ၊ မပြောရဲ၊ စိတ်မချမ်းမြေ့ဖွယ်ရာ ခံစားခဲ့ကြရပါတယ်ခင်ဗျား။

မြို့နယ်အသီးသီး ရပ်ကွက်အားလုံးရှိ ပြည်သူများကလည်း အံ့သြရုံမက ကရင်ပြည်နယ်အတွင်းရှိ ရှိရှိသမျှ စီးပွားရေးလုပ်ပိုင်ခွင့်မျိုးစုံ ရပိုင်ခွင့်တောင်းဆို လက်ညှိုးထိုးမကုန်အောင် ကျေးရွာပြည်သူလူထု မျက်ရည်ခံထိုးရတဲ့ စီးပွားရေးကဏ္ဍတစ်ခုမကျန် အကျိုးတူလုပ်ပိုင်ခွင့် ချထားပေးတဲ့အထဲက အာဇာနည်ကျောက်တိုင်ကွင်းတစ်ကွင်း တစ်နည်းအားဖြင့် မြို့ဂုဏ်ဆောင် သမိုင်းဝင် ကွင်းတစ်ကွင်းတည်းရှိသော မြို့မဘောလုံးအားကစားကွင်းကြီးကိုပါ အလွတ်မပေးဘဲ

ချထားပေးသဖြင့် ပြည်သူလူထုများ စိတ်ဆင်းရဲနေကြရပါတယ်ခင်ဗျား။ ယခုအခါမှာတော့ မြို့ပေါ် ရပ်ကွက်အသီးသီးရှိ ပြည်သူလူထုများ၊ ကျောင်းသားလူငယ် အားကစားသမား၊ အများ အားထားရတဲ့ ဘောလုံးအားကစားကွင်းလည်းပျောက်၊ ကုန်တိုက် Mini Market၊ ဟိုတယ်စီမံကိန်းကြီး လည်း ယနေ့ထိ ဖြစ်မလာ၊ မကြာမီအတွင်းမှာပဲ အခြားပုဂ္ဂလိက စီးပွားရေးကုမ္ပဏီ လုပ်ငန်းရှင်များ ဝင်ရောက်ခြယ်လှယ်ပြီးတော့ ကုမ္ပဏီအဆင့်ဆင့် လုပ်ငန်းဖြင့် တစ်ဦးပြီးတစ်ဦးသို့ အထက်ပါကွင်းကြီးကို သက်ရောက်မှု ထောင်သောင်းများစွာ တိုးတိုးပြီးတော့ ယနေ့ထိ မူလတင်ပြခွင့်ပြုချထားပေးစဥ်ကအတိုင်း မည်သည့် စီမံကိန်းတစ်စုံတစ်ရာမျှ အကောင်အထည်မဖော်ဘဲ အရောင်းကုန် သဖွယ်အဖြစ်ကို ပြည်ထောင်စုပြည်ထဲရေးဝန်ကြီးဌာနမှ လေ့လာစုံစမ်းစိစစ်ချက်အရ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့မှာ ရောင်းဝယ်မှု အရပ်ကတိစာချုပ်ဖြင့် ဦးဟန်စိုး ဆိုသူသို့လည်းကောင်း၊ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့မှာ ဦးဆူဟဲ(ခ)ဦးအောင်ဝင်း ရောင်နီဦး ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီသို့လည်းကောင်း ရောင်းချခဲ့ကြောင်းအပေါ် ရပ်ကွက်ပြည်သူလူထု များက စိတ်မကောင်းခြင်းကြီးများစွာဖြင့် မကျေမနပ် ဖြစ်နေကြရပါတယ်။

အထူးလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ မူလကတည်းက သင့်တင့်လျောက်ပတ်ပြီးတော့ ယနေ့အထိ အားကစားလောက အစဥ်အလာကြီးမားစွာ ရှိခဲ့တဲ့ မြို့မအာဇာနည်ကျောက်တိုင်ကွင်း မြေနေရာကိုတော့ ၂၀၀၀ ခုနှစ်၊ ပ.ယ.က ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရ အဆင့်ဆင့်လက်ထက်မှ မြတ်ဒွေးကြွယ်လင်းကုမ္ပဏီသို့လည်းကောင်း၊ တဖန် ဦးဟန်စိုး သို့လည်းကောင်း၊ ပြီးလျှင် ဦးဆူဟဲ(ခ)ဦးအောင်ဝင်း ရောင်နီဦးကုမ္ပဏီ ပုဂ္ဂလိကလုပ်ငန်းရှင်သို့လည်းကောင်း၊ ယခု ဒီမိုကရေစီအစိုးရ ပြည်နယ်ဝန်ကြီးချုပ်လက်ထက် ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင် ဦးမိုးကျော် ငွေမိုးကုမ္ပဏီသို့လည်းကောင်း၊ ပြည်သူများ၏ မျက်နှာကိုပင်မထောက်၊ အားကစားလောကကို အလေးမထား၊ ပြည်နယ်ဂုဏ်ကို ညှိုးမှိန်ကျဆင်းစေသော အရောင်းကုန် သဖွယ် အမြတ်အစွန်း ရသထက်ရအောင် အဆင့်ဆင့်ရောင်းစားနေကြသည်ကို အားကစားသမားများ မျှော်မှန်းပျောက်ကွယ်ရတဲ့ အကြောင်းအရင်းဖြစ်သော ကွင်းကြီးအား နိုင်ငံတော်မှစာနာပြီး ကရင်ပြည်နယ်၏ အားကစားလောက ပြန်လည်ထွန်းကားလာနိုင်ရေးအတွက် ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၅ ရက်နေ့ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌမှ ဘားအံမြို့လူထု တွေ့ဆုံပွဲမှာ မြို့ပေါ်ရပ်ကွက်အသီးသီးရှိ မိဘပြည်သူလူထုများ၏ဆန္ဒအရ ကျွန်တော်မှ အထောက်အထား မှတ်တမ်းများနှင့်တကွ တင်ပြမေးမြန်းတောင်းဆိုခဲ့ရာမှာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မှ ပြည်ထဲရေး၊ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့အား အထူးအရေးကြီး ကိစ္စရပ်တစ်ခုအဖြစ် လက်မလွှန်ခင် စီမံကိန်းကို ချက်ချင်းရပ်ဆိုင်း၍ ပြည်သူတို့၏ဆန္ဒအတိုင်း မြေယာတည်ဆဲဥပဒေ၊ နည်းဥပဒေအရ အမြန်ဆုံးစိစစ် ပြန်လည်အကောင်အထည်ဖော် ချမှတ်ဆောင်ရွက်ပေးရန် ပြည်သူလူထုများရှေ့မှာ လမ်းညွှန် မိန့်ကြားခဲ့ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌရဲ့ လမ်းညွှန်မိန့်ကြားချက်နဲ့ ကျွန်တော်၏ တင်ပြချက်အပေါ်မှာ အထွေထွေအုပ်ချုပ်ရေးဌာန၏ ၂၈-၁၁-၂၀၁၂ ရက်၊ နေ့စွဲပါ ရည်ညွှန်းချက် စာအမှတ်၊ ၁၀၀/၃-၃/ဥငရ အရသော်လည်းကောင်း၊ ကရင်ပြည်နယ်၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရဲ့ ၂၀၁၂ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်၊ နေ့စွဲပါ ရည်ညွှန်းချက်စာအမှတ်၊ ၂၀၀/၀-၅၁ ဥ/ဥ-၁၊

အရ သော်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ စိစစ်စုံစမ်းလေ့လာခဲ့သဖြင့် ပြည်ထောင်စု ဝန်ကြီး၊ ဒုတိယဗိုလ်ချုပ်ကြီးကိုကို မှ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်၊ နေ့စွဲပါစာအမှတ်၊ ပထရ/၂-၃ (၂၂၅၂)/၂၀၁၂ ဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ထံသို့ လုပ်ထုံးလုပ်နည်းနဲ့ အညီ နှစ်(၉၀)၊ နှစ်ရှည်မြေငှားရမ်းဂရန် ထုတ်ပေးထားခြင်းကို ပယ်ဖျက်၍ အစိုးရစီမံခန့်ခွဲပိုင်ခွင့် ရှိသော မြေအဖြစ် ပြန်လည်သိမ်းယူပြီး ပြည်သူလူထု၏ အကျိုးစီးပွားအတွက် လိုအပ်သည်များကို ဆောင်ရွက်ပေးရမည်ဟု အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ မိတ္တူပေးပို့ လက်မှတ်ရေးထိုး ညှိနှိုင်းအကြောင်းကြားခဲ့ပြီး ဖြစ်ပါတယ်။ လေ့လာစုံစမ်းစိစစ်ချက်များ မြေငှား ဂရန်စာချုပ်ပါ စည်းကမ်းဖောက်ဖျက်ချက်များနဲ့ တည်ဆဲမြေယာဥပဒေ၊ နည်းဥပဒေ စည်းကမ်းများ လိုက်နာရန် ပျက်ကွက်ခြင်းများကြောင့် ညှိနှိုင်းအကြောင်းကြားချက်များကို အနည်းငယ် ကောက်နုတ် ပြီး ဖတ်ကြားခွင့်ပြုပါ ဥက္ကဋ္ဌကြီးခင်ဗျား။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထဲရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ စာအမှတ်၊ ပထရ/၂-၃/၂၀၁၂၊ ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်၊ သို့ ဝန်ကြီးချုပ်၊ ကရင်ပြည်နယ် အစိုးရအဖွဲ့ဆိုပြီးတော့ ညွှန်ကြားခဲ့ပါတယ်။ အဲဒီညွှန်ကြားစာတွေအားလုံး မဟုတ်သည့်တိုင်အောင် နည်းနည်းကောက်နှုတ်ပေးရမယ်ဆိုရင် အမှတ်စဥ်(၁)မှာ ခေတ်မီသုံးထပ်တိုက်၊ကုန်တိုက်နှင့် ဟိုတယ် ဆောက်လုပ်ရာ မြတ်ငွေးကြွယ်လင်း ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးစောကျော်သန်း ၂၀၀၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂၄ ရက်မှ ၂၀၉၀ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေထိ နှစ်ရှည် မြေငှားရမ်းဂရန်ကို ဘားအံခရိုင်အထွေထွေအုပ်ရေးဦးစီးဌာန မှ ထုတ်ပေးခဲ့ကြောင်း စိစစ်တွေ့ ရှိရပါသည်။

အမှတ်စဥ်(၂)မှာ ၎င်းအပြင် မြေငှားရမ်းဂရန်စာချုပ်တွင်ပါရှိသော စည်းကမ်းချက် အပိုဒ်(၂)(၄)(၅)(၆)တို့တွင် အောက်ပါအချက်များကို ထည့်သွင်းဖော်ပြထားကြောင်း စိစစ်တွေ့ရှိရ ပါတယ်။ ဒါ နောက်ဆက်တွဲ (က)(ခ)(ဂ)နဲ့ ပြထားပေမယ့် ကျွန်တော် ကောက်နှုတ်ပြီး ပြရမယ်ဆိုရင် ပြဋ္ဌာန်းချက်(ဂ)မှာ လျှောက်ထားသူသည် ဂရန်စာချုပ်ရရှိသော မြေကွက်အပေါ်ရှိ အဆောက်အဦကို လျှောက်ထားစဥ်က တင်ပြထားသည့် ကိစ္စအပြင် အိမ်ငှား သို့မဟုတ် အငှားတန်းလျား သို့မဟုတ် အခြားကိစ္စများအတွက် ခရိုင်အုပ်ချုပ်ရေးမှူး၏ သဘောတူညီချက်မရရှိဘဲ အသုံးမပြုနိုင်ကြောင်း၊ ပြဋ္ဌာန်းချက်(ဃ)မှာ လျှောက်ထားသူသည် ဂရန်စာချုပ်ရရှိသော မြေကွက်ကို ခရိုင်အုပ်ချုပ်ရေးမှူး၏ သဘောတူညီချက်ကိုမရရှိဘဲ မြေကွက်ကို ခွဲခြမ်းခြင်း၊ မြေကွက်ကို လက်လွှတ်ခြင်း၊ လွှဲပြောင်းခြင်း၊ မြေ၏ တစ်စိတ်တစ်ဒေသကို လွှဲပြောင်းခြင်း၊ တစ်ဆင့် ငှားရမ်းခြင်းများ မပြုလုပ်နိုင်ကြောင်း ပါဝင် ပါတယ်။

အမှတ်စဥ်(၃)အနေနဲ့ အထက်ပါ နှစ်(၉၀) မြေငှားရမ်းဂရန်တွင် မူလက တင်ပြစဥ်က အတိုင်း အဆောက်အဦများ ဆောက်လုပ်ခြင်းမရှိဘဲ ၂၀၀၇ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့စွဲတွင် ရောင်းဝယ်မှု အရပ်ကတိစာချုပ်ဖြင့် ဦးစောဟန်စိုး ဆိုသူသို့လည်းကောင်း၊ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့တွင် ဦးဆူဟဲ(ခ)ဦးအောင်ဝင်း သို့လည်းကောင်း၊ စာချုပ်ချုပ်ဆို၍ လည်းကောင်း ရောင်းချ ခဲ့ကြောင်း စိစစ်တွေ့ရှိရပါသည်။ အမှတ်စဥ်(၄)အနေနဲ့ မြေငှားရမ်းခြင်းနဲ့ ပတ်သက်၍ ပြဋ္ဌာန်းချက် များတွင် ၁၈၉၈ ခုနှစ်၊ အောက်မြန်မာနိုင်ငံ မြို့နဲ့ ကျေးရွာမြေများ နည်းဥပဒေ ၄၉(က) အရ အောက်ဖော်ပြပါ အကြောင်းများပေါ်ပေါက်ပါက ဂရန်စာချုပ်ကို မူလ ဂရန်ထုတ်ပေးပိုင်ခွင့်

ရှိသူက ဖျက်သိမ်းနိုင်သည့်အပြင်၊ မြေကွက်နှင့် ၎င်းမြေပေါ်ရှိ မည်သည့် အဆောက်အဦကိုမဆို အစိုးရ ဘဏ္ဍာတော်အဖြစ် သိမ်းဆည်းနိုင်သည်ဟု ဖော်ပြထားပါတယ်။ အဲဒါ နောက်ဆက်တွဲ (က)(ခ)(ဂ) တွေနဲ့ ပြထားပါတယ် ဥက္ကဋ္ဌကြီးခင်ဗျား။

(ခ)မှာကတော့ ဂရန်ထုတ်ပေးပိုင်ခွင့်ရှိသူ၏ အတည်ပြုချက်မရှိဘဲ မြေကို အသုံးချခွင့်နဲ့ နေထိုင်ခွင့်သည် သေဆုံးခြင်းကြောင့် အမွေဆက်ခံခြင်း၊ အခြားအခြင်းအရာဖြစ်စေ သို့မဟုတ် သက်ရှိထင်ရှားသူများက တစ်ယောက်သောသူသို့ ၎င်းကိုယ်တိုင် နေထိုင်ရန်မဟုတ်သော အခြား အကြောင်းကြောင်းကြောင့်ဖြစ်စေ လွှဲပြောင်းခြင်းမရှိ၊ ရှိခဲ့လျှင် ဆိုတာလေး ဖြစ်ပါတယ်။ (ဂ)မှာ ဖြစ်စဥ်ပါ မြေကွက်သည် မူလဂရန် ထုတ်ပေးစဥ်က ရည်ရွယ်ချက်ဖြစ်သော DKBA မိသားစု၏ ရေရှည်စားဝတ်နေရေး အဆင်ပြေရန်အတွက်သော်လည်းကောင်း၊ ထိခိုက်ဒဏ်ရာရသူများနှင့် ကျဆုံးသူများ၏ မိသားစုများကို ကူညီပံ့ပိုးနိုင်ရန်သော်လည်းကောင်း၊ မြေပေါ်တွင် ခေတ်မီသုံးထပ် ကုန်တိုက်နှင့် ဟိုတယ်ဆောက်လုပ်ခြင်း မရှိဘဲ အဆင့်ဆင့်လွှဲပြောင်းရောင်းချခြင်းသည် တည်ဆဲ မြေယာဥပဒေ၊ နည်းဥပဒေ စည်းကမ်းချက်များနှင့် ကိုက်ညီမှုမရှိဘဲ ဖောက်ဖျက်ကျူးလွန်မှုရှိသဖြင့် ၁၈၉၈ ခုနှစ်၊ အောက်မြန်မာနိုင်ငံနှင့် မြို့ရွာကျေးရွာများ နည်းဥပဒေပုဒ်မ ၄၉(က)အရ မူလဂရန် ထုတ်ပေးခဲ့သော ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးဦးစီးဌာနက အစိုးရ စီမံခန့်ခွဲ ပိုင်ခွင့်ရှိသော မြေအဖြစ် ပြန်လည်သိမ်းယူနိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ မူလဂရန်ချပေးထားစဥ်က ရည်ရွယ်ချက်အတိုင်း ဆောင်ရွက်မှု မရှိပါက တည်ဆဲမြေယာ ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများကို လိုက်နာရန် ပျက်ကွက်သော မြတ်ငွေး ကြွယ်လင်း ကုမ္ပဏီလိမိတက်နှင့် ဥက္ကဋ္ဌ ဦးစောကျော်သန်း တို့ ထုတ်ပေးထားသည့် နှစ်(၉၀) နှစ်ရှည် မြေငှားရမ်းဂရန်ပါ ဘားအံမြို့ အမှတ်(၃)ရပ်ကွက် မြေအား မြေငှားရမ်းဂရန်ထုတ်ပေးထား ခြင်းကို ပယ်ဖျက်၍ အစိုးရစီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအဖြစ် ပြန်လည်သိမ်းယူပြီး ပြည်သူလူထုရဲ့ အကျိုးစီးပွားအတွက် လိုအပ်သည်များကို စီမံဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ညှိနှိုင်းအကြောင်း ကြားပါသည် ဆိုပြီးတော့ ပြည်ထောင်စုဝန်ကြီးကနေ ပေးပို့ညှိနှိုင်းခဲ့ပြီး ဖြစ်ပါတယ်။

အဲဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးခင်ဗျား။ ခုနသက်သေ၊ ဓာတ်ပုံမှတ်တမ်း အထောက်အထား တော့ တင်ပြပြီးသွားပါပြီ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှ လက်မလွှန်ခင် စီမံကိန်းကို ချက်ချင်းရပ်ဆိုင်းပြီး၊ လမ်းညွှန်မိန့်ကြားပြီးမှ ၃-၁၂-၂၀၁၂ ရက်နေ့မှာ ငွေမိုးကုမ္ပဏီက ကွင်းအစောင့်တန်းလျားအင်အား ထပ်မံစတင် ပြုပြင်တိုးချဲ့ခြင်းကို ၂၄-၁၂-၂၀၁၂ ခုနှစ်မှာ ပြည်နယ်အစိုးရ ဖိတ်ကြားသော အစည်းအဝေးတွင် ဝန်ကြီးချုပ်အား မေးမြန်းခဲ့ရာ ယခင် ပ.ယ.က ဥက္ကဋ္ဌလက်ထက်မှ ချမှတ်ထား ခြင်းဖြစ်၍ မိမိနှင့် မဆိုင်ကြောင်း၊ မိမိတာဝန်မဟုတ်ကြောင်း ဖြေကြားခဲ့ခြင်း၊ တဖန် ပြည်ထဲရေး ပြည်ထောင်စုဝန်ကြီးမှ စုံစမ်းလေ့လာ စိစစ်ချက်အပေါ် ဖော်ပြခဲ့ပြီး နေ့စွဲပါစာအမှတ်အတိုင်း ဝန်ကြီးချုပ်ထံ လက်မှတ်ရေးထိုးညွှန်ကြားပေးပို့ ညှိနှိုင်းအကြောင်းကြားပြီးသော်လည်း ၂၀၁၃ ခုနှစ်၊ မေလ ၁၆ ရက်နေ့မှာ ငွေမိုးကုမ္ပဏီပိုင်ရှင် ဦးမိုးကျော် မှ အုတ် ထပ်ပုံထားသဖြင့် ၁၇-၆-၂၀၁၃ ရက်နေ့၊ ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်သူ့ကိုယ်စားလှယ်များနဲ့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တွေလည်း ပါပါတယ်။ ညှိနှိုင်း အစည်းအဝေးမှာ ဝန်ကြီးချုပ်အား ထပ်မံမေးမြန်းရာမှာ ကျွန်တော် ဥပဒေနှင့်သာအညီ လုပ်ကြောင်း၊

ပြည်သူလူထုရဲ့ဆန္ဒကို လျစ်လျူရှုသည်သာမကဘဲ ပြည်ထောင်စုဝန်ကြီး၏ ညွှန်ကြားညှိနှိုင်း အကြောင်းကြားစာကိုပင် တရားမဝင် ဥပဒေနှင့် မညီတဲ့သဘောဖြင့် ခင်ဗျားတို့ ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်ချင် ဆောင်ရွက်ကြပေါ့ ဟု ကုမ္ပဏီလုပ်ငန်းရှင်ဘက်ကသာ ကာကွယ်ပြီးရင်း ကာကွယ်၍ ကိုယ်စားလှယ်များ ရှေ့မှောက်တွင် ပြောကြားခဲ့ပါသဖြင့် မိမိလက်ထက် ဆောင်ရွက်ချက် မဟုတ်ပါ၊ မိမိနှင့်မဆိုင်ပါ၊ မိမိတာဝန်မဟုတ်ပါဟု ပြောခဲ့တဲ့အတွက် ပြည်သူလူထုတို့ရဲ့ဆန္ဒ၊ အမျိုးသားရေးတာဝန်အသိ၊ လူသားအရင်းအမြစ်တစ်ခုဖြစ်သော အားကစားလောက ဖွံ့ဖြိုး တိုးတက်ရေးနှင့် ကရင်ပြည်နယ်ရဲ့ မြို့တော်ဂုဏ်အင်္ဂါ အားကစားကွင်းတစ်ကွင်းမှ မရှိတော့ လောက်အောင် အားကစားမျိုးဆက်သစ်လူငယ်များ မူးယစ်ဆေးဝါး၊ အရက်သေစာ၊ သောက်စား ပေါ်များလာသည်ကိုပင် လျစ်လျူရှုပြီး ကုမ္ပဏီများ၏ မူလမြေငှားရမ်း ဂရန်စာချုပ်ပါ စည်းကမ်း ချက်များ အရသော်လည်းကောင်း၊ တည်ဆဲမြေယာဥပဒေ၊ နည်းဥပဒေများ အရသော်လည်းကောင်း ကျူးလွန်ဖောက်ဖျက်၍ ယနေ့အထိ စီမံကိန်းလည်း ဖြစ်မလာ၊ ပြည်သူလူထု တစ်မျိုးသားလုံးရဲ့ အကျိုးကိုမငဲ့၊ ပြည်ထောင်စုပြည်ထဲရေးဝန်ကြီး စုံစမ်းလေ့လာ စိစစ်ချက်အရ ပြည်သူလူထု အကျိုး စီးပွားအတွက် လိုအပ်သည်များကို စီမံဆောင်ရွက်ပေးရမည်ဟူသော ညွှန်ကြား၊ ညှိနှိုင်း အကြောင်းကြားသည်ကိုပင် တရားမဝင်ဟု အလေးမထားသည့်အပြင် ကရင်ပြည်နယ်အတွင်းရှိ နောင်လာနောက်သား မျိုးဆက်သစ်လူငယ် ကျောင်းသား အားကစားသမားများအား အသူရာ ချောက်ထဲ ရောက်အောင် ဘာကြောင့် လုပ်ငန်းရှင်များဘက်ကသာ အတင်းအကျပ် အကာအကွယ် ပေးနေရသလဲဆိုတာကို ပြည်သူလူထုအများက သိလိုကြပါတယ်ခင်ဗျား။

ဒါကြောင့် အထူးလေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဦးလှဆွေ ရဲ့ အဆိုအရ အမည်ပေါက်ပိုင်ဆိုင်ထားမှုမှာ အမှန်တကယ်စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည် မဖော်နိုင်ပါက မူလအဆိုခေါင်းစဥ် ပြန်လည်သိမ်းယူပြီး၊ ဒါမှမဟုတ် ပြန်လည် အပ်နှံစေပြီး အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်မည့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများအား ချထားပေးရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း အဆိုနှင့် ဆက်စပ်ပြီး ရှေ့က ကျွန်တော့်ရဲ့ တင်ပြခဲ့သော အာဇာနည်ကျောက်တိုင်ကွင်းကို မြို့မဘောလုံးအားကစားကွင်းအဖြစ် ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ ရပ်ကွက်/ကျေးရွာအသီးသီးရှိ မိဘပြည်သူလူငယ်အားကစား ကျောင်းသားလူငယ် များ၏ ဆန္ဒနဲ့အညီ အမြန်ဆုံးပြန်လည်ချထား ဆောင်ရွက်ပေးနိုင်ပါရန် ဦးလှဆွေ ရဲ့ အဆိုနဲ့အတူ ပူးတွဲထောက်ခံဆွေးနွေးတင်ပြ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၂း၁၅။**

**ဥက္ကဋ္ဌ။** ။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၂း၁၅။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစားအပ် ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာကျက်သရေအပေါင်းနဲ့ ပြည်စုံပြီး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ကျွန်မ ဂါရဝပြုပါတယ်။ ကျွန်မကတော့ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်မြေအမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်

ဒေါ်ခင်ဝိုင်းကြည် ဖြစ်ပြီးတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ ၏ နိုင်ငံတစ်ဝန်းတွင် စီမံကိန်းလုပ်ငန်း အမျိုးမျိုးပြု၍ မြေနေရာရယူထားသော ပုဂ္ဂလိက ကုမ္ပဏီ ငယ်/လတ်/ကြီးတို့ဖြင့် အမည်ပေါက်ပိုင်ဆိုင်ထားမှုတွင် အမှန်တကယ် စီမံကိန်းလျာထားချက် အတိုင်း အကောင်အထည် မဖော်နိုင်ပါက ပြန်လည်အပ်နှံစေပြီး အမှန်တကယ်လုပ်ကိုင်ဆောင်ရွက် မည့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံ လိုသူများအား ချထားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ ဆွေးနွေးတိုင်း ပြောနေကျစကားတွေက မဖြစ်မနေ အခုလည်း ပါလာဦးမှာ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံဟာ နယ်ချဲ့ အောက်မှာ နှစ်ပေါင်းများစွာ အညွန့်ချိုး၊ အနှိပ်စက်ခံခဲ့ရတယ်။ အဲဒီဘဝက လွတ်တော့ စစ်စရိတ်တွေ အများကြီး ပေးလိုက်ရတယ်။ လွတ်လပ်ရေးရတော့ ပြည်တွင်းငြိမ်းချမ်းရေး ပျောက်ဆုံးတယ်။ ဒီအပြင် အင်မတန်ချမ်းသာကြွယ်ဝတဲ့ သယံဇာတတွေကို စီမံခန့်ခွဲရာမှာ အားနည်းချက်တွေ ရှိတာကြောင့် နိုင်ငံတော်နဲ့ နိုင်ငံသားပြည်သူလူထုတွေ မချမ်းသာခဲ့ဘူး၊ မဖွံ့ဖြိုး၊ မတိုးတက်ခဲ့ဘူး။ နောက်တစ်ခါ နိုင်ငံတကာရဲ့ အလုံးစုံပိတ်ဆို့မှုရဲ့ ဒဏ်ရာဒဏ်ချက်တွေကြောင့် မြေနိမ့်ရာ လှံစိုက် သလို အောက်ဆုံးအလွှာက မရှိဆင်းရဲသားတွေ အလုပ်လက်မဲ့ဖြစ်၊ စားဝတ်နေရေးတွေ ကြပ်တည်း၊ နိုင်ငံ့ရဲ့ဖွံ့ဖြိုးတိုးတက်ရေးလမ်းစလည်း အကြောင်းအမျိုးမျိုးအောက်မှာ ဆုံးဆုံးမြှုပ်ခဲ့ရပါတယ်။ ဒါတွေဟာ အားလုံး သိပြီးသားတွေ ဖြစ်ပါတယ်။ ဒီလိုရင်နာစရာကောင်းတဲ့ အခြေအနေတွေထဲက ရုန်းထွက်နိုင်ဖို့၊ ဒီမိုကရေစီအတွက် ကြိုးစားခဲ့ကြလို့ နောက်ဆုံး အကျိုးရလာဒ် အဖြစ် အခုဆိုရင် အများမျှော်လင့်နေကြတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးကို ကျွန်မတို့ ထူထောင်နိုင်ခဲ့ပါပြီ။ ဒါတင်မက သေးဘဲ မျှော်လင့်ထားတာထက်ပိုတဲ့ နိုင်ငံတကာဆက်ဆံရေးနဲ့ ကျွန်မတို့နိုင်ငံဟာ နိုင်ငံတကာ အလယ်မှာ အေးချမ်းစွာပြောင်းလဲသွားတဲ့ နိုင်ငံရေးပြောင်းလဲမှုကြောင့် တင့်တယ်တဲ့ အနေအထား တစ်ခုကိုလည်း ရောက်ရှိလို့နေပြီ ဖြစ်ပါတယ်။ အခုလို ရောက်ရှိနေတဲ့ အခြေအနေကို အကျိုးရှိစွာ အသုံးချပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေး မဟာဗျူဟာ၊ နည်းဗျူဟာများ ကောင်းမွန်မှန်ကန် ထိရောက်ဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ အဆိုရှင် ဦးလှဆွေ တင်ပြသွားခဲ့သော စီမံကိန်း အချို့သည် ၁၉၉၉ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ကြောင်းသိရှိရပါသဖြင့် ဒါဆိုရင်တော့ ပြည်ထောင်စု လွှတ်တော်မှ ၂၀၁၂ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ ပြဋ္ဌာန်းခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ ၁၀ နှင့် ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့ ပြဋ္ဌာန်းခဲ့သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု နည်းဥပဒေ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၂ တို့ မထုတ်ပြန်မီက စတင်ရယူဆောင်ရွက်ခဲ့သော လုပ်ငန်းများ ဖြစ်ကြောင်း သိရပါတယ်။

သို့သော်လည်း အထက်ပါ ဥပဒေ၊ အထက်ပါ ဥပဒေဆိုတာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ဆိုလိုတာပါ၊ အထက်ပါ ဥပဒေပုဒ်မ ၂၂(ဂ)မှာ ဤဥပဒေ မပြဋ္ဌာန်းမီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့် နှင့် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည် မူလ ခွင့်ပြုကာလထက်

ကျော်လွန်သည့်အထိ ဖော်ထုတ်လုပ်ကိုင် အသုံးပြုခြင်းမရှိသေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော်က ပြန်လည်သိမ်းယူပြီးဖြစ်သည်ဟု မှတ်ယူရမည်လို့ ပြဋ္ဌာန်းပါရှိထားပါတယ်။ ဒါက ၂၂(ဂ)မှာ ပြဋ္ဌာန်းထားတာပါ။ ထို့အတူပဲ ပုဒ်မ ၂၂(ဃ)မှာလည်း မူလ ခွင့်ပြုကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနဲ့အညီ လုပ်ငန်းလုပ်ဆောင်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် စည်းကမ်းချက်ကို ချိုးဖောက်ကြောင်း တွေ့ရှိပါက အာမခံကြေးကို နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခံရမည့်အပြင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်း ခံရမည်လို့ ပြဋ္ဌာန်းထားတာဖြစ်တဲ့အတွက် သက်ဆိုင်ရာ အမည်ပေါက် ပုဂ္ဂလိကကုမ္ပဏီရဲ့ စီမံကိန်းဆောင်ရွက်မှုများဟာ ဥပဒေ၊ နည်းဥပဒေနဲ့ညီရင် ညီသလို၊ မညီရင် မညီသလို စီမံခန့်ခွဲရေးဗဟိုကော်မတီမှ လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးရမယ်လို့ ကျွန်မက ယူဆပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင့်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီမှ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူအား လုပ်ငန်းဆောင်ရွက်မှုနှင့် ပြီးစီးမှုအခြေအနေတို့ကို စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ တင်ပြပါဆိုတာကို စေခိုင်းနိုင်ပါတယ်။ တစ်ဖက်ကလည်း ပြည်ထောင်စုအစိုးရအဖွဲ့ထံကို လုပ်ငန်းအစီရင်ခံစာကို (၆)လတစ်ကြိမ် ဆောင်ရွက်မှုအခြေအနေများကို တင်ပြရပြီး လိုအပ်လျှင် နိုင်ငံတော်သမ္မတထံသို့လည်း တင်ပြပြီး လမ်းညွှန်မှုကို ခံယူရမှာ ဖြစ်ပါတယ်။ အခုအဆိုရှင် ကိုယ်စားလှယ်တော်ကြီးတင်ပြခဲ့သလိုဆိုရင် တကယ့် ပကတိမြေပြင်အခြေအနေကို စီမံခန့်ခွဲမှု ဗဟိုကော်မတီလည်း သိပြီးဖြစ်နိုင်သလို ပြည်ထောင်စုအစိုးရအဖွဲ့သို့လည်း တင်ပြပြီး ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ နိုင်ငံတော်သည် လွန်စွာအရေးကြီးသော မဟာဗျူဟာမြောက် စီမံခန့်ခွဲမှုများ လိုအပ်နေချိန်ဖြစ်ပါတယ်။ သဘာဝသယံဇာတများကို မှန်ကန်ထိရောက်အကျိုးရှိစွာ အသုံးချနိုင်ရေးသည်လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ နိုင်ငံသားတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လွန်စွာလိုအပ်လှပါတယ်။ မကြာမီကပဲ ကျွန်မတို့ရဲ့ ပြည်ထောင်စုလွှတ်တော်ကြီးမှာ အဂတိတိုက်ဖျက်ရေးဥပဒေကို အတည်ပြုပေးခဲ့ပြီး ဖြစ်ပါတယ်။ ကျွန်မတို့ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများ ဖွံ့ဖြိုးတိုးတက်အေးချမ်းသာယာဖို့အတွက် မှန်ကန်စွာ ဆုံးဖြတ်ဆောင်ရွက်ပေးခြင်းအားဖြင့် ဥပဒေ၊ နည်းဥပဒေများကို လေးစားလိုက်နာ အကောင်အထည်ဖော်ကြရမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့ နိုင်ငံတော်ရဲ့ စီးပွားရေး ဦးတည်ချက်(၄)ရပ်ထဲက ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေးဆိုတဲ့ အချက်လည်း အပါအဝင်ဖြစ်ပါတယ်။ ကျွန်မ အလုပ်သမား၊ အလုပ်ရှင် အခွင့်အရေး လေ့လာရေးပူးပေါင်းကော်မရှင်ရဲ့ အဖွဲ့(၁) လေ့လာရေးအဖွဲ့ဝင်အနေနဲ့ ကျွန်မတို့ ဒဂုံစက်မှုဇုန်ကို၊ စက်ရုံတွေကို လေ့လာရေးဆင်းခဲ့တုန်းက ကျွန်မတို့ ကော်မရှင်တစ်ဖွဲ့လုံးကို ပြည်ထောင်စုလွှတ်တော် နာယကကြီးရဲ့ လမ်းညွှန်မိန့်ကြားချက် ရှိပါတယ်။ အလုပ်သမားတွေရဲ့ အခွင့်အရေးတွေကိုလည်း လေ့လာရမှာဖြစ်သလို အလုပ်ရှင်တွေ ဘာတွေ လိုအပ်နေတယ် ဆိုတာလည်း လေ့လာရမယ်လို့ မှာကြားခဲ့တာတွေ ရှိပါတယ်။ အဲဒီအတွက် ကျွန်မတို့ စက်ရုံတွေကို ရောက်တဲ့အခါမှာ အလုပ်သမားတွေရဲ့ အခက်အခဲနဲ့

ပြဿနာတွေကို ကျွန်မတို့က မေးမြန်းလေ့လာခဲ့တာ ဖြစ်သလို အလုပ်ရှင်တွေရဲ့ လိုအပ်ချက်တွေနဲ့ ပြဿနာ အခက်အခဲတွေကိုလည်း ကျွန်မတို့ မေးမြန်းလေ့လာခဲ့တာ ဖြစ်ပါတယ်။ အချို့ စက်ရုံတွေဟာဆိုလို့ရှိရင် ပြည်ပပို့ကုန်သက်သက်ပဲ ထုတ်လုပ်ပြီး နောက်ထပ်လည်း ဈေးကွက် ချဲ့ထွင်ချိတ်ဆက်ပြီးသား ဖြစ်လို့ စက်ရုံထပ်မံ တည်ဆောက်ဖို့၊ လုပ်သားတွေ ထပ်မံခန့်ထားဖို့၊ သူတို့ရဲ့ ကုန်ထုတ်လုပ်မှုနဲ့ လုပ်ငန်းကိစ္စအဝဝ အဆင်ပြေချောမွေ့စေဖို့၊ နိုင်ငံတော်က သက်ဆိုင်ရာကို တင်ပြပေးဖို့၊ သက်ဆိုင်ရာ အဖွဲ့အစည်းတွေကို တင်ပြပေးဖို့ ကျွန်မတို့ ကော်မရှင်ကို သူတို့ မေတ္တာရပ်ခံပါတယ်။ အဓိကကတော့ မြေလိုအပ်ချက် ဖြစ်ပါတယ်။ လုပ်သားပေါင်း (၁၀၀၀၀) လောက်နဲ့ ဆောင်ရွက်မယ့် စက်ရုံကုန်ထုတ်လုပ်မှုအတွက် မြေဧက(၂၀)လောက် လိုအပ်ကြောင်း သူတို့ပြောပါတယ်။ အဲဒါ သို့သော်လည်း နေရာမရွေး မည်သည့်နေရာမဆို သူတို့ရရင်တော့ ဒါသူတို့ကုန်ထုတ်လုပ်မှုအတွက် အဆင်ပြေမယ်လို့ အဲဒီလိုပြောတာကို ကျွန်မတို့ ကော်မရှင် အဲဒီတုန်းက အားလုံးပဲ ဒါလေ့လာ တွေ့ရှိခဲ့ပါတယ်။ အဲဒီတော့ ဈေးနှုန်းကိုသာ သင့်တင့်တဲ့ ဈေးနှုန်းဖြစ်စေဖို့ ဆိုတဲ့အခါမှာ ကျွန်မတို့ မြန်မာနိုင်ငံရဲ့ အခုမြေဈေးနှုန်းတွေဟာ ဈေးကွက်ကစားတဲ့သူတွေရဲ့ လက်ထဲမှာ ကပေါက်တိ ကပေါက်ချာနဲ့ ဖြစ်ချင်သလိုတွေ ဖြစ်ပြီးတော့ တစ်ခါတည်း အင်မတန်ကြီးမြင့်တဲ့နှုန်းတွေ ဖြစ်နေတဲ့အတွက်ကြောင့်မို့လို့ သူတို့ အင်မတန် ဒါကို သူတို့အတွက် စဥ်းစားနေရတဲ့အကြောင်း၊ မြေနေရာရတယ်ဆိုလို့ရှိရင် အဲဒီမြေကိုလည်း နိုင်ငံတော်က သင့်တင့်တဲ့ ဈေးနှုန်းနဲ့ ကုန်ထုတ်လုပ် သူတွေကို ဒါထောက်ပံ့ပေးဖို့အကြောင်း ပြောပေးဖို့ ကျွန်မတို့ကို မေတ္တာရပ်ခံခဲ့ပါတယ်။ ကျွန်မတို့ စီးပွားရေး ဦးတည်ချက်မှာ ပါသလို ပြည်ပမှာရော ပြည်တွင်းမှာပါ အမှန်ဆောင်ရွက်နိုင်သော၊ ဆောင်ရွက်လိုသော ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများ တကယ်လည်းရှိနေတာ ဖြစ်ပါတယ်။ ကျွန်မတို့ အခုဆိုလို့ရှိရင် သတ္တုတူးဖော်ရာမှာပဲဖြစ်ဖြစ်၊ စိုက်ပျိုးရေးမှာပဲဖြစ်ဖြစ် အခြား နိုင်ငံတော်က ဥပဒေနဲ့အညီ ခွင့်ပြုထားတဲ့ စီမံကိန်းမှာပဲဖြစ်ဖြစ် သတ်မှတ်ချက်များနဲ့အညီ မဆောင်ရွက်နိုင်တဲ့ ဧရိယာအချို့ ရှိနေတာကို ကျွန်မတို့လည်း လေ့လာတွေ့ရှိရပါတယ်။ မလုပ်နိုင်ရင် ပြန်အပ်ဖို့သင့်ပြီ ဆိုသော်လည်း မြေလွတ်၊ မြေလပ်နဲ့ မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေများအရ ဆိုရင်တော့ မလုပ်နိုင်တဲ့ ဧရိယာဟာ အလိုလို နိုင်ငံတော်က ပြန်လည်သိမ်းယူပြီး ဖြစ်သည်လို့ ပါရှိထား ပြီးသားဖြစ်ပါတယ်။

လေးစားအပ်ပါသောအမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးရှင့်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံသားတွေ အေးချမ်းသာယာတည်ငြိမ်ပြီး လူနေမှုဘဝတွေ မြင့်မားလာဖို့ တရားဥပဒေ စိုးမိုးရေးကို သဘောတရားနဲ့အညီ လက်တွေ့လည်း အကောင်အထည်ဖော်ကြရမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ဦးလှဆွေ တင်သွင်းတဲ့ အမှန်တကယ်စီမံကိန်း လျာထားချက်အတိုင်း အကောင်အထည် မဖော်နိုင်ပါက ဥပဒေအတိုင်းဆောင်ရွက်ပြီး အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်မည့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများအား ချထားပေးပါရန် အဆိုကို လေးနက်စွာ ထောက်ခံဆွေးနွေး တင်ပြအပ်ပါတယ်ရှင့်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၂း၂၅။**

**ဥက္ကဋ္ဌ။** ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီ ရပ်နားပါ့မယ်။

**အချိန်၊ ၁၂:၂၅။**

**အခမ်းအနားမှူး။** ။အ မျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီ။

[အစည်းအဝေးကို (၁၂:၂၅) နာရီအချိန်တွင် ခေတ္တရပ်နားပြီး (၁၃:၂၅) နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၃:၂၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီ ခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃:၃၀။**

**ဥက္ကဋ္ဌ။** ။ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းစံမင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃:၃၀။**

**ဦးစိုင်းစံမင်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ရှေးဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)လားရှိုးမြို့က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးစိုင်းစံမင်း ဖြစ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)ရဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ နိုင်ငံတစ်ဝန်းတွင် စီမံကိန်းလုပ်ငန်းများ အမျိုးမျိုးပြ၍ မြေနေရာယူထားသော ပုဂ္ဂလိကကုမ္ပဏီ ငယ်/လတ်/ကြီးတို့ဖြင့် အမည်ပေါက် ပိုင်ဆိုင်ထားမှုတွင် အမှန်တကယ် စီမံကိန်း လျာထားချက်အတိုင်း အကောင်အထည် မဖော်နိုင်ပါက ပြန်လည်အပ်နှံစေပြီး အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်မည့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများအား ချထားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ပါဝင်ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဦးလှဆွေ ရဲ့ အဆိုကို လေ့လာကြည့်တဲ့အချိန်မှာ ပထမပိုင်းအနေနဲ့ စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည်မဖော်နိုင်ပါက ပြန်လည်အပ်နှံရန်ဆိုတဲ့အပိုင်းနဲ့ အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်မယ့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူတွေကို ချထားပေးရန်ဆိုတဲ့ အပိုင်း(၂)ပိုင်းတွေ့ရပါတယ်။ ဒီအဆိုကိုတင်သွင်းတဲ့နေရာမှာ ဦးလှဆွေ အနေနဲ့ စားအုန်းဆီစီမံကိန်းကို နမူနာပြပြီး ဆွေးနွေးသွားပါတယ်။ သူ့အနေနဲ့ လက်လှမ်းမီသလောက် ကောက်နုတ်ဆွေးနွေးသွားတာဖြစ်တဲ့အတွက် အချက်အလက်များ တိကျမှန်ကန်မှုမှာ မသေချာသော်လည်း အဆိုရဲ့ မူလဆိုလိုရင်းက

နိုင်ငံတော်အတွက် အလွန်ကောင်းပြီး စဉ်းစားလုပ်ဆောင် ပေးသင့်တဲ့အချက်များ ဖြစ်တာကို လေ့လာတွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စားအုန်းဆီ စီမံကိန်းနဲ့ ပတ်သက်ပြီး စီမံကိန်းအောင်မြင်တယ်၊ မအောင်မြင်ဘူး ဆိုတာကိုတော့ ကျွန်တော့်အနေနဲ့ ကောင်းစွာမသိရှိရပါဘူး။ ဒီကိစ္စကတော့ နိုင်ငံနဲ့အဝန်း လုပ်ဆောင်ထားတဲ့ ကိစ္စဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ ကောင်းစွာသိရှိတဲ့ ကိစ္စဖြစ်ပြီး ဒီစီမံကိန်းတွေရဲ့ အောင်မြင်မှု၊ မအောင်မြင်မှု အချက်အလက်တွေကို ဒေသအလိုက် ဒီလွှတ်တော်မှာ ရှင်းလင်းပေးနိုင်ရင် ဒီလွှတ်တော်လိုင်းကို စောင့်ကြည့်နေကြတဲ့ ဒေသခံပြည်သူလူထုတွေအပြင် လွှတ်တော်ကိုယ်စားလှယ်တွေကလည်း ပိုမိုသဘောပေါက်မယ်လို့ ယူဆပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်စားလှယ်တော်ကြီး ဦးလှဆွေ တင်ပြသွားတဲ့ ဆီအုန်းကုမ္ပဏီကြီးရဲ့ လုပ်ငန်းအကောင်အထည်ဖော် လုပ်ကိုင်နေမှုကို ဖော်ပြတဲ့ နောက်ဆက်တွဲဇယား ၂၀၁၃-၂၀၁၄ ခုနှစ်တနင်္သာရီတိုင်းဒေသကြီး ဆီအုန်းကုမ္ပဏီများ၏ မြေရယူထားရှိမှုနှင့် စိုက်ပျိုးပြီးစီးမှု အခြေအနေပြဇယားမှာ အလွန်စိတ်ဝင်စားစရာကောင်းတဲ့ အချက်အလက်တွေကို တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ကတော့ ဒီစားအုန်းဆီစီမံကိန်းကို အဓိကထားဆွေးနွေးမှာမဟုတ်ဘဲ နိုင်ငံတော်တစ်ဝန်းမှာ စီမံကိန်းအမျိုးမျိုးပြုပြီး မြေနေရာယူထားတဲ့ ပုဂ္ဂလိကကုမ္ပဏီ ငယ်/လတ်/ကြီးတွေရဲ့ အမှန်တကယ်လုပ်ဆောင်နိုင်မှု အမှန်တကယ်အကောင်အထည်ဖော်နိုင်မှုမရှိတဲ့ မြေနေရာများအားလုံးအတွက် ရည်ရွယ်ပြီး ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ခုနကကျွန်တော်ပြောခဲ့တဲ့ ဦးလှဆွေ ရဲ့ နောက်ဆက်တွဲဇယားသည် မည်သည့်ဌာနက ထုတ်ပြန်ထားသောအချက်အလက်တွေ ဖြစ်တယ်ဆိုတာကို မသိရပေမယ့် ဇယားအရ မှန်ကန်တယ်ဆိုရင် ကုမ္ပဏီအတော်များများက ရယူမြေအပေါ် စိုက်ပြီးရာခိုင်နှုန်း အလွန်နည်းသေးတာ တွေ့ရပါမယ်။ စူပါဝမ်း၊ အောင်ရည်ဖြိုး၊ မြန်မာနိုင်၊ တော်ဝင်၊ ရွှေပုလဲ၊ အဲဗားဂရင်း၊ မြန်မာ့သြဘာ၊ တောင်ပိုင်း၊ ရွှေရောင်အလင်းတန်း စတဲ့ ကုမ္ပဏီတွေရဲ့ ရယူမြေအပေါ်မှာ စိုက်ပြီးရာခိုင်နှုန်း မရှိသလောက် ဖြစ်နေတာကိုတွေ့ရပါတယ်။ ဒီကုမ္ပဏီတွေအားလုံးဟာ ယခင်စစ်အစိုးရလက်ထက်မှာ ရယူထားတဲ့ မြေတွေဖြစ်တဲ့အတွက် ယခင်မြေယာဥပဒေများနဲ့ လျှောက်ထားရယူတယ်လို့ ကျွန်တော် သဘောပေါက်ပါတယ်။ ယခု အစိုးရသစ်လက်ထက်မှာ မြေရယူခြင်းအတွက် ဘယ်ကုမ္ပဏီကိုမှ မြေနေရာပေးခြင်းမရှိသေးဘူးလို့ သိရပါတယ်။ ဒါဆိုရင် ယခင်မြေယာဥပဒေအရ မြေနေရာခွင့်ပြုပေးစဉ် ကတည်းကနှစ်အလိုက် အကောင်အထည်ဖော်ပေးရမယ့် ရာခိုင်နှုန်းများ ပါရှိပြီး ဖြစ်ပါတယ်။ အဲဒီအတိုင်းအကောင်အထည် မဖော်နိုင်တဲ့ ကိစ္စတွေကို သက်ဆိုင်ရာ ဝန်ကြီးဌာနများက အရေးယူဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ ပွင့်လင်းမြင်သာမှုရှိလာတဲ့ ခေတ်စနစ်အရ ဒါတွေကို သေချာပြန်လည်စိစစ်သင့်ပါတယ်။ အကောင်အထည် ဖော်ဆောင်နိုင်မှုမရှိတဲ့ မြေနေရာတွေဟာ နှစ်တွေ ကြာလာတာနဲ့အမျှ ပစ်ထားတဲ့ မြေနေရာတွေကို ဒေသခံတွေအနေနဲ့ ဝင်ရောက်လုပ်ကိုင်လာကြတာကိုလည်းတွေ့ရပြီး ဒါတွေကို ပွင့်လင်းမြင်သာမှုမရှိတဲ့အခါကျတော့ ဒေသခံအုပ်ချုပ်ရေး အဖွဲ့အစည်းတွေကလည်း ပါဝင်ဆောင်ရွက်ပေးနိုင်တဲ့ အခန်းကဏ္ဍလျော့နည်းနေပါတယ်။ အချို့ကိစ္စတွေကိုနယ်နိမိတ်မှာ တိတိကျကျမသိရ၊ နှစ်ပေါင်းများစွာ စွန့်ပစ်ထားတဲ့ မြေတွေကို ဒေသခံတွေကအသုံးချတဲ့အခါမှာလည်း အုပ်ချုပ်သူ အာဏာပိုင်များက နယ်နိမိတ်ကို တိတိ ကျကျမသိတဲ့အတွက်

မြေယာစီမံခန့်ခွဲရေးတွေမှာ ပြဿနာများစွာ ဖြစ်ပေါ်လာပါတယ်။ ဒါ့ကြောင့် ကုမ္ပဏီများရဲ့ ခွင့်ပြုမိန့်အရ အကောင်အထည် မဖော်နိုင်တဲ့ မြေနေရာများကို အခြားသူများ၊ အခြားသူများ ဆိုရာမှာ ဒေသခံများရဲ့ လုပ်ကိုင်နိုင်ခွင့်ကိုလည်း ဆိုလိုပါတယ်။ အခြားသူများ လုပ်ကိုင်နိုင်ရန် နိုင်ငံတော်ကို ပြန်လည်လွှဲအပ်ပြီးသကဲ့သို့ ဖြစ်ရပါမယ်။ ဒါမှ အုပ်ချုပ်သူ အာဏာပိုင်များအပိုင်း ကလည်း စီမံခန့်ခွဲမှုအာဏာနဲ့ စီမံခန့်ခွဲနိုင်မှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေယာအသုံးချမှုသမိုင်းကို ပြန်ကြည့်မယ်ဆိုရင် ဒေသခံများရဲ့ မြေယာအသုံးချမှုက ပိုမိုထိရောက်တာကိုတွေ့ရပါတယ်။ နိုင်ငံတော်ရဲ့ စိုက်ပျိုးမြေအရင်းအမြစ်ကို ဒေသခံတောင်သူများက ပိုမိုအသုံးချနိုင်ပါတယ်။ သို့သော်လည်း ခေတ်အဆက်ဆက်မှာ မြေယာကို အသုံးချခဲ့သော်လည်း ပိုင်ဆိုင်မှု အထောက်အထားများ ထုတ်ပေးခဲ့တဲ့ အစဉ်အလာ မရှိခဲ့ပါဘူး။ ဒီနေရာမှာ ကုမ္ပဏီတွေရဲ့ မြေနေရာ ရယူမှုတွေနဲ့ ပတ်သက်ပြီး ဒေသခံများရဲ့ နစ်နာဆုံးရှုံးမှုတွေကို တင်ပြဆွေးနွေးလိုပါတယ်။ ဒီလိုတင်ပြဆွေးနွေးရတဲ့ ရည်ရွယ်ချက်ကတော့ စီမံကိန်းမအောင်မြင်တဲ့ မြေနေရာတွေကို ပြန်လည်အပ်နှံစေပြီး ပြန်လည်အသုံးချနိုင်မယ့်သူတွေကို ပြန်လည်ချထားပေးတဲ့ နေရာမှာ ဒေသခံတွေရဲ့ နစ်နာဆုံးရှုံးမှုတွေရှိခဲ့ရင် ဒေသခံတွေကို ဦးစားပေးအနေနဲ့ လုပ်ဆောင်ပေးစေလိုခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပမာအနေနဲ့ ကုမ္ပဏီကြီးအချို့ကြောင့် ကျွန်တော်တို့ ဒေသမှာ ဖြစ်ပေါ်နေတဲ့ ကျေးရွာသူ/ကျေးရွာသားများရဲ့ အခက်အခဲနဲ့ နစ်နာချက်တွေကို တင်ပြဆွေးနွေးချင်ပါတယ်။ ရှမ်းပြည်မြောက်ပိုင်း၊ လားရှိုးမြို့နယ်၊ တာပုံကျေးရွာအုပ်စု၊ နားလျှံ၊ မန်ကောင်းရွာတွင် ၂၀၀၄ခုနှစ် ကျားခေါင်းဘိလပ်မြေစက်ရုံအမည်နဲ့ ကျေးရွာရဲ့ အရှေ့ဘက် လယ်ကွက်၊ ယာကွက်များပေါ်မှာ ကျောက်မီးသွေးစမ်းသပ်တူးဖော်ဖို့အတွက် ဒေသခံ တောင်သူများစိုက်ပျိုးထားတဲ့ စပါး၊ ကောက်ပဲသီးနှံများ ရိတ်သိမ်းချိန်ထက်စော၍ လျင်မြန်စွာ အရေးပေါ် ရိတ်သိမ်းပေးခဲ့ရပါတယ်။ ကျားခေါင်းဘိလပ်မြေ လုပ်ငန်းရှင်များအနေနဲ့ ဆုံးရှုံးနစ်နာခဲ့ရတဲ့ တောင်သူလယ်သမားရဲ့ မြေဧရိယာ (၄၇.၈၁)ဧကအတွက် နစ်နာကြေး၊ လျော်ကြေးအဖြစ် သတ်မှတ်ပေးခဲ့ပေမယ့် ရွာသားများ အပြည့်အဝမရရှိဘဲ သတ်မှတ်တဲ့ လျော်ကြေးရဲ့ တစ်ဝက်ကိုသာ လက်ခံရရှိခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၇ခုနှစ် ကျားခေါင်းကုမ္ပဏီမှ အေသုံးလုံးဘိလပ်မြေကုမ္ပဏီသို့ လွှဲပြောင်းရောင်းချခဲ့ပြီး ဆက်လက်တူးဖော် လုပ်ကိုင်ခဲ့ပါတယ်။ ကျေးရွာဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ခြင်း တစ်စုံတစ်ရာ ဘာမှမရှိခဲ့ပါဘူး။ ၂၀၁၂ ခုနှစ်၊ (၅)နှစ်အတွင်း ကျောက်မီးသွေးများ ဆက်လက်တူးဖော်ရာတွင် ကျေးရွာနဲ့ အလွန်နီးကပ်လာပြီး ဆက်လက်တူးဖော်ပါက ကျေးရွာရှိ ပြည်သူလူထုများ၊ တိရစ္ဆာန်များ အသက်ဘေးအန္တရာယ် ကျရောက်နိုင်ပါသဖြင့် ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့တွင် လားရှိုးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ထံသို့ ကျေးရွာနေပြည်သူလူထုများ၏ အခက်အခဲ အသက်ဘေး အန္တရာယ် ကျရောက်နိုင်ကြောင်းကို ၎င်းတို့မှ ကူညီတောင်းခံလာပါသဖြင့် ကျွန်တော်က ဆက်လက် တင်ပြဆွေးနွေးပြီး ရှမ်းပြည်နယ်အစိုးရ ဝန်ကြီးချုပ်က သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးမှူးကို ကွင်းဆင်းစစ်ဆေးချက်ရယူပြီး ကျောက်မီးသွေး တူးဖော်ခွင့်ကို ရပ်ဆိုင်းပိတ်ပြီး ဖြစ်ပါတယ်။ ၎င်း(၅)နှစ်အတွင်း သတ်မှတ်ပေးခဲ့တဲ့ မြေဧရိယာအပြင် နောက်ထပ် ကျူးကျော်ဝင်ရောက် တူးဖော်

ခဲ့ပေမယ့် ရွာသားများအတွက် နစ်နာကြေး ဘာမှမပေးခဲ့သလို ကျောက်မီးသွေး တူးဖော်ထားတဲ့ မြေတွင်းကိုလည်း ပြန်လည်မြေညှိပေးပါမယ်ဟု ကတိပြောဆိုခဲ့ပေမယ့် လက်တွေ့ဆောင်ရွက်ခြင်း မရှိတဲ့အပြင် ၎င်းတို့က ကျောက်မီးသွေးများ ပြန်လည်တူးဖော်ခွင့် ရရှိနိုင်ရန် ဒေသခံရွာသားများကို ပြန်လည်စည်းရုံးနေကြောင်းကိုလည်း နစ်နာတဲ့ ရွာသားများထံမှ ကြားသိရပါတယ်။ ဒါကြောင့် အသုံးလုံးကုမ္ပဏီ လုပ်ငန်းရှင်များဟာ ၎င်းတို့၏အကျိုးစီးပွားအတွက်ကိုသာ ကြည့်ရှုပြီး ကျေးရွာ တောင်သူလယ်သမားများရဲ့ အခက်အခဲပြဿနာ၊ တိရစ္ဆာန်များရဲ့ အသက်ဘေးအန္တရာယ် ကာကွယ် ပေးရန် ဆန္ဒမရှိကြောင်းကိုလည်း တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းတို့ကြုံတွေ့နေရသော အခက်အခဲပြဿနာများ ဒီလောက်နဲ့ မပြီးဘဲ အဲဒီ၂၀၀၄ ခုနှစ်မှာပင် ရွာရဲ့ အနောက်ဘက်ရှိ ကျွဲ၊ နွား စားကျက်မြေနဲ့ နှစ်စဉ် ဘိုးစဉ် ဘောင်ဆက် စိုက်ပျိုးလုပ်ကိုင်လာခဲ့သော တောင်ယာ၊ လယ်မြေ၊ သီးနှံစိုက်ခင်း မြေဧရိယာ (၃၀၀)ခန့်ကို မြို့နယ် မြေစာရင်းမှ မြေတိုင်းတို့နဲ့ ခ.လ.ရ(၆၈)တပ်ရင်း၊ ခ.လ.ရ(၅၀၇) တပ်ရင်းမှ လာရောက်သိမ်းဆည်းခဲ့ပြန်ပါတယ်။ တစ်နှစ်ခန့်အကြာ ဒေသခံတောင်သူများနဲ့ ညှိနှိုင်းတိုင်ပင်ခြင်း မရှိဘဲ နှင်းနှင်းခိုင်ကုမ္ပဏီမှ လုပ်ပိုင်ခွင့်လက်မှတ်များ ရယူပြီး စိုက်ခင်းအမျိုးမျိုး စမ်းသပ်စိုက်ပျိုးခဲ့ သော်လည်း အောင်မြင်ခဲ့ခြင်း မရှိခဲ့ပါ။ ယခုနောက်ဆုံး ၎င်းတို့ သိမ်းယူထားသော တောင်ယာမြေ (၃၀၄)ဧကထဲမှ လက်ဖက်စိုက်ခင်း အနည်းငယ်သာရှိပြီး ကျန်မြေများပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်း များ အောင်မြင်အောင် မဆောင်ရွက်နိုင်ကြောင်း တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအချိန်မှာ တောင်သူများ ဝမ်းစာအတွက် စိုက်ပျိုးလုပ်ကိုင်ရန် မြေမရှိ၊ ကျွဲ၊ နွားကျောင်းရန် စားကျက်မြေမရှိ၊ နောက်ဆုံး သေပြီးသူရဲ့ အလောင်းကို သင်္ဂြိုဟ် ပို့ဆောင်ရာတွင် လမ်းမရှိဘဲ ယခုလိုမိုးရာသီကာလမှာ နာရေးကိစ္စဖြစ်ပေါ်လာပါက ကျေးရွာသူ/ ကျေးရွာသားများ အလွန်ဒုက္ခရောက်ကြောင်း ပြောပြလာပါတယ်။ လွန်ခဲ့တဲ့(၅)ရက်ခန့်က ၂၄-၇-၂၀၁၃ ရက်နေ့မှာပင် နားလျှံမပိုင်ရွာသား ဦးစံပ စိုက်ပျိုးထားသော ပြောင်းဖူးနဲ့ စပါးစိုက်ခင်းများကို နှင်းနှင်းခိုင်ကုမ္ပဏီမှ ထွန်စက်ဖြင့် ထွန်ယက်ဖျက်ဆီးခဲ့ပါတယ်။ ယင်းစိုက်ခင်းအတွက် ကုန်ကျ ထားသော ကုန်ကျစရိတ်(၂)သိန်းခွဲ ကျပ်ခန့် ဆုံးရှုံးခဲ့ရကြောင်းသိရပါတယ်။ ယခုဖြစ်ပျက်ခဲ့သော စိုက်ခင်းသည် ရွာနှင့်(၂)မိုင်အတွင်းသာ တည်ရှိသော ဘိုးဘွားစဉ်ဆက်ကတည်းက ရွာသူ/ရွာသား များ စိုက်ပျိုးလုပ်ကိုင်နေသော မြေယာများသာ ဖြစ်ပါတယ်။ ယင်းသို့ဖြစ်ပေါ်နေသော ပြဿနာ များကို ယခုပြဋ္ဌာန်းလိုက်သော မြေလွတ်၊ မြေလပ်၊ မြေရိုင်းနည်းဥပဒေများနဲ့ မကိုက်ညီတာကိုလည်း တွေ့ရှိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးရွာနေ တောင်သူလယ်သမားများ၏ ဝမ်းစာအတွက် စိုက်ပျိုးရန် မြေတောင်မရှိတဲ့ဘဝ အခြေအနေမျိုးမှာ ကျွန်တော်တို့ သမ္မတကြီး အမြဲတမ်းပြောနေတဲ့ ဆင်းရဲ မွဲတေမှုပပျောက်ရေးကို ကျွန်တော်တို့အနေနဲ့ တောင်သူကြီးများ၏ လက်ရှိကြုံတွေ့နေရတဲ့ အခက်အခဲပြဿနာကို ဘယ်လိုကူညီ ဖြေရှင်းပေးနိုင်မှာလည်းဆိုတာ အဖြေရှာကြည့်ဖို့တော့ လိုအပ်နေပါပြီ။ သို့ဖြစ်ပါ၍ ယခင်တပ်မတော်အစိုးရလက်ထက် စီမံကိန်းလုပ်ငန်းအမျိုးမျိုးအတွက် ပြည်တွင်းကုမ္ပဏီအများအပြားအား မြေနေရာချထားပေးပြီး ၎င်းတို့၏စီမံကိန်း ရည်မှန်းချက် အောင်မြင်ရန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းမရှိပါက ၎င်းတို့အမည်ပေါက်ယူထားတဲ့

မြေများကို အမြန်ဆုံး ပြန်လည်စိစစ်ပြီး မူလကျေးရွာဒေသခံ မရှိဆင်းရဲနွမ်းပါးတဲ့ တောင်သူများကို ပြန်လည်စိုက်ပျိုးလုပ်ကိုင်ခွင့် ချပေးနိုင်မယ်ဆိုရင် တစ်နိုင်ငံလုံးမှာ ကြုံတွေ့နေရသော ဆင်းရဲမွဲတေမှုပြဿနာများ အထိုက်အလျောက် ပြေလည်သွားနိုင်မယ်လို့ ထင်မြင်ယူဆတင်ပြရင်းနဲ့ ဦးလှဆွေ မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၁၂)၏အဆိုကို ပါဝင်ဆွေးနွေးတင်ပြရင်းနဲ့ နိဂုံးချုပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၃း၄၄။**

**ဥက္ကဋ္ဌ။** ။ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၄။**

**ဦးနိုင်ထွန်းအုံ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)။** ။ ရှိသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဒုတိယဝန်ကြီး၊ လွှတ်တော် ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးနိုင်ထွန်းအုံ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အောက်ဖော်ပြပါစာပိုဒ်များကို ဖတ်ကြားခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးလှဆွေ၏ နိုင်ငံတစ်ဝန်းတွင် စီမံကိန်းလုပ်ငန်းများ အမျိုးမျိုးပြု၍ မြေနေရာ ယူထားသော ပုဂ္ဂလိကကုမ္ပဏီ ငယ်/လတ်/ကြီးတို့ဖြင့် အမည်ပေါက် ပိုင်ဆိုင်ထားမှုတွင် အမှန်တကယ် စီမံကိန်း လျာထားချက်အတိုင်း အကောင်အထည် မဖော်နိုင်ပါက ပြန်လည်သိမ်းယူပြီး အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်မည့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံ လိုသူများအား ချထားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးသွားမှာပါ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့နိုင်ငံဟာ စိုက်ပျိုးရေးကိုအခြေခံပြီးစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေတဲ့ နိုင်ငံဖြစ်ပါတယ်။ တနင်္သာရီတိုင်းဒေသကြီး ၁၉၉၉ ခုနှစ်မှစ၍ တပ်မတော်အစိုးရဟာ တိုင်းပြည်အတွက် တိုးတက်အောင် စိတ်ကောင်းစေတနာထားပြီး အဓိက ဆီအုန်းစီမံကိန်းကို ပြည်တွင်းကုမ္ပဏီများကိုခေါ်ယူပြီး ဆီအုန်းစိုက်ပျိုးရန် မြေကွက်ကို ကုမ္ပဏီ ငယ်/လတ်/ကြီး တွေကို ခွဲတမ်းချပေးတယ်လို့ ကြားသိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင် ဦးလှဆွေ ပြောသွားတဲ့၊ တင်ပြသွားတဲ့အတိုင်း ကား၊ စက်ယန္တယား၊ ပစ္စည်းတင်သွင်းတာကို ခြံမစိုက်ရသေးဘဲနဲ့ ပစ္စည်းတွေကို ထုခွဲရောင်းချ မြတ်တာကို အင်မတန်မှန်ကန်ပါတယ်။ ဘာဖြစ်လို့ဆိုတော့ ကျွန်တော့်သူငယ်ချင်းတစ်ယောက် ဘုတ်ပြင်းမြို့နယ်မှာ ကုမ္ပဏီတစ်ခုမှာ မန်နေဂျာတာဝန်ထမ်းဆောင်ခဲ့ဖူးပါတယ်။ သူငယ်ချင်းပြောပြချက်အရဆိုရင် တချို့သောကုမ္ပဏီတွေဟာ ဆီအုန်းစိုက်ပျိုးတာထက် သစ်ထုတ်လုပ်တာကို ဦးစားပေးပြီး လုပ်ကြပါတယ်။ သစ်ထုတ်လုပ်ရောင်းပြီးမှ ဆီအုန်းစိုက်ပျိုးတာကို ဗန်းပြလောက်သာ စိုက်ပျိုးကြပါတယ်။ ဗန်းပြစိုက်ပျိုးထားတာကို ထိန်းသိမ်းခြင်းကို လစ်လျူရှုထားကြပါတယ်။ ကျန်တဲ့အကွက်ကိုလည်း အကွက်ပြည့်အောင်မစိုက်ကြဘူး။ ဒီအတိုင်းပစ်ထားတယ်။ တချို့သောကုမ္ပဏီတွေက မြေကွက်အရင်ဦးယူထားပြီး ရောင်းစားနေတယ်လို့ ကျွန်တော့်သူငယ်ချင်းပြောပြလို့ သိရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အကွက်ပြည့်အောင် မစိုက်တော့ဘူးဆိုရင် တိုင်းပြည်အတွက် တော်တော်လေး နစ်နာဆုံးရှုံးနေပါတယ်လို့ ကျွန်တော် ထင်မြင်ယူဆပါတယ်။ ဆီအုန်းအကွက် အပြည့်မစိုက်ထားသော ကုမ္ပဏီခြံများကို အမြန်ဆုံးရုပ်သိမ်းပြီး ပြည်တွင်း/ပြည်ပ ကုမ္ပဏီများကို ဖိတ်ခေါ်၍ မြေကွက်ကို အမြန်ဆုံးချပေးပါရန် အကြံပြုလိုပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကုမ္ပဏီခြံများအားလုံး တကယ်လို့ ဆီအုန်း အကွက်ပြည့် စိုက်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံ တခြားနိုင်ငံတွေဆီက ဆီဝယ်ပြီး သွင်းစရာ မလိုတော့ဘူးလို့ ကျွန်တော် ထင်မြင်ယူဆပါတယ်။ တနင်္သာရီတိုင်းဒေသမှာ ဆီအုန်းနှင့် ရာဘာစိုက်ပျိုးရန် အင်မတန်မှ သင့်တော်သော ဒေသတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်အမြင်ကတော့ ဆီအုန်းထက် ရာဘာ စိုက်ပျိုးပြီး ပိုပြီးတော့ အဆင်ပြေမယ်လို့ ကျွန်တော် အကြံပြုလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်း မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ ၏ နိုင်ငံတစ်ဝန်းတွင် စီမံကိန်းလုပ်ငန်း အမျိုးမျိုးပြု၍ မြေနေရာ ယူထားသော ပုဂ္ဂလိကကုမ္ပဏီ ငယ်/လတ်/ကြီး တို့ကို အမည်ပေါက် ပိုင်ဆိုင်ထားမှု အမှန်တကယ် စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည် မဖော်နိုင်ပါက ပြန်လည်သိမ်းယူပြီး အမှန်တကယ် ဆောင်ရွက်မည့် ပြည်တွင်း/ပြည်ပကုမ္ပဏီ ရင်းနှီးမြှုပ်နှံလိုသူများအား ချထားပေးပါရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်း နိဂုံးချုပ်လိုက်ပါတယ်။

**အချိန်၊ ၁၃း၄၈။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးတိုးဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၄၈။**

**ဦးတိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ ကျွန်တော် ကတော့ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးတိုးဝင်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ တင်သွင်းသော နိုင်ငံတစ်ဝန်းတွင် စီမံကိန်းလုပ်ငန်းအမျိုးမျိုးပြု၍ မြေနေရာ ယူထားသော ပုဂ္ဂလိကကုမ္ပဏီ ငယ်/လတ်/ကြီးတို့ဖြင့် အမည်ပေါက် ပိုင်ဆိုင်ထားမှုတွင် အမှန်တကယ် စီမံကိန်း လျာထားချက်အတိုင်း အကောင်အထည် မဖော်နိုင်ပါက ပြန်လည်အပ်နှံစေပြီး အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်မည့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများအား ချထားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံဆွေးနွေးရင်း တနင်္သာရီတိုင်းဒေသကြီး၏ အောင်မြင်ဖြစ်ထွန်းနေသော ဆီအုန်းစိုက်ပျိုးရေး လုပ်ငန်းများကို ကိုးကားဆွေးနွေးသွားပါမယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ရဲ့ ဆွေးနွေးချက်အား ဖတ်ကြားခွင့်ပြုပါ။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံနှင့်တစ်ဝန်းတွင် စီမံကိန်းလုပ်ငန်း အမျိုးမျိုး ပြု၍ မြေနေရာယူထားသော ပုဂ္ဂလိကကုမ္ပဏီများစွာ ရှိကြပါတယ်။ ကျွန်တော်တို့ တနင်္သာရီတိုင်း ဒေသကြီး အတွင်းမှာတော့ မြေနေရာယူထားသော စီမံကိန်းလုပ်ငန်းကြီးအများစုမှာ ဆီအုန်း စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် မြေနေရာယူထားခြင်း ဖြစ်ပါတယ်။ လေးစားအပ် ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးလုပ်ငန်းကြီးများကို အကောင်အထည် ဖော်တဲ့နေရာ မှာတော့ စိုက်ပျိုးရေးလုပ်ငန်းကြီးများဟာ အမျိုးမျိုး ကွဲပြားလျက်ရှိကြပါတယ်။ အချို့ကုမ္ပဏီ များမှာ စိုက်ပျိုးရေးခွင့်ပြုထားသော စိုက်ပျိုးမြေများတွင် လုံးဝစိုက်ပျိုးမှု မရှိသေးခြင်း၊ အချို့ ကုမ္ပဏီများမှာ စိုက်ပျိုးရန် ခွင့်ပြုထားသော စိုက်ပျိုးမြေများပေါ်တွင် ရာနှုန်းအနည်းငယ်သာ စိုက်ပျိုးထားခြင်း၊ အချို့ကုမ္ပဏီများမှာ နှစ်စဉ်စိုက်ပျိုးရန် သတ်မှတ်ထားသော မြေဧကကို ပြည့်မီ အောင် စိုက်ပျိုးနိုင်ခြင်း၊ အချို့ကုမ္ပဏီများမှာ နောက်ဆုံးသတ်မှတ်ထားတဲ့ နှစ်အထိ ပြီးစီးအောင် မစိုက်ပျိုးနိုင်ခြင်း စသည့်ကုမ္ပဏီများ အမျိုးမျိုးရှိကြပါတယ်။ ဒီလို ဆောင်ရွက်နေခြင်းမျိုးကို သက်ဆိုင်ရာမှ စနစ်တကျ စိစစ်ဆောင်ရွက်ခြင်း ပြုလုပ်ပေးနိုင်ရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အကြံပြု တင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အချိန်ကာလကြာမြင့်ခြင်း၊ ငွေကြေးအရင်းအနှီး လွန်စွာကုန်ကျမှု များပြားခြင်းများလည်း ရှိကြတဲ့ အတွက် အခက်အခဲများစွာနဲ့ ရင်ဆိုင်ကြရပါတယ်။ စိုက်ပျိုးရေးလုပ်ငန်းကြီးများဟာ ရာနှုန်းပြည့် မအောင်မြင်နိုင်သေးတဲ့ အခက်အခဲများအနေနဲ့ကတော့ ဒေသအတွင်းမှာ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု မရှိခြင်း၊ လုပ်သားအင်အား ရှားပါးခြင်းနဲ့ တည်ငြိမ်မှုမရှိခြင်း၊ စက်ရုံများအတွက် လျှပ်စစ်ဓာတ်အား လုံလောက်မှု မရှိခြင်း၊ နိုင်ငံတော် ပံ့ပိုးမှုအဖြစ် မြေသာရရှိပြီးတော့ နိုင်ငံတော်မှ ငွေကြေးထောက်ပံ့မှု အားနည်းခြင်း၊ တစ်ချိန်က နယ်မြေအေးချမ်းမှု မရှိတဲ့အတွက် နယ်မြေ အေးချမ်းမှု မရှိတဲ့ စိုက်ပျိုးမြေများတွင် မစိုက်ပျိုးနိုင်ခြင်း၊ တချို့ကုမ္ပဏီများမှာ မိမိတို့ စိုက်ပျိုးခွင့် ရရှိသော မြေများပေါ်မှာ သစ်များကိုသာ ထုတ်ယူရောင်းချပြီး စိုက်ပျိုးရေးလုပ်ငန်းများကို ဆက်လက် မဆောင်ရွက်ခြင်းတို့ကြောင့် ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်တင်ပြချင်တာကတော့ စိုက်ပျိုးရန် မြေနေရာယူထားပြီး တရားဝင်လုပ်ကိုင်ခွင့် မရရှိသေးသော စိုက်ပျိုးရေးကုမ္ပဏီများအနေဖြင့် တောခုတ်ထွင်ရှင်းလင်းခြင်းကိုတော့ အလေးထား တင်ပြချင်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပမာတစ်ခုတင်ပြရလျှင် လွန်ခဲ့တဲ့ ၂၀၁၃ ခုနှစ် ဇွန်လအတွင်း ကျွန်တော့်ရဲ့ မဲဆန္ဒနယ်မြေဖြစ်တဲ့ ဘုတ်ပြင်းမြို့နယ် ပြည်ကြီးမဏ္ဍိုင်မြို့နယ်ခွဲအတွင်း Atro - Agro အမည်ရှိ ကုမ္ပဏီတစ်ခု ရောက်ရှိလာပြီး တရားဝင် ခွင့်ပြုချက် မရရှိသေးဘဲ ဆီအုန်း စိုက်ပျိုးရန်အတွက် ပျိုးခင်း ပြုလုပ်ရန်ဆိုပြီး တောကြီး ဧက(၁၀၀) ခုတ်ထွင်ခဲ့ပါတယ်။ ဒီလိုစတင်မခုတ်မီ သက်ဆိုင်ရာ မြို့နယ်၊ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးများနဲ့ သက်ဆိုင်ရာဌာနများကို ကျွန်တော်ကိုယ်တိုင် ၎င်းကုမ္ပဏီကို ခေါ်ယူပြီး တရားဝင် လုပ်ပိုင်ခွင့် ရရှိခြင်း ရှိ/မရှိ စစ်ဆေးရန် အကြံပြုခဲ့ပါတယ်။ သို့သော်လည်း ထိရောက်စွာ ခေါ်ယူမေးမြန်းခြင်း မပြုတဲ့အတွက် ၎င်းကုမ္ပဏီက မိမိလုပ်ချင်သလို လုပ်သွားခဲ့ ပါတယ်။ တောကြီး ဧက(၁၀၀) ခုတ်ပြီး မကြာခင်ရက်ပိုင်းအတွင်း ၎င်းကုမ္ပဏီ ပြောင်းရွှေ့သွားတဲ့

အတွက် ကျွန်တော်တို့ဒေသမှာ အကြောင်းမဲ့ တောဧက(၁၀၀) ပြုန်းတီးခဲ့တဲ့ ဖြစ်ရပ်မျိုးလည်း ကြုံရတဲ့အတွက် ကုမ္ပဏီများ တရားဝင်ခွင့်ပြုချက် ရ/မရ ကိုလည်း သက်ဆိုင်ရာမှ စနစ်တကျ စိစစ် ပေးရန် သက်ဆိုင်ရာသို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တိုက်တွန်းအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး တနင်္သာရီ တိုင်းဒေသကြီးအတွင်း အောင်မြင်ဖြစ်ထွန်းနေသော ဆီအုန်းစိုက်ပျိုးရေး အခြေအနေများကို ဆက်လက် တင်ပြသွားပါမယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး အတွင်းတွင် ၁၉၉၀ ခုနှစ်ဝန်းကျင်က ယခင်အစိုးရ အကြီးအကဲများမှ ပြည်တွင်းသွင်းကုန်အစားထိုး လုပ်ငန်းတစ်ရပ်အနေဖြင့် ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းကို တစ်နိုင်ငံလုံးအပေါ်မှာ ရေမြေရာသီဥတု အလွန်ကိုက်ညီတဲ့ တနင်္သာရီတိုင်းဒေသကြီးမှာ လက်တွေ့ကျကျ အင်တိုက်အားတိုက် အကောင် အထည်ဖော် ဆောင်ရွက်စေခဲ့ပါတယ်။ စီမံကိန်းလျာထားချက်အနေနဲ့ တစ်နိုင်ငံလုံး ဆီစားသုံးမှု ဖူလုံရန်အတွက် ဧက(၅)သိန်း စိုက်ပျိုးရာ၌ တနင်္သာရီတိုင်းသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီး ဖြစ်ရ မည် ဟူသော ရည်မှန်းချက်ဖြင့် ဆိုင်းဘုတ်ကြီးများကို တနင်္သာရီတိုင်းဒေသကြီး အနှံ့အပြားမှာ စိုက်ထူ အကောင်အထည် ဖော်စေခဲ့သဖြင့် တိုင်းရင်းသားလုပ်ငန်းရှင်ကြီးများက ပူးပေါင်းအကောင် အထည်ဖော် ဆောင်ရွက်ခဲ့ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ကျွန်တော့်အနေနဲ့ တနင်္သာရီ တိုင်းဒေသကြီးအတွင်း ဆီအုန်းစိုက်ဧကများနဲ့ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဆက်လက်တင်ပြပါမယ်။ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာ ဆီအုန်းစိုက်ပျိုးရန် ဧက(၅)သိန်း လျာထားလျက်ရှိပါတယ်။ ကုမ္ပဏီများနဲ့ ခြံငယ်ရှင်များရဲ့ စိုက်ဧက ဟာ (၃၅၅၂၃၂)ဧက ဖြစ်ပြီး ကုမ္ပဏီများရဲ့ စိုက်ဧက သတ်သတ်မှာ (၃၀၅၈၇၂)ဧက ဖြစ်ကြောင်း လေ့လာသိရှိရပါတယ်။ ဆက်လက်ပြီးတော့ ကျွန်တော့်အနေနဲ့ ခရိုင်အလိုက် ဆီအုန်းစိုက် ဧကများကို ဆက်လက် တင်ပြပါမယ်။ ထားဝယ်ခရိုင်အတွင်းတွင် ဆီအုန်းစိုက်ပျိုးထုတ်လုပ်တဲ့ ကုမ္ပဏီ(၅)ခုရှိပြီး စိုက်ဧက (၂၈၄၂၃)ဧက စိုက်ပျိုးလျက် ဆီသီးခူး ဧက(၁၆၀၅၉)ဧက ထွက်နှုန်း တစ်ဧကမှာ (၀.၄၁)တန် နှုန်းဖြင့် ဆီသီးခိုင်တစ်နှစ် (၆၅၃၆)တန်ထွက်ရှိပြီး မြိတ်ခရိုင် အတွင်းမှာတော့ ဆီအုန်း စိုက်ပျိုး ထုတ်လုပ်တဲ့ ကုမ္ပဏီ(၁၈)ခု ရှိပါတယ်။ စိုက်ဧက (၄၅၃၇၅)ဧက စိုက်ပျိုးလျက် ဆီသီးခူးဧက (၁၀၁၅၂)ဧက၊ အထွက်နှုန်းတစ်ဧကလျှင် (၀.၄၁)တန်နှုန်းဖြင့် ဆီသီးခိုင် တစ်နှစ်လျှင် (၄၃၀၈)တန် ထွက်ရှိပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ဆီအုန်းစိုက်ပျိုးရန် အကောင်းဆုံးနှင့် အဖြစ်ထွန်းဆုံးဒေသ ဖြစ်တဲ့ ကော့သောင်းခရိုင်အတွင်းမှာတော့ ဆီအုန်းစိုက်ပျိုး ထုတ်လုပ်တဲ့ ကုမ္ပဏီ(၁၇)ခု ရှိပါတယ်။ စိုက်ဧက (၂၈၁၄၃၄)ဧက စိုက်ပျိုးလျက် ဆီသီးခူးဧက (၇၆၆၇၆)ဧက၊ အထွက်နှုန်း တစ်ဧကလျှင် (၁.၈၃)တန်နှုန်းဖြင့် တစ်နှစ်ဆီသီးခိုင် (၁၄၀၅၀၃)တန် ထွက်ရှိနေပါတယ်။ တနင်္သာရီတိုင်းဒေသကြီး တစ်ခုလုံးအနေနဲ့ ဆီအုန်းစိုက်ပျိုးထုတ်လုပ်တဲ့ ကုမ္ပဏီ(၄၀)ခုနဲ့ စိုက်ပျိုးဧက (၃၅၅၂၃၂)ဧကရှိပြီး တစ်ဧကအထွက်နှုန်း (၁.၄၇)တန် ထွက်ရှိပြီး ဆီသီးခိုင် တစ်နှစ် တန်ချိန် (၁၅၁၃၄၇)တန် ထွက်ရှိ ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ဆက်လက်ပြီး တနင်္သာရီတိုင်းဒေသကြီး တစ်ခုလုံးအတွင်းရှိ ဆီကြမ်းစက်ရုံများရဲ့ တည်ဆောက်ပြီးစီးမှု အခြေအနေများကို ဆက်လက်တင်ပြပါမယ်။ တနင်္သာရီတိုင်းဒေသကြီး အတွင်းတွင် ဆီကြမ်းထုတ်လုပ်တဲ့စက်ရုံ (၁၄)ရုံ တည်ဆောက်ပြီးစီး ထုတ်လုပ်လျက်ရှိပါတယ်။ ခရိုင်အလိုက် တည်ရှိမှုကတော့ ကော့သောင်းခရိုင်အတွင်းမှာ (၈)ရုံ၊ မြိတ်ခရိုင်အတွင်းမှာ (၅)ရုံနဲ့ ထားဝယ်ခရိုင်အတွင်းမှာ (၁)ရုံ တည်ရှိပါတယ်။ ၎င်းစက်ရုံတွေကတော့ (၁)နာရီမှာ တန်(၆၀)ကျ စက်ရုံ(၁)ရုံ၊ တစ်နာရီတန် (၆၀)မှ (၁၂၀)ကျ စက်ရုံ (၁)ရုံ၊ တစ်နာရီ တန်(၃၀)မှ (၄၅)တန်ကျ စက်ရုံ (၁)ရုံ ၊ တစ်နာရီ တန်(၃၀)ကျ စက်ရုံ(၁)ရုံ၊ တစ်နာရီ (၁၅)တန်ကျ စက်ရုံ (၁)ရုံ၊ တစ်နာရီ (၅)တန်ကျ စက်ရုံ(၉)ရုံ တို့ ရှိကြောင်းကိုလည်း လေ့လာသိရှိရပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီးသည် မြန်မာနိုင်ငံ၏ ဆီအိုးကြီးဖြစ်ရမည်ဟူသော ဆိုင်းဘုတ်ကြီးကို လက်ရှိအကောင်အထည်ဖော်ပေးနေတဲ့ အခြေအနေကတော့ တည်ဆောက်ပြီးစီးပြီဖြစ်သော စားအုန်းဆီသန့်စက်ရုံ တစ်နှစ်တန် (၄၀၀)ကျ ယုဇန ဆီသန့်စက်ရုံ ရန်ကုန်နဲ့ တစ်နေ့တန် (၁၀၀)ကျ တောင်ဒဂုံ ဆီသန့်စက်ရုံ ရန်ကုန်တို့မှ မုန့်လုပ်ဆီ (Stearin Oil) (၉၅)ရာခိုင်နှုန်း၊ မုန့်လုပ်ဆီ (Shartening Oil) (၉၅)ရာခိုင်နှုန်း၊ ဆပ်ပြာချက်ဆီ (PFAD) (၁၀၀)ရာခိုင်နှုန်း၊ ဆပ်ပြာချက်ဆီ (Crude Palm Oil) (၁၀၀)ရာခိုင်နှုန်း၊ စာအုန်းဆီ (RBD Olein) (၃၀)ရာခိုင်နှုန်းတို့ကို ဖြည့်ဆည်းပေးလျက်ရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အလုပ်အကိုင်ရရှိမှု အခြေအနေကတော့ တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ဆီအုန်းစိုက်ပျိုးရေးလုပ်ငန်းများမှာ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း စသည့် နိုင်ငံ အနှံ့အပြားမှ စိုက်ပျိုးရေးလုပ်သား ဝန်ထမ်း(၁)သိန်းကျော်ကိုလည်း အလုပ်အကိုင် ရရှိစေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး အတွင်းတွင် ဆီအုန်းစိုက်ပျိုးမှု (၆၀)ရာခိုင်နှုန်းကျော် စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း တွေ့မြင်နိုင် ပါတယ်။ ကျွန်တော်ရဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ ဘုတ်ပြင်းမြို့နယ်အတွင်းနဲ့ ဘုတ်ပြင်း-ကော့သောင်း အကြားရှိ ပြည်ထောင်စုလမ်းမကြီးပေါ်တွင် အစီအရီတည်ရှိနေကြတဲ့ ယုဇနဆီအုန်းကုမ္ပဏီ၊ ပိုကောင်း ဆီအုန်းကုမ္ပဏီ၊ တောင်ဒဂုံဆီအုန်းကုမ္ပဏီ၊ Super One ဆီအုန်းကုမ္ပဏီတို့မှ (၈၀)ရာခိုင်နှုန်းမှ (၁၀၀)ရာခိုင်နှုန်းအထိ စိုက်ပျိုးပြီးစီးနေပြီ ဖြစ်ကြောင်းကိုလည်း လေ့လာသိရှိရပါတယ်။ ဆီအုန်း စိုက်ပျိုးရေးကုမ္ပဏီများရဲ့ ဒေသဖွံ့ဖြိုးရေး လုပ်ဆောင်မှုများအနေနဲ့ကတော့ ဆီအုန်း စိုက်ပျိုးရေး ကုမ္ပဏီများအနေနဲ့ ဒေသတွင်းလမ်းများ ဖောက်လုပ်ပေးခြင်း စာသင်ကျောင်း ဆေးရုံ၊ ဆေးခန်းနဲ့ ဘာသာရေး အဆောက်အဦ စေတီပုထိုးများလည်း ဆောက်လုပ်ပေးလျက်ရှိတာကို လေ့လာတွေ့ရှိရ ပါတယ်။ ဘုတ်ပြင်းမြို့ရဲ့ (၆)မိုင်အကွာမှာရှိတဲ့ တောင်ဒဂုံစိုက်ပျိုးရေး ဆီအုန်း စိုက်ပျိုးရေး ကုမ္ပဏီ အနေနဲ့ဆိုရင် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ (၁၀)မိုင်ကျော်သော ကတ္တရာလမ်း ခင်းပေးခြင်း လုပ်ငန်းများကို မိမိကုမ္ပဏီ အစီအစဉ်နဲ့ ဆောင်ရွက်ပေးခြင်းများကိုလည်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမှန်တကယ် စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည်မဖော်နိုင်သေးသော ကုမ္ပဏီများအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာသို့ အကြံပြုတင်ပြချင်တာကတော့ လုံးဝအကောင်အထည်ဖော်ခြင်း မရှိသေးသော ကုမ္ပဏီများအား နိုင်ငံတော်သို့ ပြန်လည်အပ်နှံစေခြင်း၊ နှစ်အလိုက် စိုက်ပျိုးဧက ပြည့်မီအောင် စိုက်ပျိုးရန်အတွက်

ဝန်ထမ်းကို တွန်းအားပေးခြင်း၊ လက်ရှိလုပ်ကိုင်နေသော ကုမ္ပဏီများအား ဥပဒေနဲ့အညီ စိုက်ပျိုးကာလ တိုးမြင့်ပေးခြင်းများ ပြုလုပ်ပေးသင့်ပါကြောင်း ဆွေးနွေးရင်း မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ၏ အဆိုအား ထောက်ခံဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၃း၅၇။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွှန့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၃း၅၇။**

**ဦးအောင်ကြည်ညွှန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးနဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ လေးစားစွာ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော့် အနေအထားနဲ့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)က ဦးလှဆွေ တင်သွင်းတဲ့ အဆိုကို မြေပြင်မှာ တကယ်ဖြစ်နေတဲ့ ဖြစ်စဉ်လေး တစ်ခုကို ထောက်ထားပြပြီးတော့ တင်ပြထောက်ခံ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ ဆွေးနွေးတဲ့ နေရာမှာ အချိန်တိုအတွင်းထဲမှာ ရှင်းလင်းလွယ်ကူစွာ ပြောနိုင်ဖို့ရာအတွက် ကျွန်တော်တို့ Power Point နဲ့ တင်ပြပေးဖို့ ကျွန်တော် ခွင့်တောင်းခံပါတယ်။ ကျွန်တော် အခု တင်ပြသွားမယ့် အခြေအနေကတော့ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ မုံရွာမှာ ယခုရှိတဲ့ အခြေအနေလေး ဖြစ်ပါတယ်။

အခု ကျွန်တော် တင်ပြထားတဲ့ မြေပုံက မုံရွာမြို့ရဲ့၊ မုံရွာတောင်ရပ်ကွက်မြေပုံရဲ့ အကွက်နံပါတ် (၆၈၃) ကတို့ကုန်း ဆိုတဲ့ ရွာတည်နေရာရဲ့ မြေပုံလေးဖြစ်ပါတယ်။ အဲဒီနေရာမှာ အလယ်အကွက်မှာ ကျွန်တော် ဖော်ပြထားတာကတော့ ခရိုင်အားကစားကွင်းအတွက် မူလတုန်းက ၂၀၀၇ ခုနှစ်တုန်းကစပြီးတော့ သိမ်းလိုက်တဲ့မြေကွက် ဖြစ်ပါတယ်။ အဲဒီမြေနေရာဟာ ကျွန်တော်တို့ ၁၉၇၂ ခုနှစ် ၈ လပိုင်း ၃၁ ရက်နေ့က အမိန့်ကြေညာစာအမှတ်၊ ၁၀၄၇၊ နောက် ၁၉၉၁ ခုနှစ် ၄ လပိုင်း ၂၄ ရက်နေ့က တ.ဝ.တ ရဲ့ အမှတ်စဉ် ၄ အစည်းအဝေး ဆုံးဖြတ်ချက်အပိုဒ် ၉၆ နောက် ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၁၉၉၈ ခုနှစ် ၇ လပိုင်း ၂၁ ရက်နေ့ နေ့စွဲပါ စာအမှတ်၊ ၁၀၀/၂၂ - ၅၆/ ဦး-၁ တို့ အရ ဒါဟာ လူနေအိမ်တွေ ဖြစ်ပြီးတော့ ဒါ မြို့မြေတွေ ဖြစ်ပါတယ်လို့ အတိအလင်း ပြဋ္ဌာန်းသတ်မှတ်ထားခဲ့တဲ့ မြေနေရာ ဖြစ်ပါတယ်။ အဲဒီမြေနေရာဟာ ကျွန်တော်တို့ ၂၀၀၇ ခုနှစ်ကို ရောက်လာတဲ့ အခါကျတော့ ၂၀၀၇ ခုနှစ်မှာ မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ အုပ်ချုပ်ရေးဦးစီးမှူး ဦးခင်မောင်ကျော် ရဲ့ စာနဲ့ အဆင့်မြင့် အားကစားကွင်း တည်ဆောက်ဖို့ ဆိုပြီးတော့ ပိုင်ရှင်ပေါင်း (၄၅)ဦးဆီကနေပြီး (၁၂.၅)ဧကကို ၂၁-၄-၂၀၀၇ ရက်နေ့မှာ အမိန့်ကြေညာစာနဲ့ သိမ်းယူ လိုက်ပါတယ်။ အဲဒီတော့ ကာယကံရှင်(၄၅)ဦးဟာ အဲဒီ အမိန့်ကြေညာစာလေးပဲ သူတို့လက်ထဲ ရောက်လာပါတယ်။ အဲဒီလို ရောက်လာပြီးတော့ ၂၀၀၇ ခုနှစ်မှာ သိမ်းတဲ့နေရာက နေပြီးတော့ တစ်ခါ ၂၀၀၉ ခုနှစ်ကို ရောက်လာတဲ့အခါကျတော့ ဒီဇင်ဘာလ ၂၀ ရက်နေ့မှာ စာအမှတ် ၅/၄၃-၂၂၂/၂၀၅ ဦး ၆ နဲ့ တ.ယ.က အတွင်းရေးမှူး ဦးမြအောင် ကနေပြီးတော့ Shwe Nagarmin Trading Company Limited ကို အားကစားကွင်း အပါအဝင် ကျွန်တော်တို့ နောက်ထပ် လူနေရာ အားကစားကွင်းနေရာကို ကျော်ပြီးတော့ နောက်ထပ် လူနေ အိမ်နေရာများကိုပါ

အဆင့်မြင့် အားကစားကွင်းနဲ့ ဟိုတယ် ဆောက်လုပ်ရန် သတ်မှတ်နေရာ ချပေးလိုက်ပါတယ် ဆိုပြီးတော့ ဂရန်ပိုင်ရှင် (၂၃)ဦးနဲ့ ကျွန်တော်တို့ ဘိုးဘွားပိုင် (၆)ဦး ထပ်ပြီးတော့ သိမ်းဆည်းခြင်း ခံခဲ့ရပါတယ်။ အဲဒီမှာ ဂရန်ပိုင်ရှင် (၂၃)ဦးကို ကျွန်တော်တို့ ကြည့်ကြည့်မယ်ဆိုရင် အစောဆုံး ၁၉၉၄ ခုနှစ်ကနေ နောက်အကျဆုံး ၂၀၀၆ ခုနှစ်အတွင်းမှာ ဂရန်မြေရရှိပြီးတော့ နေထိုင်တဲ့ အခြေခံ ပြည်သူလူထုတွေဖြစ်ကြောင်း တွေ့ရပါတယ်။ အဲဒီမှာ ၂၀၀၉ ခုနှစ် အဲဒီလို လုပ်ပြီး သိမ်းပြီးတဲ့အခါမှာ နောက်ထပ် ကျွန်တော်တို့ အဲဒီအဆင့်ကို ရောက်လာတဲ့ အခါကျတော့ ၂၀၁၀ ခုနှစ်မှာ တ.ယ.က ကနေပြီးတော့ ဥက္ကဋ္ဌ ဦးမြအောင် ကနေ Nagarmin Trading Company Limited ကို နည်းနည်းပိုတိုးလာပါတယ်။ အဲဒါ ဘာလဲဆိုတော့ Nagarmin Trading Company Limited ကနေပြီးတော့ ကျွန်တော်တို့ ဆောက်လုပ်ရေးအတွက်ဆိုပြီးတော့ ပထမ မြေတစ်ကွက်ကို နံပါတ်(၁)နေရာမှာ ချပေးလိုက်ပါတယ်။ ဧက (၄.၁၈) ဧကကို ဩဂုတ်လ ၂၀ ရက်နေ့မှာ ချပေး လိုက်ပါတယ်။

နောက် အဲဒီနေ့ တစ်နေ့တည်းမှာပဲ နောက်ထပ် စာနံပါတ်တစ်ခုနဲ့ အခု ဆက်ပြီး ဖော်ပြတဲ့ အခု အကွက်နံပါတ်(၂) ဆိုတဲ့ နေရာကို အဲဒီနေ့မှာပဲ ကျွန်တော် နောက်ထပ် စာနံပါတ် တစ်ခုနဲ့ ထပ်ပြီးတော့ ချပေးလိုက်တယ်။ အဲဒါကျတော့ (၄.၃၄)ဧက ရှိပါတယ်။ အဲဒီမှာ မြေပုံမှာ ကြည့်မယ်ဆိုရင် ကျွန်တော်တို့ အောက်ဘက်ပိုင်းမှာက ကျွန်တော်တို့ လ.ဝ.က ရုံးတွေ ရှိတယ်။ ဒီဘက်ထောင့်မှာ ကိုယ်ပိုင်ဆေးရုံတွေရှိတယ်၊ ပညာရေးရုံးတွေရှိတယ်။ အဲဒီတော့ မူလက သိမ်းထားတာကတော့ ကျွန်တော်တို့ ဘောလုံးကွင်းနေရာ ဆိုပြီးတော့ပဲ ဂရန်မြေ သိမ်းထားတာ ချပေးလိုက်တဲ့အခါကျ အဲဒီဘေးမှာရှိတဲ့ ကျွန်တော်တို့ လူနေအိမ်ရာတွေအတွက်ထိပါ ချပေး လိုက်ပါတယ်။ တစ်ခါ အဲဒီနေ့ ရက်စွဲနဲ့ပဲ နောက်ထပ်(၄.၉၂)ဧကကို ထပ်ပြီးတော့ ချပေးလိုက် ပါတယ်။ Shwe Nagarmin Trading Company ကနေပြီးတော့ အဲဒါ ဆက်ပြီးတော့ ဘောလုံးကွင်းဧရိယာအတွက်ဆိုပြီး ချပေးလိုက်ပြန်တယ်။ နောက်တစ်ခါ ဒီလောက်နဲ့တင် ရပ်မသွား ဘဲနဲ့ ကျွန်တော်တို့ နောက်ထပ်ကျန်နေတဲ့ ဧရိယာတွေဖြစ်တဲ့ အကွက်နံပါတ်(၄)ဆိုပြီးတော့ ဩဂုတ်လ ၂၇ ရက်နေ့မှာ အကွက်နံပါတ်(၄)ကို (၄.၅၀၇)ဧကကိုလည်း ထပ်ပြီးတော့ ချပေးလိုက် ပါတယ်။ အဲဒီကျတော့ ဘာပါတိုးလာသလဲဆိုတော့ အဲဒီနေရာတွေက အဆင့်မြင့်ဟိုတယ် တည်ဆောက်ရန်ဆိုတဲ့ အကြောင်းပြချက်နဲ့ ချပေးလိုက်ပါတယ်။ နောက် အဲဒီနေ့ရက်စွဲမှာပဲ နောက်ထပ် (၄.၃၅၄)ဧကကို အကွက်နံပါတ်(၅)အနေနဲ့ ထပ်ပြီးတော့ မြေနေရာ ချပေးလိုက် ပါတယ်။ အဲဒီလို မြေနေရာ ချပေးလိုက်တဲ့ စာတွေရဲ့ နောက်ဆုံး မြေနေရာချပေးတဲ့ နမူနာတစ်ခုကို ကြည့်လိုက်မယ်ဆိုရင် ကျွန်တော်တို့ ဒီ တိုင်းဒေသကြီး အေးချမ်းသာယာရေးကော်မတီကနေပြီးတော့ ရွှေနဂါးမင်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် မုံရွာကို ချပေးလိုက်တဲ့ မြေကွက်တစ်နေရာ ချပေးခြင်းကိစ္စ ဆိုပြီးတော့ ကျွန်တော်တို့ စာထုတ် ပေးထားတာရှိပါတယ်။ အဲဒီ စာထုတ်ပေးထားတဲ့ အဲဒီမှာ အဲဒါလေးပါပဲ သူက ဘာတုန်းဆိုတော့ မြေကွက်တစ်ကွက် နေရာချထားပေးလိုက်တယ် ဆိုပြီးတော့ ရွှေနဂါးမင်းဆောက်လုပ်ရေးကုမ္ပဏီနဲ့ အားကစားအဖွဲ့ဝင်တွေ၊ ပရိသတ်တွေ တည်းနိုင်ရေး အတွက် အဆင့်မြင့်ဟိုတယ် တည်ဆောက်ဖို့ ဆိုပြီးတော့ ချပေးလိုက်ပါတယ်။ အဲဒီလို ချပေးလိုက်တဲ့အခါမှာ စည်းကမ်းချက်(၃)ခုပါတာ တွေ့ရပါတယ်။ အဲဒီ စည်းကမ်းချက်(၃)ခုကို ကျွန်တော်တို့ အကျယ်ချဲ့ ပြီးတော့ ဖော်ပြထားတာ ရှိပါတယ်။

အဲဒီ စည်းကမ်းချက် (၃)ခုမှာ (က)က မြို့ပြအင်္ဂါရပ် နယ်မြေအနေအထားနဲ့ ကိုက်ညီတဲ့ အဆင့်အတန်းမီတဲ့ အဆောက်အဦ ဆောက်လုပ်ဖို့ (ခ)က (၃)လအတွင်း ဝန်းခြံခတ်ပြီးတော့ (၆)လ အတွင်း အဆောက်အဦ ဆောက်လုပ်ပြောင်းရွှေ့ဖို့၊ (ဂ)က အထက်ပါ စည်းကမ်းများအား လိုက်နာမည် ဖြစ်ကြောင်းနှင့် ပျက်ကွက်ပါက မြေကွက် ပြန်လည်သိမ်းယူခြင်း ခံရမည်ဖြစ်ကြောင်း သဘောတူညီမှု ရှိပြီးဖြစ်တယ် ဆိုပြီးတော့ ဒီ စည်းကမ်းချက် ထုတ်ပေးလိုက်တာ ဖြစ်ပါတယ်။ အဲဒီလို စည်းကမ်းချက်နဲ့ ထုတ်ပေးလိုက်တဲ့အတွက် အဆိုရှင် မူလက တင်ပြတဲ့ နဂိုစီမံကိန်းတွေ အတိုင်း အကောင်အထည် မဖော်ဘူးဆိုရင် ပြန်လည်သိမ်းယူပြီးဆိုတဲ့ ကိစ္စရပ်ဟာလည်းပဲ ဒီလို စည်းကမ်းချက်မျိုးရှိရင် အကျုံးဝင်ကြောင်း တွေ့ရပါတယ်။

အဲဒီတော့ ဒီလို ထုတ်ပေးလိုက်ပြီးတဲ့အခါကျတော့ ဘာတွေ ဖြစ်လာလဲဆိုတော့ လက်ရှိ အခြေအနေမှာ တကယ်ပဲ အဲဒီလို အဆောက်အဦတွေ ဆောက်သလားဆိုတော့ ၂၀၀၉ ခုနှစ် ၂၀၁၀ ကနေ စပြီးတော့ ခုချိန်ထိ ဒီနေရာမှာ ဘာမှ အဆောက်အဦ ဆောက်ထားနိုင်တာ မရှိသေးဘူးလို့ ဒေသခံတွေ ပြောလာပါတယ်။ အဲဒီတော့ ဒီချိန်ကျမှ ဘာပြောင်းလိုက်လဲဆိုတော့ အဆင့်မြင့်အိမ်ရာ စီမံကိန်းဆိုပြီးတော့ ဗီနိုင်းဆိုင်းဘုတ်တွေ ချိတ်ပြီးတဲ့အခါ မြေတွေကို အကွက်ဖော်ပြီးတော့ ပြန်လည် ရောင်းစားနေတဲ့ အခြေအနေမျိုးမှာ ရှိတယ်လို့ ကျွန်တော်တို့ ဒေသခံတွေဆီက သိရပါတယ်။ အဲဒီတော့ ဒီနေရာမှာ ဘာသွားတွေ့ရလဲဆိုတော့ မူလအဆိုရှင် တင်ပြတဲ့အတိုင်း ပထမဆုံးတုန်းက ချလိုက်တဲ့ စီမံကိန်းကို မလုပ်ဖြစ်တဲ့အခါ နောက်ထပ် စီမံကိန်းနာမည် ပြောင်းတယ်။ နောက်တစ်မျိုးကို ပြောင်းတယ်။ တစ်ခါ နောက်ထပ် စီမံကိန်းတစ်ခုကို ထပ်ပြီးလုပ်တဲ့အခါမှာလည်းပဲ တကယ်တမ်း အကောင်အထည်ဖော် ဆောင်ရွက်တဲ့ အနေအထားမျိုး မရှိရင် စီမံကိန်းပြောင်းပြီးတော့ပဲ ဆက်ပြီး တော့ ပေးလိုက်တယ်ဆိုတဲ့ အနေအထားမျိုးကို တွေ့ရပါတယ်။

တွေ့တော့ ဒီလို ဖြစ်စဉ်မျိုးမှာဆိုရင် ကျွန်တော်တို့ အခြေခံပြည်သူတွေ အနေအထား နဲ့က ဂရန်တွေလည်း ရှိနေကြတယ်။ သူတို့ ပိုင်ဆိုင်ထားတဲ့ အနေအထားဆို ဖွဲ့စည်းပုံအခြေခံ ဥပဒေရဲ့ ကျွန်တော်တို့ အခန်း(၈)မှာ ဖော်ပြထားတဲ့ ပြဋ္ဌာန်းထားပြီးသားဖြစ်တဲ့ နိုင်ငံသားများရဲ့ အခွင့်အရေးကို ဖော်ပြထားတာ ရှိပါတယ်။ အဲဒါက ဘာလဲဆိုတော့ ကျွန်တော်တို့ နိုင်ငံသားများရဲ့ တရားဝင်ပိုင်ဆိုင်ထားတဲ့ ရွှေ့ပြောင်းနိုင်တဲ့ပစ္စည်း၊ မရွှေ့မပြောင်းနိုင်တဲ့ပစ္စည်းကို နိုင်ငံတော်က ကာကွယ်ပေးရပါမယ်။ နိုင်ငံတော်ရဲ့ လုံခြုံရေးကို၊ ပြည်သူတို့ရဲ့ လုံခြုံရေးကို နိုင်ငံတော်ကနေပြီး ကာကွယ်စောင့်ရှောက်ပေးပါမယ်လို့ ကျွန်တော်တို့ ပုဒ်မ ၃၅၆၊ ၃၅၇ မှာ ဖော်ပြထားတာဟာ အဟောသိကံ ဖြစ်နေသလို ဖြစ်နေပါတယ်။ အဲဒီတော့ ဒီလိုအခြေအနေမျိုးကို ပြန်ကြည့်လိုက်တဲ့ အခါမှာ စီမံကိန်းကို အမျိုးမျိုးကိုပြပြီးတော့ ကုမ္ပဏီငယ်/လတ်/ကြီးတွေကို ပေးတဲ့နေရာမှာ အခြေခံနေထိုင်ကြတဲ့ ပြည်သူတွေရဲ့အနေအထားမျိုးကတော့ စာလေးတစ်ရွက် ရောက်လာပြီးတော့ ဘဝပျက်ရတဲ့ အနေအထားမျိုးမှာ အချို့ပုဂ္ဂိုလ်များမှာကတော့ ဘယ်လိုဖြစ်နေလဲဆိုရင် ဘယ်လိုပဲ ပြောင်းလဲသွား ပြောင်းလဲသွား ပြန်လည်ရောင်းစားနိုင်တဲ့ အကျိုးကျေးဇူးတွေနဲ့ လူနပ်များသာ ချမ်းသာတဲ့ခေတ်ကို ကျွန်တော်တို့ ဖြတ်သန်းနေခဲ့ရတယ်ဆိုတာ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော့်အနေအထားနဲ့ တင်ပြချင်တာကတော့ တရားဥပဒေနဲ့ ညီညီညွတ်ညွတ် မဟုတ်ဘဲနဲ့ တရားမျှတမှုလည်း မရှိဘဲ သိမ်းဆည်းထားတဲ့ ကိစ္စရပ်များတွေမှာဆိုရင် စီမံကိန်း အကောင်အထည်

မပေါ်ခဲ့ရင် မူလပိုင်ရှင်တွေကို ပြန်ပေးဖို့နဲ့ အဲဒီလိုအခြေအနေမျိုး မဟုတ်ဘဲနဲ့ သိမ်းဆည်းထားပြီးတော့ စီမံကိန်း မအောင်မြင်ခဲ့တာ သို့မဟုတ် အကောင်အထည် မဖော်နိုင်တာဆိုရင်တော့ နိုင်ငံတော်ရဲ့ အကျိုးစီးပွားအတွက် အဆိုရှင် တင်ပြထားတဲ့အတိုင်း ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များကို တရားဝင် အလုပ်လုပ်မယ့်သူတွေ ချပေးပါဆိုတဲ့ အဆိုကို ကျွန်တော် ထောက်ခံပါတယ်။

ဒါကြောင့် ကျွန်တော်တို့ လက်ရှိအနေအထားမျိုးနဲ့ဆိုရင် ကျွန်တော်တို့က ဘယ်လိုခေါ်မလဲဆိုတော့ တစ်ဦးတစ်ယောက်က တချို့အခြေခံပြည်သူတွေက စာတစ်ရွက်နဲ့ ဘဝပျက်နေကြသလို တချို့ ပြည်သူတွေများကျတော့ လူနပ်များသာ ချမ်းသာတဲ့ခေတ်ကနေ ကျွန်တော်တို့ ရုန်းကန်ထရမယ့် လက်ရှိနိုင်ငံရဲ့အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်တဲ့အတွက် အဆိုရှင်ရဲ့ အဆိုကို လေးလေးနက်နက် ထောက်ခံပါကြောင်းတင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၄း၀၇။**

**ဥက္ကဋ္ဌ။** ။ အဆိုနှင့် စပ်လျဉ်းပြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး က ပြန်လည်ဆွေးနွေးရန်ရှိပါက ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၄း၀၇။**

**ဦးအုန်းသန်း (ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး မကွေးတိုင်းမဲဆန္ဒနယ် အမှတ်(၁၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးလှဆွေ ရဲ့ အဆိုအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၊ သစ်တောရေးရာဝန်ကြီးဌာနများရဲ့ ဖြေကြားချက်များကို ကျွန်တော့်အနေနဲ့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးကိုယ်စား ရှင်းလင်းတင်ပြခွင့်ပြုပါရန် တင်ပြအပ်ပါတယ်။

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ တနင်္သာရီတိုင်းဒေသကြီးအတွင်း ယခင် အစိုးရကာလ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုအဖွဲ့ရဲ့ ခွင့်ပြုမိန့်ဖြင့်လည်းကောင်း၊ ယခင်အစိုးရကာလ ဒေသအာဏာပိုင်၏ ခွင့်ပြုမိန့်ဖြင့်လည်းကောင်း၊ ယခင်အစိုးရကာလ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုအဖွဲ့၏ ကြိုတင်ခွင့်ပြုမိန့်ဖြင့်လည်းကောင်း၊ ယခင် အစိုးရကာလ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်ဖြင့်လည်းကောင်း ဆီအုန်းစိုက်ပျိုးရန်အတွက် ကုမ္ပဏီများအား မြေယာလုပ်ကိုင်ခွင့်များကို ချထားပေးခဲ့ပြီး အောက်ပါအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ (က) ယခင် အစိုးရကာလ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ချထားပေးခဲ့တဲ့ မြေဧရိယာ (၁၈၅၁၃၆)ဧကမှာ (၁၅၇၅၆၈)ဧက စိုက်ပျိုးခဲ့ပြီး၊ စိုက်ပျိုးရန် ကျန်ဧရိယာ (၂၇၅၆၈)ဧကရှိကြောင်း သိရှိရပါတယ်။ (ခ) ယခင်အစိုးရကာလ ဒေသအာဏာပိုင်များ၏ ကြိုတင်ခွင့်ပြုချက်ဖြင့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းနှင့် သစ်တောကြိုးဝိုင်းဧရိယာ အတွင်းတို့မှ စုစုပေါင်း (၆၆၉၁၆၆)ဧက ချထားပေးခဲ့ကြောင်း တွေ့ရှိရပြီး၊ (၁၄၃၂၈၄)ဧက စိုက်ပျိုးခဲ့ပြီး ဖြစ်၍ စိုက်ပျိုးရန်ကျန် ဧရိယာ(၅၂၅၈၈၂)ဧက ဖြစ်ကြောင်း သိရှိရပါတယ်။ (ဂ) ယခင်အစိုးရကာလ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုအဖွဲ့ရဲ့ ၂၁-၂-၁၉၉၄ ရက်စွဲပါ ကြိုတင်

ခွင့်ပြုချက်ဖြင့် အောင်ဇင်မာ အင်တာပရိုက်အား ဧရိယာ(၅၀၀၀)ဧကေ ချထားပေးခဲ့ကြောင်း တွေ့ရှိရပြီး၊ အပြည့်အဝ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရှိရပါတယ်။ (ဃ) ယခင် အစိုးရကာလ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်က ၃၀-၁၀-၂၀၁၀ ရက်နေ့မှာ Auto Industrial Group - Republic of Korea သို့ မြေဧရိယာ (၁၃၃၆၀၀)ဧကေချထားပေးခဲ့ကြောင်း တွေ့ရှိရပြီး၊ (၂၀)ဧကသာ စိုက်ပျိုးပြီးကြောင်း သိရှိရပါတယ်။ တနင်္သာရီတိုင်းဒေသကြီးအတွင်းတွင် ကုမ္ပဏီ(၄၁)ခုအား ဆီအုန်း စိုက်ပျိုးရန် စုစုပေါင်း ခွင့်ပြုပေးခဲ့တဲ့ ဧရိယာ(၉၉၂၉၀၂)ဧကရှိပြီး၊ စိုက်ပျိုး ပြီးစီးမှုမှာ (၃၀၅၈၇၂) ဧကသာ ရှိသဖြင့်၊ စိုက်ပျိုးရန် ကျန်ဧရိယာ (၆၈၇၀၃၀)ဧက ရှိကြောင်း သိရှိရပါတယ်။

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်အရ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ အဆိုမှာ ဖော်ပြပါရှိတဲ့ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်အတွင်းရှိ ကုမ္ပဏီများမှ အောက်ပါအတိုင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါတယ်။ ကုမ္ပဏီ(၁၉)ခုအနေနဲ့ ခွင့်ပြုခဲ့တဲ့ ခုနှစ်က ၁၉၉၉ ခုနှစ်ကနေ့ပြီးတော့ ၂၀၁၀ခုနှစ် အထိ ခွင့်ပြုခဲ့ပါတယ်။ ခွင့်ပြုခဲ့တဲ့ ဧရိယာပေါင်းက (၇၁၁၄၃၀)ရှိပြီးတော့၊ စိုက်ပျိုးပြီးဧရိယာက (၃၂၃၇၃၃)ဧက ဖြစ်ပြီး၊ စိုက်ပျိုးရန်ကျန်တဲ့ ဧရိယာက (၄၁၇၆၉၇)ဧကရှိကြောင်း တွေ့ရှိရပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီး အဆိုပြုတင်ပြချက်တွင် ပါဝင်သော ဆီအုန်းအနစ်နာခံ စိုက်ပျိုးကြသောကြောင့် အခွင့်အရေးပေးသည့်အနေနဲ့ ယခင်အစိုးရကာလ စက်ယန္တရားများ၊ ကားများ စသည့် တန်ဖိုးကြီးပစ္စည်းများကို အကောက်အခွန်လွတ် တင်သွင်းခွင့်ပြုခဲ့ကြောင်း ဖော်ပြချက်နှင့် ပတ်သက်၍ ယခင်အစိုးရကာလ တင်သွင်းခွင့် ခွင့်ပြုမိန့် ထုတ်ပြန်ပေးခဲ့သူများနှင့် ယင်း အခွင့်အရေးကို ရရှိခဲ့သူများသာ သိရှိနိုင်မည်ဖြစ်ပြီး အထောက်အထား ခိုင်မာစွာရှာဖွေရန် ခက်ခဲမည် ဖြစ်ပါတယ်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနရဲ့ ဖြေကြားချက်အရ သစ်တောမြေ ကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများအတွင်းမှာ အသုံးပြုခွင့် ရရှိထားခဲ့ကြသော ကုမ္ပဏီများမှ သတ်မှတ်ကာလအတွင်း လျာထားချက်ပြည့်မီစွာ စိုက်ပျိုးတည်ထောင်ခြင်း မရှိသည့် အချက်အလက် အထောက်အထားများအား သက်ဆိုင်ရာ သစ်တောဦးစီးဌာနက စိစစ်ပြုစုလျက်ရှိနေပြီး၊ ပြည့်စုံစွာ ရရှိပါက ယင်းမြေများကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ ဥပဒေနှင့် ညီညွတ်စွာဖြင့် ဆက်လက်အရေးယူဆောင်ရွက်သွားရန်ရှိကြောင်း သိရှိရပါတယ်။

နိုင်ငံတော်ရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော် စီးပွားဖွံ့ဖြိုးတိုးတက်ရေး အတွက် ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ၂၀၁၂ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ် ၁၀ ဖြင့် နိုင်ငံတော် သမ္မတက ၃၀-၃-၂၀၁၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး ဖြစ်ပြီး၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူ အတည်ပြုချက်အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး နည်းဥပဒေများကို လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ်၊ ၁/၂၀၁၂ ဖြင့် ၃၁-၈-၂၀၁၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၃ အရ နိုင်ငံတော် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြု၍ စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းနဲ့ အစိုးရက ခွင့်ပြုထားတဲ့ ဥပဒေနှင့် ညီညွတ်သည့်

C:\Users\user\Desktop\meeting\...\7-2013\29-7-2013 (15th) Meetting\29-7-2013 (15th) Meeting.docx

အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချ စီမံဆောင်ရွက် နိုင်ရန် နိုင်ငံတော်သမ္မတရုံး၏ ၁၂-၉-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၆၆/၂၀၁၂ ဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၁၇ အရ နိုင်ငံတော် စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို ထိရောက်မှန်ကန်စွာ အသုံးချ စီမံဆောင်ရွက်နိုင်ရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နဲ့ စပ်လျဉ်း၍ တင်ပြလာတဲ့ ကိစ္စရပ်များအတွက် စိစစ်သုံးသပ်ခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းများကို လုပ်ကိုင်နိုင်ရန် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီ၏ ၁၈-၁၀-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၂ ဖြင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး လုပ်ငန်း အဖွဲ့များကိုလည်း ဖွဲ့စည်းပေးခဲ့ပြီး ဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၂၁၊ ၂၂ မှာ အောက်ပါအတိုင်း ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။

ပုဒ်မ ၂၁ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူက ဤဥပဒေပါ စည်းကမ်းချက် တစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း တွေ့ရှိလျှင် မူလပေးသွင်းထားသော အာမခံကြေးကို နိုင်ငံတော် ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းမည့်အပြင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကိုလည်း ပြန်လည်ရုပ်သိမ်းပိုင်ခွင့် ရှိသည်။ ပုဒ်မ ၂၂ ဤဥပဒေ မပြဋ္ဌာန်းမီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုအဖွဲ့၏ ခွင့်ပြုမိန့်အရ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသော ပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများသည် (က) ခွင့်ပြုမိန့် ရရှိထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ဧရိယာ၊ ခွင့်ပြုမိန့် ထုတ်ပြန်သည့် ရက်စွဲနှင့် စာအမှတ်တို့ကို ပြည့်စုံစွာ ဖော်ပြပြီး အမှန်တကယ်ဖော်ထုတ်လုပ်ကိုင် အသုံးပြုပြီးသောဧရိယာနဲ့ ကျန်ရှိသောဧရိယာ တို့ကို အထောက်အထား ခိုင်လုံစွာဖြင့် ဓာတ်ပုံမှတ်တမ်းများ ပူးတွဲလျက် မှတ်တမ်းပြုစုပြီး ဗဟိုကော်မတီသို့ တင်ပြရမည်။ (ခ) ဖော်ထုတ်လုပ်ကိုင် အသုံးပြုပြီးဖြစ်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ နှင့် စပ်လျဉ်း၍ ဤဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ (ဂ) မူလခွင့်ပြုကာလ ထက် ကျော်လွန်သည်အထိ ဖော်ထုတ်လုပ်ကိုင် အသုံးပြုခြင်း မရှိသေးသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို နိုင်ငံတော်က ပြန်လည်သိမ်းယူပြီး ဖြစ်သည်ဟု မှတ်ယူရမည်။ (ဃ) မူလခွင့်ပြုကာလအတွင်း သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ရန် ပျက်ကွက်ကြောင်း သို့မဟုတ် စည်းကမ်းချက်ကို ချိုးဖောက်ကြောင်း တွေ့ရှိပါက အာမခံကြေးကို နိုင်ငံတော် ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းခံရမည့်အပြင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို ပြန်လည်ရုပ်သိမ်းခြင်း ခံရမည်ဟု တိကျစွာ ပြဋ္ဌာန်းထားရှိပြီး ဖြစ်ပါတယ်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားသော ပုဂ္ဂိုလ်၊ ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် အထက်ဖော်ပြပါ ဥပဒေနှင့်အညီ တိကျစွာ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ကြရမည်သာ ဖြစ်ပါသည်။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားပြီးသူများနှင့် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားလိုသူများအနေဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များအား သိရှိလိုက်နာကျင့်သုံး ဆောင်ရွက်နိုင်စေရေးအတွက် ဥပဒေ၊ နည်းဥပဒေပါ စာအုပ်များကို နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်မြေစာရင်း ဦးစီးဌာနများနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ စာပေဗိမာန်အရောင်းဆိုင်များမှာ

စာအုပ်(၁)အုပ်လျှင် (၇၀၀)ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ကြောင်း ၁-၇-၂၀၁၃ ရက်နေ့ထုတ် နိုင်ငံပိုင် သတင်းစာများနဲ့ လယ်ယာ/စီးပွားဂျာနယ်တို့မှ ကြေညာပေးခဲ့ပြီး ဥပဒေ၊ နည်းဥပဒေပါ စာအုပ်များကို အဆိုပါ နေရာဌာနများ၌ လွတ်လပ်စွာဖြင့် ဝယ်ယူခွင့် ပြုပေးလျက်ရှိပါသည်။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် နယ်မြေအလိုက် ပကတိမြေပြင် အခြေအနေမှန်များအား တိကျစွာ စစ်ဆေးစိစစ်ဆုံးဖြတ်ပေးနိုင်မည့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များကိုယ်တိုင် ဥက္ကဋ္ဌတာဝန်ဖြင့် ဦးဆောင်ပါဝင်သည့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့များကိုလည်း ခိုင်မာစွာဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးလည်း ဖြစ်ပါတယ်။

ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၄၈(က)မှာ တိုင်းဒေသကြီးတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပြည်နယ်တွင် ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းထားရှိသည်ဟု ဖော်ပြပြဋ္ဌာန်း ထားရှိချက်နှင့်အညီ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သော ဥပဒေအရ တိုင်းဒေသကြီး၊ ပြည်နယ်အတွင်း ဖြစ်ပေါ်လာတဲ့ ကိစ္စရပ်များ၊ ဥပဒေနှင့်အညီ မှန်ကန်စွာစိစစ် စစ်ဆေးအရေးယူဆောင်ရွက်ပေးမည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ယုံကြည်စွာ အာဏာအပ်နှင်းထားရှိသည့် အစိုးရအဖွဲ့အစည်းများ၏ ဝန်ကြီးချုပ်များကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ပါဝင်တဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးလုပ်ငန်းအဖွဲ့က တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် မြေပြင်ပကတိ အခြေအနေမှန်အတိုင်း ဥပဒေကြောင်းအရ ကွင်းဆင်းစိစစ်ဆုံးဖြတ် အရေးယူဆောင်ရွက်ပေးသွားကြရမည်ဖြစ်ပါသည်။

ယခုအစိုးရသစ်ကာလတွင် ဖွဲ့စည်းထားရှိပြီးဖြစ်သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီအနေဖြင့် ယခင်အစိုးရကာလက ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟို အဖွဲ့၏ ခွင့်ပြုမိန့်များအရ လည်းကောင်း၊ ယခင် အစိုးရကာလ ဒေသအာဏာပိုင် ကြိုတင်ခွင့်ပြုချက်များအရ လည်းကောင်း၊ ယခင်အစိုးရကာလ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်များဖြင့်လည်းကောင်း၊ ယခင် အစိုးရကာလမြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ ခွင့်ပြုချက်များဖြင့်လည်းကောင်း ခွင့်ပြုမိန့် အသီးသီးချထားပေးမှုများအရ လုပ်ပိုင်ခွင့် ရရှိထားခဲ့ကြသော ကုမ္ပဏီနှင့် အဖွဲ့အစည်းများမှ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာမှာ စည်းကမ်းချက်များကို ချိုးဖောက်ခြင်း၊ စည်းကမ်းချက်များနှင့် အညီဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ ပြဋ္ဌာန်းထားရှိပြီးဖြစ်သော ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီမှု မရှိခြင်းများအပေါ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိကျမှန်ကန်စွာ ဖော်ထုတ်အရေးယူဆောင်ရွက်သွားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ ဆက်လက်တင်ပြ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အထက်တွင် တင်ပြခဲ့သည့်အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားရှိပြီးဖြစ်သော တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် အစိုးရအဖွဲ့များသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိထားမှုများအား အမှန်တကယ် အကောင်အထည်ဖော်

ဆောင်ရွက်ခြင်း ရှိ/မရှိ၊ မြေပြင်ပကတိ အခြေအနေမှန်ကို ဥပဒေ၊ နည်းဥပဒေနှင့် ညီညွတ်စွာ ကိုက်ညီစိစစ်ပြီး၊ ကိန်းဂဏန်း စာရင်းဇယား တိကျမှန်ကန်စွာ ပြုစု၍ ပြည်ထောင်စု အစိုးရအဖွဲ့သို့ တင်ပြကြရန်လည်း အဓိကလိုအပ်ချက်ဖြစ်ပါသည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေဖြင့်လည်း သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ကုမ္ပဏီများအနေဖြင့် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရယူထားကြသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ၏ မြေပြင်ပကတိ အခြေအနေမှန်ကို စိစစ်စစ်ဆေး ဖော်ထုတ် တင်ပြမှု အပေါ်တွင် အတည်ပြုပြဋ္ဌာန်းပြီးဖြစ်တဲ့ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအရ ဆက်လက်အရေးယူ ဆောင်ရွက်သွားနိုင်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များသို့ ဥပဒေနှင့်ညီညွတ်စွာ ဆောင်ရွက်ကြရေးအတွက် ညှိနှိုင်းဆောင်ရွက်ခြင်းများကိုလည်း မျက်ခြေမပြတ် ဆောင်ရွက်သွားမည် ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး၏ နိုင်ငံတော်တစ်ဝန်းတွင် စီမံကိန်းလုပ်ငန်း အမျိုးမျိုးပြ၍ မြေနေရာ ရယူထားသော ပုဂ္ဂလိက ကုမ္ပဏီ ငယ်/လတ်/ကြီး တို့ဖြင့် အမည်ပေါက် ပိုင်ဆိုင်ထားမှုတွင် အမှန်တကယ်စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည် မဖော်နိုင်ပါက ပြန်လည်သိမ်းယူပြီး အမှန်တကယ်လုပ်ကိုင်ဆောင်ရွက်မယ့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူ များအား ချထားပေးရန် နိုင်ငံတော်အစိုးရသို့ တိုက်တွန်းကြောင်း အဆိုနှင့် ပတ်သက်၍ နိုင်ငံတော် တွင် အလုပ်အကိုင်အခွင့်အလမ်းများနှင့် မြေကို အသုံးချ၍ အမှန်တကယ် ဝင်ရောက်လာမည့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံဖို့အတွက် လိုအပ်ချက်လုပ်ငန်းဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ် ပါတယ်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၄း၂၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးလှဆွေ တင်သွင်းတဲ့ နိုင်ငံတစ်ဝန်းတွင် စီမံကိန်းလုပ်ငန်း အမျိုးမျိုးပြ၍ မြေနေရာ ရယူထားသော ပုဂ္ဂလိကကုမ္ပဏီ ငယ်/လတ်/ကြီးတို့ဖြင့် အမည်ပေါက် ပိုင်ဆိုင်ထားမှုတွင် အမှန်တကယ် စီမံကိန်းလျာထားချက်အတိုင်း အကောင်အထည် မဖော်နိုင်ပါက ပြန်လည်အပ်နှံစေပြီး အမှန်တကယ် လုပ်ကိုင်ဆောင်ရွက်မည့် ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံလိုသူများအား ချထားပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို အတည်ပြုရန် သဘောတူ/မတူ လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူပါမယ်။

လွှတ်တော်ရဲ့ အဆုံးအဖြတ် ရယူရာတွင် အမျိုးသားလွှတ်တော် ဆိုင်ရာ နည်းဥပဒေ ၁၇၊ နည်းဥပဒေခွဲ(တ)၊ နည်းဥပဒေခွဲငယ်(၁)အရ စက်ခလုတ် အသုံးပြု၍ လျှို့ဝှက်စွာ ဆန္ဒပြုသည့် နည်းလမ်းဖြင့် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ရဲ့ ဆန္ဒရယူပါမယ်။ ဆန္ဒမဲပေးကြဖို့ အသင့်ရှိစေလိုပါတယ်။ ဆန္ဒမဲ ပေးနိုင်ကြပါပြီ။ ထောက်ခံ (၁၆၃)၊ ကန့်ကွက်(၁)၊ ကြားနေ(၂)မဲ ဖြစ်ပါတယ်။

ထောက်ခံဆန္ဒမဲ များတဲ့အတွက် ဦးလှဆွေ ရဲ့ အဆိုကို အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၁၅)ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၁၆)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄း၂၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့အစီအစဉ် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၄း၂၆။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို (၁၄း၂၆)နာရီအချိန်တွင် ရပ်နားပါသည်။]